စာကြည့်တိုက်

သန့်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်

ပဓာနနာယက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာအကျော်

ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသိရီ

၏

# ထေရုပ္ပတ္တိကထာ

မြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ်-၂၅၃၈ ကောဇာသက္ကရာဇ်-၁၃၅၆ ခရစ်-၁၉၉၄

၂၂၉၄၆

သန့်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်

ပဓာနနာယက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာအကျော်

**ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသိရီ**

**၏**

# ထေရုပ္ပတ္တိကထာ


ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ်-၂၅၃၈  ကောဇာသက္ကရာဇ်-၁၃၅၆  ခရစ်-၁၉၉၄

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်၊



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

**အကျိုးတော်ဆောင်**

နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များ၏

ဗဟိုအဖွဲ့ဥက္ကဋ္ဌ

ဘဒ္ဒန္တဝဏ္ဏသိရိ

(အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာအကျော်)

# နိဒါန်း

◆◆◆◆◆◆◆◆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ဘဒ္ဒန္တဝဏ္ဏသိရိ (အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာအမာကျော်) ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိရေးသားပြုစုရန် အချိန်အခါ အခွင့်ကြုံလင့်လာခဲ့ရပေပြီ၊ ဤအခါ အခွင့်ကား....လေးလံသော ထိုင်းမှိုင်းသော နှေးကွေးသော အခါအခွင့်မျိုးသာ ဖြစ်စေချင်ပါသည်၊ တတ်နိုင်လျှင် သည်လို အခါအခွင့်မျိုးကို ဘယ်သောအခါမှ မကြုံစေလိုခြင်းပင် ဖြစ်ပါ၏။

သို့သော် ရှောင်လွှဲသွေခွါ အဘယ်မှာ ရပါမည်နည်း?

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်၊ ၁၃၅၆-ခုနှစ် တန်ခူးလဆုတ်(၇)ရက် (၂.၅.၉၄) တနင်္လာနေ့တွင် ဘဝနတ်နန်း စံမြန်း၍ သွားတော် မူခဲ့ရှာလေရာ ဂုဏ်ပေါင်းအလီလီ ကျေးဇူးတော်အနန္တ သာသနဟိတရေ အလွန် ထူးခြား လှသည့် ထေရ်ဆရာတော်တစ်ပါး၏ဘဝဖြစ်စဉ် သာသနာရေး ဆောင်ရွက်တော် မူချက် စသည်တို့မှ တိုက်တာ၊ မြန်မာ၊ ကမ္ဘာနှင့် သာသနာတော်ကြီး အတွက် အလွန်ပင် ဂုဏ်တက်စရာ အဖြာဖြာရှိ၍ သမိုင်းအသွင်နှင့် ရေးရေး သာသနာဝင် မှတ်တမ်းပင် တင်တင် ထူးခြားအံ့ဖွယ် စုံလင်လှသည့် ဆောင်ရွက် ချက်အဖြာဖြာ များစွာရှိနေသည်ကတော့ အမှန်ပင် ဖြစ်ပါ၏။

ဆရာတော်နှင့် ပတ်သက်၍ ထေရုပ္ပတ္တိအကျယ် သုံးကြိမ်တိုင်တိုင် ပြုစုခွင့် ကြုံခဲ့၏။

(၁) ပထမအကြိမ်မှာ သက်တော်(၆၀)ပြည့် ပူဇော်ပွဲ။

(၂) ဒုတိယ အကြိမ်မှာ၊ အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲ။

(၃) တတိယအကြိမ်မှာ ဘဝနတ်နန်း စံမြန်းတော်မူရှာပြီဖြစ်သည့် အတွက်၊ အန္တိမစျာပန ဘဝနိဂမန အတွက်ပင် ဖြစ်ပါသည်။

ဤအခြေအနေတွင် ရောက်ရှိလာသည့် တာဝန်ကို မဖယ်ရှားဝံ့သော်လည်း ဖြစ်ပေါ်လာမည့်အခြေအနေကိုကား သုံးသပ်ဝေဖန် နှိုင်းချိန်ရပြန်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဤစျာပန်အခမ်းအနားကြီးကို နိုင်ငံတော် သံဃ-မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီး၏ စျာပနကိစ္စဖြစ်၍ နိုင်ငံတော်က ဦးဆောင်ကျင်းပခြင်းဖြစ်ပါ၏။

ထို့ကြောင့် ထေရုပ္ပတ္တိကို ဆရာတော်၏ ဆောင်ရွက်ဖွယ်များစွာမှ–

(က) သာသနာနှင့်မြန်မာအတွက် ထူးခြားသည့် ဆောင်ရွက်ချက်များကိုသာ အဓိကရေးသားရန်။

(ခ) ထေရုပ္ပတ္တိကို မကျဉ်းမကျယ်ရေးသားရန်။

ဟူသော အဓိကအကြောင်းနှစ်ဖြာခေါင်းမှာပေါ်လာပါသည်။ ပေါ်လာသော်လည်း စိတ်အ[illegible]သပ်နာလန်မထချင်ဖြစ်နေသည်၊ စိတ်ကနာလန်မထတော့ စိတ်ကြောင့်ဖြစ်ရသော လက်,ခြေ,ကိုယ်,ရုပ်တို့ ဘယ်မှာ ရွှင်လန်းတက်ကြွသွက်လက်နိုင်ပါလိမ့်မည်နည်း။

မရွှင်မလန်း ဘဝင်နွမ်းလျချိန်တွင်ရေးသားရ၍ အချက်အလက် အဖြာဖြာပါသင့်သည်များ မပါခဲ့သော်လည်းကောင်း၊ ရေးနည်းပုံဟန် အံမဝင်ဂွင်မကျဖြစ်ခဲ့ပါသော်လည်းကောင်း စာရေးသူ၏ ချွတ်ယွင်းချက်သာ ဖြစ်ပါကြောင်းနှင့် နောင်အခါအခွင့်ကြုံကောင်းရင်ဖြင့် ဤဆရာတော်နှင့်ပတ်သက်၍ ထေရဂုဏ်ရည် အလီလီကို အကျယ်ထေရုပ္ပတ္တိကျမ်းတစ်အုပ် ထူးခြားစွာ ရေးထုတ်နိုင်ပါလိမ့်မည်ဟု ရည်သန်မြော်တွေးရင်း ကလောင်သွားလေးနှင့်အတူ ဦးတော်ခိုက်စေခြင်းအားဖြင့် ကျေးဇူးတော်ရှင် ဆရာသခင်ကို ဖူးမျှော်လိုက်ရပါတော့သည်။

အရှင်ကုမာရ (စာချ)
ဒီဃဘာဏက ဓမ္မာစရိယ
မင်းကျောင်းပထမပြန်စာသင်တိုက်
သန်လျင်မြို့။

# ကျေးဇူးတင်လွှာ

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းဖြစ်ပေါ်လာရန် ကြိုးပမ်းအားထုတ်ရာ၌–အချက်အလက်များနှင့် လက်နှိပ်စက်စာမူမှ · စာအုပ်ပြီးဆုံးသည့်တိုင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်အားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

# မာတိကာစဉ်


- နိဒါန်း .... .... .... က
- ကျေးဇူးတင်လွှာ—စာပဏ္ဏာ .... .... .... င
- ဟံသာဝတီ .... .... .... ၂
- ဆရာတော်လောင်းလျာ ဖွားမြင်တော်မူခြင်း .... .... ၂
- ဇာတာပုံတော် .... .... .... ၃
- ပညာသင်ကြားခြင်း .... .... .... ၅
- ပဗ္ဗဇ္ဇအမွေခံယူခြင်း .... .... .... ၅
- ပဲခူးမြို့သို့ ပြောင်းရွှေ့ရခြင်း .... .... .... ၆
- အစဉ်အလာရှိသောဌာနေ .... .... .... ၇
- ဒုတိယအကြိမ်မြောက် ရှင်သာမဏေ.... .... .... ၇
- တစ်ရွာမပြောင်း သူကောင်းမဖြစ် .... .... ၈
- အလှတွင်အယဉ်ဆင့် ရွှေပေါ်မြတင်ခြင်း .... .... ၉
- ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း .... .... ၉
- အရှင်ဝဏ္ဏသိရီ၏ ရက်ချုပ်ဇာတာ .... .... .... ၁၀
- သိက္ခာထပ်ရဟန်းဒကာများ .... .... .... ၁၁
- ပညာသင်စခန်း အထက်သို့တက်လှမ်းခြင်း .... .... ၁၂
- မင်းကျောင်းပထမပြန်စာသင်တိုက် သမိုက်ဝေါဟာ—မည်သည္ညာ ၁၆
- ငယ်စဉ်အခါ ပညာရှာ၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်.... ၁၇
- ထူးခြားတော်ဝင် ဆရာတော်အရှင် .... .... ၁၉
- ထေရ်ဆရာသခင်—ကူးတို့ရှင် .... .... .... ၂၀
- အဂ္ဂမဟာအကျော် ဆရာတော် .... .... .... ၂၁
- အဂ္ဂမဟာအကျော်ဆရာတော် ပူဇော်ထမှု၊ ဤသို့ပြု .... ၂၂

– ဆရာတော်၏ အုပ်ချုပ်သူအကြီးအကဲနှင့် ဆရာ၏တာဝန်များ ၂၃
– တိုက်တာအရေးနှင့်တပည့်များအပေါ် အုပ်ချုပ်မှု .... ၂၇
– ဆရာတော်၏ ပရိယတ္တိ လုပ်ငန်းသဘောတရား .... ၂၉
– ဆရာတော်၏ တည်ထွင်သင်ကြားမှု .... .... ၃၀
– ငွေရတုသဘင်မှ ရွှေရတုသဘင်သို့ .... .... ၃၃
– ရွှေရတုလမ်းခရီးမှ–သက်တော်(၆ပ)ပြည့်ပူဇော်ပွဲ .... ၃၆
– ဦးဆောင်မှုကို ပံ့ပိုးပေးသော စာချဆရာတော်များ .... ၃၇
– ပြောင်းရွှေ့သွားသော စာချဆရာတော်များ .... .... ၃၈
– လက်ရှိစာချဆရာတော်များ .... .... .... ၃၉
– ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်များ .... ၄၀
– သာသနာ့အကျိုးဆောင်–ထေရ်ဘုန်းခေါင် .... .... ၄၁
– သာသနာတော်ပြန့်ပွားရေး–ခရီးလှည့်လည်ပေး .... ၄၂
– (၅) နိုင်ငံ သာသနာပြုခရီးစဉ် .... .... ၄၄
– တောင်ကိုရီးယား သာသနာပြု ခရီးစဉ် .... .... ၄၅
– ရုရှား သာသနာပြုခရီးစဉ် .... .... .... ၄၇
– အိန္ဒိယ–နီပေါ သာသနာပြုခရီးစဉ် ... .... ... ၄၉
– ဆရာတော်၏ ဩဝါဒတော်များ .... ... ၅၁
– ဆရာတော်၏ ဘဝနိဂုံး ချုပ်ဆုံးခါနီးကာလများ ... ၅၇
– သံဝေဂနှင့် ပစ္ဆိမဝန္ဒနာ ဂါထာ .... .... .... ၆၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာအကျော်

## ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိ

၏

# ထေရုပ္ပတ္တိကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး တည်ထောင်တော် မူခဲ့သော သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွား ထွန်းကားရေးနှင့် ဂိုဏ်းပေါင်းစုံ သံဃာထု၏ ညီညွတ်ရေးအကျိုးကို ကိုယ်ပင်ပန်း စိတ်နွမ်းနယ်မှုကို ဖမာဏ မထား အဓိပတိတရားလက်ကိုင်ထား၍ သည်ပိုးရွက်ဆောင်ခဲ့သော နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်ဆရာတော်—

ကမ္ဘာ့နိုင်ငံပေါင်းစုံ၌ ဗုဒ္ဓသာသနာပြန့်ပွားရန်နှင့် စည်းလုံးညီညွတ်ရန် ကြိုးပမ်းအားထုတ်တော်မူခဲ့သော ဆရာတော်—

မြန်မာနိုင်ငံသာသနာ့သမိုင်းတွင် မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး နှင့် သန်လျင်မြို့ကြီးကို ဂုဏ်ပါးအောင် တင့်တယ်စေခဲ့သောဆရာတော်—

မိမိကိုယ်တိုင် အဂ္ဂမဟာအကျော် သရဖူဆောင်ပန်းကိုဆင်စွဲ၍ ပထမကျော် ညီနောင် (၄)ဖော်နှင့် ငယ်, လတ်, ကြီး (၃)တန်းစုံ မြန်မာ တစ်ပြည်လုံး ပထမရရှိအောင် စီမံအုပ်ချုပ်ခဲ့ရုံမက အဝန်းအသီးသီး၌ အောင်ချက်ရာနှုန်း ကောင်းမွန်အောင် နည်းသစ်ထွင်ကာ ကြိုးပမ်းအားထုတ်တော် မူခဲ့သော ဆရာတော်—

လောကဓမ္မအားလျော်စွာ ဖြစ်ပေါ်လာသော လောကဓံအဖုံဖုံကို ကြံ့ခိုင် ကျော်လွှားကာ ဘဝဒီလှိုင်းကြားအတွင်းဝယ် မမိုတ်မသုံ အောင်မြင်မှုအစုံစုံဖြင့် ဖြတ်ကျော်နိုင်ခဲ့သော ဆရာတော်—

ဤသို့သော ဂုဏ်ပုဒ်အလီလီ အောင်ပန်းတွေအစီအရီရှိခဲ့သော ဆရာတော်ဘုရား ဘဒ္ဒန္တဝဏ္ဏသိရိ အရှင်သူမြတ်ကား သာသနာနှင့် မြန်မာ့သမိုင်းတွင် စာလိုင်းပုံတင်ထပ်ခဲ့သော ဟံသာဝတီ မြေညာတိဝယ် လူ့ဘဝ အခြေဇာတိ စ၍ ဖြစ်တည်ခဲ့ပါ၏။

## ဟံသာဝတီ

ကမ္ဘောဇသာဒီ နန်းတော်ကြီးမှ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စုစည်းနိုင်ခဲ့သော ဘုရင့်နောင် မင်းတရားကြီးမှစ၍ ငွမ်းအားထားမ အလွန်ပင် ကြွယ်ဝလှသော ကာယဉာဏ်ပိုင်ရှင် သူရဲကောင်းတို့အတွက် ဘူမိနက်သန် အောင်မြေမှန်ဖြစ်ခဲ့သည့် ဒေသပင်မဟုတ်ပါလော။

ဤကဲ့သို့ မြေမှန် ရေမှန် အခြေခံရှိခဲ့သော ဥဿာပဲခိုး မြေတရိုးတွင် နောက်နှောင်းခေတ်ကာလ မြန်မာပြည် မြေပုံအလှမှာလည်း တစ်ဆယ့်လေးရောင်ခြယ်၍ အလှကြွယ်ကောင်းလျက်ရှိသော ယနေ့လို အချိန်မျိုးနှင့် ချိန်ဆိုးကြည့်သော် ပဲခူးတိုင်း ပဲခူးမြို့နယ် အနောက်ရှမ်းရှမ်း ရိုးမတောင်စွယ် အစွန်း၌ "ထန်းတောကြီး" ဟူသော ရွာကြီးတစ်ရွာရှိနေပါ၏။


ရွာသူရွာသားများမှာ ဗုဒ္ဓသာသနာ၏ အရိပ်အာဝါသအောက်၌ ကြီးပြင်းခဲ့ရသည်ကတစ်ကြောင်း ရွာဦးကျောင်းဆရာတော်၏ သြဇာညောင်းမှုကတစ်သွယ် အသက်မွေးဝမ်းကျောင်း ပြုလုပ်ရာ၌ပင် ကံ(၃)ပါး၌ ဒုစရိုက်မဖက်ရန် အတတ်နိုင်ဆုံး စောင့်ထိန်းတတ်သော အလေ့ရှိပြီး ဖြစ်ကြပါ၏။

## ဆရာတော်လောင်းလျာ ဖွားမြင်တော်မူခြင်း

ဤကဲ့သို့ ရွာသားရွာသူ ကြည်ဖြူကြသူတို့တွင် (မောင်ဘိုးဦး+မငွေတင်) ဟူသော ဇနီးမောင်နှံမှာလည်း ဘာသာအကြိုက် ဓလေ့လိုက်ကာ အိမ်ထောင်စုံဘက် လက်ဆက်မင်္ဂလာ ပြုခဲ့ပြီးနောက်–

မြန်မာသက္ကရာဇ် (၁၂၈၂)ခုနှစ် (ဘထောင့်နှစ်ရာရှစ်ဆဲ့နှစ်ခု)သီတင်းကျွတ်လဆန်း (၁)ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းတည့်အချိန်တွင် မေတ္တာခေတ်ရှင် ဒေါ်ငွေတင်မှ နောင်သာသနာ၏ ကျောက်ကောင်းတစ်စေ့ လက်ရုံးတဆူ ဖြစ်တော်မူမည့် သားလှရတနာကို မီးရှူးသန့်စင် အောင်မြင်စွာ ဖွားမြင်ခဲ့ရာ မိခင် ဘခင် ကျေးဇူးရှင်တို့မှာ မိမိတို့၏ ရင်နှစ်သီးချာ သားရတနာလေးအား ကြည့်မဝရှုမနိုင် ချစ်မိုးကြီးဖြိုင်ဖြိုင် ရွာသွန်းနိုင်ပေတော့သည်။

## ဇာတာပုံတော်




၊ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ တိထိ၊
၊ ၅၊ ၆၊ ၈၊ ၆၊ ၄၊ ၆၊ ၄၊ ၆၊ ၀၊ ၊ ၁၊
၊၂၆၊၁၀၊ ၄၊၂၀၊၁၈၊၂၄၊၂၈၊၁၄၊၁၄၊ ၄၁၊
၊၂၉၊၅၀၊၂၉၊၃၇၊၁၄၊၁၇၊ ၅၊ ၅၊ ၅၊ ၊

အဘယ့်ကြောင့်နည်း?

မအီမသာ၊ ပူဆာဖြောင်းပြ၊ ကြောင့်ကြရှိကြိုက်၊ ကိုယ်လုံးဟိုက်လည်း၊ ဖက်ပိုက်ရင်ခွင်၊ ရွှေတွင်လည်းထား ရှုပျော်ပါးရဲ၊ သား၏ရုပ်ရည်၊ သိတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကြက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းဖြင့်–ဟူသော စတုဓမ္မသာရ ကိုးခန်းပျို့နှင့်အညီ၊ မိဘတို့မည်သည် မိမိကိုယ်၌က ဆင်းရဲအမျိုးမျိုး၊ ဒုက္ခအစုံစုံကို ခံစားကြရ၍ မရှင်မလန်း ပင်ပန်းနွမ်းလျ ရှိနေကြစေဦးတော့–

ရင်မှာပိုက်ထား မွေးဖွားခဲ့ရသော သားလှလှတနာလေးကို မြင်တွေ့လိုက်ရပြီဆိုကာကဲက အပူဟူသမျှငြိမ်းပျောက်၊ ကိစ္စဟူသမျှဘေးဖယ်၊ အန္တရာယ်ဟူသမျှကာကွယ်လိုသောအားမာန်များ တဖွားဖွားပေါ်လာကာ မေတ္တာတည်းဟူသော သိတာရေစဉ်တို့မှာလည်း တသွင်သွင် တပေါက်ပေါက် တဖျောက်ဖျောက် တစက်စက် ဘားအတွက်ပင် ကြလျှက်ရှိပါ၏။

မိဘတို့မှာ ဗုဒ္ဓဘာသာကို လေးစားယုံကြည်သူများ ဖြစ်ငြန်တော့ (မင်္ဂလာဆောင့်ပွင့်ရာ၊ သာသနာတော်၏၊ အရိုင်သော်ကား၊ အဟော်ဝဝ၊ ဘယ်မျှမပြိုင်၊ မျိုးမြိုင်၏)ဟူသော ဥတိန္နပျို့နှင့်အညီ–

# (၄)

ရှာလမ်းအလယ် မြင်းကိုစီးလို့ မကိုဋ္ဌစလွယ်ထိုးနှင့်တစ်မျိုး၊ ဖန်ဝါရည်ဆင်မြန်း အသွင်ဆန်းသည့် သင်္ကန်းနှင့်တစ်ဖုံ၊ ဝါတော်အနေကျ စာချဆရာတော်ပုံစံနှင့်တစ်နည်း အို...နောက်ဆုံး သကလဝဋ္ဋဒုက္ခ ဟူသမျှ ကင်းကွာရန် တောရပ်ကိုဝင်ပြီး ဝါတော် (၆၀) ရ နိဗ္ဗာန် သွားရဟန်း မထေရ်ကြီးအသွင်နှင့်တစ်ခန်း၊ စိတ်အစဉ်ဝယ် မှန်းဆ လျက်သာ ရှိနေခဲ့ပါ၏။

ဤသို့ အတွေးကိုယ်စီ မျှော်မှန်းချက်အလီလီဖြင့် နှံ့ကြသော ကျေးဇူးရှင် မိဘနှစ်ဖြာမှာ မိမိတို့၏ သားတော်အား သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ နောင်အခြေနိုင်မည့် နိမိတ်ဖြင့် (မောင်ရွှေမြိုင်)ဟုအမည်သညာ ပြုခဲ့ပါ၏။ မောင်ရွှေမြိုင်ကို မွေးဖွားပြီး (၂)နှစ်အကြာတွင် မအန်းကြော့ ဟူသော သမီးတော်တစ်ယောက် ကို ဖွားမြင်ခဲ့လေရာ ဦးဘိုးဦး နှင့် ဒေါ်ငွေဝင်တို့၏ ရင်သွေးနှစ်ယောက်သာ ဖြစ်ထွန်းခဲ့ပါ၏။

လူ့ဘဝဆိုသည်ကား တစ်ခါတစ်ရံ စုံဂနိုင်စမ်းအတွေ့မှ ပန်းမွေ့ယာပမာ နူးညံ့သကဲ့သို့ တစ်ခါတစ်ရံဝယ် ဆူးငြောင့်ခလုတ်ပေါသော ခရောင်းတောပမာ လည်း ရှိတတ်ပြန်ခြေရာ ကျေးဇူးရှင် မိဘနှစ်ဖြာတို့မှာ—

> လောက လူတွင်၊ လမ်းသို့ထင်သည့်၊ ဂုဏ်အင်ပညာ၊ မရှိရှာက၊ မေပါးလက်သုတ်၊ လွန်ညံ့ရုပ်သာ၊ မှိတ်တုတ်မီးစွဲ၊ မပြောင်ရှဲသို့၊ ဖန်လဲခေါက်ခေါက်၊ သူ၏နောက်ဝယ်၊ ချွေးပေါက်ကျရို၊ ဖတ်ဖတ်စိုမျှ၊ သက်ပိုပန်းပင်၊ မရှင်ပျောင်းနွမ်း၊ တသမ်းသမ်းနှင့်၊ ဝန်ထမ်းလှေခတ်၊ ဖြစ်တို့တတ်ရှင့်-

ဟူသော သြဝါဒလင်္ကာ ဆုံးမစာကို ရင်မှာပိုက်ခဲ့ကြသူများပီပီ မိမိတို့၏ သားရတနာကလေး အနာဂတ်ဘဝခရီးလမ်း ဖြောင့်တန်းသာယာ အေးချမ်း ရေးအတွက် အတတ်ပညာ ဖြာဖြာ သင်ကြားစေမည်ဟု မျှော်ရည်မှန်းဆ ရော်ရမ်းခဲ့ကြပါသော်လည်း သားသမီး လူမမယ် အရွယ်မရောက် မီပင် မိဘနှစ်ဦးစလုံး ရှေ့နောက်မခြားကာ လူ့လောကမှ ထွက်ခွာသွားကြ ရလေ၏။

ရေနည်းသည့်ငါး၊ အမိမဲ့သား၊ ဟု့မှာစကားပုံအရာထားရစ်ရအောင်၊ ဒုက္ခအင်မတန်ကြီးမားလှပေရာ မိဘနှစ်ပါး စွန့်ခွာသွားသော မောင်နှမနှစ်ဦးကို အဖွားဖြစ်သူ ဒေါ်သေးသေး၊ ဦးလေးဖြစ်သူ ဦးအေးမောင်၊ အဒေါ် ဒေါ်စံစီ တို့က ဖေးမစောင့်ရှောက်ကာ ဉာတကာနဉ္စသင်္ဂဟမင်္ဂလာကို ဖြည့်ဆည်းခဲ့ကြ ရပါ၏။

(၅)

## ပညာသင်ကြားခြင်း

ပဌမအရွယ်၊ ငယ်သော်ဂ တည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်
မျှားမူ၊ တောသားစန်အောင်၊ ခြသေ့ယောင်သို့၊ မရှောင်မညှာ၊
တင်းလင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်—

ဟူသော ကိုးခန်းပျို့လာ ဆုံးမစာကို ရင်မှာငုံကိုင်ထားကြသော ဆွေမျိုး
တစ်စုမှာ မိမိတို့၏ ဝှသားတော်နော် မောင်ရွှေမှိုင်အား လူလေးဂ၀ယ် ငဲလည်
တင့်စေလိုသော သမ္မာဆန္ဒဖြင့် ဒးရေးအဖတ် အခြေခံပညာမျှား တတ်မြောက်
စေရန် ထန်းတောကြီးရွာ၌ပင် အဒေါ်ဖြစ်သူ ဆရာမကြီး ဒေါ်လေးခင်၏
မူလတန်းကျောင်း၌ ပထမဆုံး ပညာသင်ကြားစေခဲ့ပါသည်။

ထို့နောက် အဖွား၊ ဦးလေး၊ အဒေါ်ဖြစ်သူတို့သည် အမြော်အမြင်ကြီးစွာ
ဖြင့် မောင်ရွှေမှိုင်ကလေးအား လူမှုရေးရာ အဖြာဖြာ လိမ္မာပဉ်ကျေးသူ
ဂလေးဖြစ်လာစေရန် ထန်းတောကြီးရွာ တောင်ကျောင်းဆရာတော်ဘုရားထံ
အပ်နှံ ပညာသင်ကြားစေခဲ့ပြန်ပါသည်။

## ပဗ္ဗဇ္ဇအမွေခံယူခြင်း

မြန်မာလူမျိုးများလည်းဖြစ်၊ ဗုဒ္ဓဘာသာအဆုံးအမ၌လည်း တည်လာကြသူ
တို့မှာ ပုဏ္ဏသားရတနာရရှိလာပါက အလွန်ပင် ဝမ်းမြောက်၍ ဆုတောင်း
ပြည့်သည်ဟု မှတ်ယူစွဲမြဲကြသူများ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်-သားလေး
သာရလိုက်လျှင် မဏ္ဍပ်ကြီးထိုး ရှင်သောင်းကို ရွှေထီးဆောင်းကာ စည်ကား
အောင် လှည့်လည်ပြီး ပန်ဝါရည်ဆင်မြန်းတဲ့ သားလှမောင် လူထွေးရဲ့နောက်က
သပိတ်ပိုက်ပြီး စာပေသင်ကြားရန် ကျောင်းတော်ကို လိုက်လံအပ်နှံလိုက်မည်
ဟူသော စိတ်ကူးယဉ် အတွေးကို သေးသေးလေး ထားတတ်ကြသူများ
မဟုတ်ရာ၊ ယခု ဦးဖိုးဦး-ဒေါ်ငွေဇင်တို့မှာလည်း စိတ်ကူးယဉ် ထင်တစ်လုံးနှင့်
ဘဝင်နှလုံး ရွှင်ပြုံးအောင် မျှော်မှန်းနေကြဆဲပင် ဘဝအောင်လံလဲသွားခဲ့
ရပေတော့ရာ—

ထန်းတောကြီးရွာမှ ဆွေမျိုးညာတ်များ ဖြစ်ကြသော ဦးဘိုးမြိုင်-
ဒေါ်မွှေ့ညွန့်တို့က မိမိတို့၏သားကြီး ဩရသ မောင်ဘစိန်နှင့်တွဲဖက်ကာ
မောင်ရွှေမှိုင်ကိုလည်း ဆင်ယဉ်နှစ်စီးပေါ် တင်လျက် ပရိသတ်များစွာရှေ့နောက်
ခြံရံပြီး ထန်းတောကြီး၊ဝါးပြန်ကုန်း၊သရက်ကုန်းစသည့်ရွာများသို့ စည်ကားစွာ
လှည့်လည်ပြီးနောက် ထန်းတောကြီး တောင်ကျောင်း ဆရာတော်ကို
ဥပဇ္ဈာယ်ပြုလျက် ဆံနှပ်တစ်ခန်း။သင်္ကန်းချည်တုံ၊သရဏဂုံပေးမှု ပြည့်စုံမှုဖြင့်

ရှင်ပြုပေးနဲ့ပေရာ မောင်ရွှေမြိုင်မှာလည်း ဗုဒ္ဓသားအဖြစ် သာသနာ့အမွေစင်ကို ခံယူခဲ့ရပါ၏။ ရှင်သာမဏေအဖြစ် ရောက်နေသော မောင်ရွှေမြိုင်ကား ဗုဒ္ဓဟူးသားဖြစ်၍ ဘွဲ့အမည်တော်မှာ (ရှင်ဝဏ္ဏ)ဟူ၏။

## ပဲခူးမြို့သို့ပြောင်းရွှေ့ရခြင်း

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် မိမိ၏ သာကီနွယ်ဘွား ဆွေတော်မျိုးတော်များအား ဝိဋ္ဋူဘ၏ ဘေးရန်မှ သုံးကြိမ်တိုင် ဝံသာနုရက္ခိတ စိတ်ဓာတ်တော်အပြည့်ဖြင့် စောင့်ရှောက်ကယ်တင်တော်မူခဲ့သော အစဉ်အလာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၌ အရိုးစွဲ တည်ခဲ့၏။ထိန်းသိမ်းစောင့်ရှောက်ခဲ့၏။

သာသနာ ၂၄-ရာစု၊ ခရော်ဇ် ၁၉-ရာစုအစပိုင်း၌ အနောက်တိုင်းသားလူမျိုးခြားများသည် မြန်မာဟူသောနိုင်ငံ၊ မြန်မာတို့၏ပေဟင် ရေမြင်၊ မြန်မာတို့၏ သယံဇာတ၊ မြန်မာတို့၏ထီးနန်းဥကင်၊ ကိုးကွယ်မှုစသည်တို့ကို=အဘိဇ္ဈာမျက်ခုံးပင့်ကာ၊ ဣဿာမစ္ဆရိယ မျက်လုံးအစုံဒေ့စုံဖြင့် ပြူးကူယ်စွာ ရှုကြည့်နေကြ၏။

ကြည့်ရုံနှင့်မပြီး-ကြာတော့စိတ်ကျူး၏၊ လက်ခြေကျူး၏၊ ကိုယ်လုံးကျူး၏၊ အစုအပြုံလိုက် ကျူးကျော်လာကြတော့၏။

မြန်မာတို့မြေကို၊ တစ်ဖဲ့ဖဲ့၏၊ တစ်စိတ်စိတ်၏၊ တပြည်လုံးလွှမ်းမိုးလိုတော့၊ ဥကင်တော် ဘမရာသနက တုရှင်ကာမရတဲ့၊ အရှင်နှစ်ပေါ်ကို အရင်ခေါ်ပြီး၊ လွှမ်းမိုးခဲ့ကြသည်မှာ ရင်နာစရာအပြောပြောကို စာလွှာပေချပ် ကမ္ဘာ့ထပ်စေဦး၊ ရေးသား၍ ကုန်ဆုံးနိုင်တော့မည်မဟုတ်ပေ။

ဤသို့မြန်မာ့မြေ၌ တိုင်းတပါးမှ လူမျိုးခြားများက ကိုးကွယ်သည့်ဘာသာမှစ၍၊ ဖိနှိပ်ချုပ်ချယ်အလွန်ပင် မဟာရာဇ်လုပ်လာသည့်အခါ၊ ခေတ်အဆက်ဆက် ကာလအတန်တန် သူ့အားမာန်နှင့် သူတော်လှန်ခဲ့ကြသည့် မျိုးချစ်မြန်မာအာဇာနည်များ အသီးသီးပေါ်ပေါက်လာကြသည့် အထဲတွင်(ဆရာစံ)အရေးအခင်းကြီးက မြန်မာသိကမ္ဘာသိပင် ဖြစ်တော့၏၊ ၁၉၃၂-ခုနှစ်သို့ရောက်သော အခါ အမျိုးဘာသာသာသနာကိုပါ စော်ကားလာသည့် ကုလားဖြူမင်းဆိုးမင်းညစ်တို့ကို တွန်းလှန်ခဲ့သော ဆရာစံအရေးအခင်းမှာ သာယာဝတီတိုက်မှ ပဲခူးတတိုက်သို့ ပြန့်နှံ့လာခဲ့ရာ၊ သာမဏေရှင်ဝဏ္ဏမှာလည်း ရပ်ရွာအခြေအနေကြောင့် ထန်းတောကြီးတွင် နေထိုင်ရန်မဖြစ်တော့၍၊ ရှင်လိုင်ပြန်ကာ ဦးလေးဦးအေးမောင်နှစ်အတူ ပဲခူးမြို့သို့ ပြောင်းရွှေ့လိုက်ပါခဲ့ပါသည်။

## အစဉ်အလာရှိသော ဌာနေ

ပဲခူးမြို့သို့ရောက်သောအခါ၊ (၁၀)နှစ်သား ရှိနေပြီးဖြစ်သော မောင်ရွှေမှိုင်အား ကျောင်းသားဘဝဖြင့်ပင် ပဲခူးမြို့ရွှေမော်ဓောဘုရားကြီး အရှေ့ဘက် ဘုရင့်နောင်စသောမြန်မာ၊ မွန်မင်းအဆက်ဆက်တို့ ထီးနန်းစိုက်ခဲ့ရာ နန်းမြို့ရိုး ကျုံးဒေါင့်တင်နေရာရှိ ဝိပဿနာကျောင်းဆရာတော် ဦးဝရိန္ဒ-ထံ ပညာသင်ကြားစေရန် အပ်နှံအပြီး၊ အဖွားဖြစ်သူ—ဒေါ်အေးရင်က မိတ်ဆွေများနှင့် တိုင်ပင်ကာ ယခင်နာမည်—မောင်ရွှေမှိုင်အစား—(မောင်ဝင်းမောင်)ဟု နာမည် ပြောင်းခဲ့လေသည်။

၎င်းဝိပဿနာ ကျောင်းဆရာတော်ကား—

(၁) မင်္ဂလာအစ နိဗ္ဗာန်ပြ

(၂) ရုပ်နာမ်အစ နိဗ္ဗာန်ပြ

(၃) ဝိပဿနာ အမေးအဖြေကျမ်း—

စသောကျမ်းများကို ပြုစုတော်မူခဲ့သည့်အပြင်၊ မိမိလုပ်ကိုင်ရမည့် ပဋိပတ်လုပ်ငန်းကို လျှို့ဝှက်သိပ်သည်းဖြည့်ဆည်းကာ ရှုမှတ်ပွားများရုံမျှမက၊ စာပေ သင်ကြားပေးမှု၊ ဂန္ထဓုရဟာဝန်ကိုပါ ထမ်းဆောင်ခဲ့ပြီးနောက် (၁၃၁၇)ခုနှစ်သို့ ရောက်သောအခါ၊ ဝါဆိုလပြည့် ဓမ္မစကြာနေ့မြတ်တွင် ဝိပဿနာကျောင်း အတွင်းရှိဓမ္မာရုံကြီး၌ ဓမ္မစကြာတရား ဟောကြားနေစဉ်မှာပင် လေရောဂါဖိစီး နှိပ်စက်သဖြင့် ဆုံးအောင်မျှ မဟောနိုင်ဘဲ ရပ်တန့်လိုက်ရလေသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့မှသမားတော်ကြီး ဦးဘသင်က ကြိုးစားကုသငြားသော်လည်း ရောဂါမသက်သာခြင်းကြောင့် တဖန် ပဲခူးပြည်သူဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် နီးကပ်စွာကုသလိုကြသော ဆန္ဒဖြင့် ဘုရားလမ်းဒေါ်အမာ အိမ်သို့ ပြောင်းရွှေ့ကာ ယာယီကျောင်းအဖြစ် သီတင်းသုံးနေထိုင်ပြီး ကုသ ပြန်ပါသော်လည်း ရောဂါမှာ သက်သာရာမရဘဲ သာသနာတာဝန်ကို ထမ်းဆောင်ဆဲပင်၊ ဘဝနတ်ထံ ပျံလွန်တော်မူသွားရသော ဆရာတော်ပင် ဖြစ်ပါသည်။

## ဒုတိယအကြိမ်မြောက် ရှင်သာမဏေ

၁၂၉၆-ခုနှစ်တွင် ပဲခူးမြို့ ပန်းလှိုင်ရပ် မိခင်ကြီးဒေါ်အေးလှနှင့် သားကြီး ဦးထွန်းမြင့်၊ သားငယ်—ဦးရည်ရှိန် ဇနီးဒေါ်ချစ်ပု သားသမီးများ၏ ပစ္စည်း လေးပါးထောက်ပံ့မှုဖြင့် ဝိပဿနာဆရာတော် ဦးဝရိန္ဒထံမှာပင် ဥပဇ္ဈာယ် ပြုကာ ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်ကို ရရှိခဲ့ပြန်ပါသည်။

ဒုတိယအကြိမ် သာသနာ့အမွေခံသည်မှ နောင်တွင်လည်း သာသနာ့ဘောင်၌ သက်ဆုံးတိုင်မြဲမြန်သော ရှင်ဥတ္တမသည် သက်တော်နှစ်ဆယ် သာမဏေအရွယ်ကပင် ဝိပဿနာဆရာတော်၏ အဆုံးအမဩဝါဒကိုခံယူကာ၊ လျှို့ဝှက်စွာဖြင့် ဝိပဿနာအကျင့်များကို အချိုးတကျဖြည့်တင်းရင်း စာပေများကိုလည်း ကြိုးပမ်းသင်ကြားခဲ့ပါသည်။ (* * *ဤ၌ဆရာတော်နှင့် ပတ်သက်၍ထူးခြားမှု(၂)ချက်ကို တွေ့ရပါ၏၊ ပထမထူးခြားချက်မှာ၊ သာမဏေအဖြစ် ဒုတိယအကြိမ် ရောက်သည်နှင့် ဝိပဿနာတာဝန်ကိုစ၍ ထမ်းရွက်ခဲ့သကဲ့သို့ ဘဝနိဂုံးမချုပ်ဆုံးမီ နှစ်ရက်ပိုင်းအတွင်း၌လည်း ပရိယတ္တိစသည့် အမျိုးမျိုးသော သာသနာ့အကျိုးကို သည်ပိုးရွက်မကာ ဝိပဿနာဓုရတာဝန်ကိုလည်း ကိုယ်တိုင်လည်းထမ်း၊ သူများကိုလည်း ရွက်ဆောင်စေခဲ့သည်ကို ထူးခြားစွာတွေ့ရှိရပါ၏၊

* *သကြံန်တွင်းကာလ ဟောကြားသောတရားခွေ မှတ်တမ်းများ နာယူကြည့်ရှုနိုင်ပါသည်။

ဒုတိယထူးခြားချက်တစ်ခုကား–နောင်မြန်မာပြည် သာသနာသမိုင်းဝင် ဂိုဏ်းပေါင်းစုံညီညွတ်ရေးကြီးရရှိခဲ့၍ သံဃာအဖွဲ့အစည်း အဆင့်ဆင့်ပေါ်ပေါက်လာခဲ့ရာ၊ ယင်းတွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီး၌ ဥက္ကဋ္ဌဆရာတော်ဖြစ်လာမည့်ဘဒ္ဒန္တကုမာရာဘိဝံသ– အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဘုရားကြီးသည် ထို(၁၂၉၆)-ခုနှစ်၌ သုမနာဝံသမြို့မစာသင်တိုက်ကြီး စတင်တည်ထောင်စပြုနေချိန်–

ကျွန်ုပ်တို့၏ဆရာ နောင်တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင်ဖြစ်လာမည့် မထေရ်မှာကား ထို(၁၂၉၆)ခုနှစ်တွင် ပဲခူးမြို့–ဝိပဿနာစာသင်တိုက်ဆရာတော် ထံတွင် လောကုတ္တရာစာပေများကို ကြိုးစားသင်ယူနေချိန်ဖြစ်ရာ နောင်အခါတွင်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီး၌ အမြင့်ဆုံး တာဝန် ယူကြမည့်မထေရ်နှစ်ပါး ရွှေမော်ဓော စေတီတော်အရိပ်အာဝါသအောက်ဝယ် ခိုလှုံ၍တရားအသစ်တွေးကာ အားသစ်မွေးလျက်ရှိနေခဲ့ကြသည်ကိုတော့ မည်သူမျှ သတိမူမိခဲ့ကြမည် မထင်ပါပေ။

## တစ်ရွာမပြောင်း သူကောင်းမဖြစ်

တစ်ရွာမပြောင်းသူကောင်းမဖြစ် ဟူသောမြန်မာစကားပုံကား လုံ့လဝီရိယနှင့်ကံစေတနာဟူ အချိန်ကိုက်အဓိပတိဖြစ်လာခိုက်ကို ရည်စူးလေသလားဟုပင် ထင်မှတ်မှားသောက်စရာအသွင်ဆောင်နေပါ၏။ (၁၃၀၀)ပြည့်နှစ်သို့ရောက်သောအခါ သက်တော်ကလည်း တစ်ဆယ့်ရှစ်နှစ်၊ အခြေခံကျမ်းစာများကိုလည်း ကြေညက်စွာ ကျွတ်ကျွတ်ဝါးတမျှ ပိုင်နိုင်မှုရှိလေသောအခါ

သာသနာအပေါ်တွင် အမြော်အမြင်ရှိလှသော ဦးဘခိုင်ဟူသော ဒါယကာကြီးတစ်ဦး၏ ကူညီအပ်နှံပေးမှုကြောင့် အောက်မြန်မာပြည် တစ်ကြောတွင် ကျမ်းပေါက် သင်ကြားမှု၌ နာမည်ကြီးလှသော ပါဠိ အဋ္ဌကထာ ဋီကာ စုံလျှမ်း နည်းစုံကျွမ်းအောင်လည်းသင်ကြားပို့ချပေးနိုင်သော ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီး ဘုရားကြီးတိုက်သို့ "တောသားရန်အောင် ခြင်္သေ့ရောင်သို့ မရှောင်မညှာ တင်းလင်းမာ၍ ပညာရဲရင့် ပွဲလယ်တင့်စေဖို့အတွက်" စာသင် ထွက်ခဲ့ပါသည်။

ထိုအချိန်၌ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၏ အကြီးအမှူးဆရာတော်ကား ဘဒ္ဒန္တဇောတသ (အဂ္ဂမဟာပဏ္ဍိတ) မထေရ်ဖြစ်၏။ ခြောက်ထပ်ကြီးတိုက်သို့ ရောက်သောအခါ အခြား ဂဏာစရိယ စာချဆရာတော်များ၏ ပို့ချသံကို ကြားဆရာအဖြစ် ဂရုပြုရင်း နောင်အခါ သုံးခွမြို့နယ်ရှိ သခွတ်ကုန်း၊ နံ့ယော ဆရာတော်ဟု ထင်ရှားလာမည့် ဦးဂန္ဓမာ အထံ၌ အာစရိယမုဋ္ဌိ လက်ဆုတ် ရှိအောင် အရအမိပိုင်ပိုင် ကျမ်းဂန်ကို နိုင်နင်းအောင် ကြိုးစားသင်ယူလေ့လာ တော်မူခဲ့ပါသည်။

## အလှတင်အယဉ်ဆင့် ရှင်ပေါ်မြတင်ခြင်း

ဘုရားကြီးတိုက်သို့ ရောက်သည့်အခါ မိတ်ဆွေလည်းဖြစ် ဆရာလည်း ဖြစ်သော တိပိဋက နီတိကျမ်းနှင့် ဝိဇ္ဇာ သံဃာယနာကျမ်းပြု သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အရှင်ဂမ္ဘီရ ဗုဒ္ဓိဘိဝံသ မထေရ်က မူလ ဘွဲ့အမည်တော် (ရှင်ဝဏ္ဏ)၏ အသရေတော်တိုးတက်စေမှု အမြော်အမြင်ပြု၍(သိရီ)ဟု နာမည် ဘွဲ့တော်ထပ်ဆင့်၍ ခေါ်တွင်စေကာ ရှင်ပေါ်မြတင်ပေးရစ်တော်မူခဲ့ပါသည်။

## ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၃၀၁-ခုနှစ်သို့ ရောက်သောအခါ စာချဆရာတော် ဦးဂန္ဓမာ၏ ဆက်သွယ်ပေးချက်အရ တပေါင်းလဆန်း(၁၂)ရက် အင်္ဂါနေ့တွင် ငါးထပ်ကြီး ဘုရားအနီးရှိ အဘယာဘိဇေယျ မဟာသိမ်တော်ကြီးဝယ် အဂ္ဂမဟာပဏ္ဍိတ ညောင်ဦး ဆရာတော်ဘုရားကြီး ဦးနန္ဒဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုကာ ယခင်အုပ်ချုပ်ပုံ စနစ်အရ အင်းစိန်ခရိုင် လှည်းကူးမြို့နယ်၊ ရှမ်းတဲကြီး အောက်ရွာ ဦးသန့်၊ ဒေါ်စိန်ညွန့်သမီး မမြစိန်၊ မသန်း၊ သား-မောင်သိန်း မောင်၊ မောင်နေအောင်တို့၏ ပစ္စယာနုဂ္ဂဟခံယူမှုဖြင့် ရခဲလှသောရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့ပါသည်။

မှတ်ချက်။ ။ထိုအချိန်က ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည မဟာမထေရ်သည် ပခုက္ကူသို့ နာရီစင်ကိစ္စအတွက် ကြွတော်မူနေရ၍ ရဟန်းဖြစ်ချိန်၌ ထိုဆရာတော်ဘုရား မင့်ခြင်းဖြစ်ပါ၏။

အရှင်ဝဏ္ဏာသိရီ၏ ရက်ချုပ်ဇာတာ

| | |
|---|---|
| ရဟန်းဖြစ် သက္ကရာဇ် | ရဟန်းဖြစ် ဥတု၊ လ၊ နေ့ရက်၊ |
| သာသနာ–၂၄၇၃-ခု | ဟေမန္တဥတု–တပေါင်းလဆန်း-၁၂-ရက် |
| ကောဇာ–၁၃၀၁-ခု | အင်္ဂါနေ့။ |

| | |
|---|---|
| ရဟန်းဖြစ်ချိန် | ရဟန်းဖြစ်ရာသိမ် |
| နံနက်(၉း၀၀)နာရီတိတိ | ရန်ကုန်မြို့–ငါးထပ်ကြီးအနီး– |
| (၇)ဖဝါး (၁)ဗီလာအချိန် | အဘယာဘိဇေယျ မဟာသိမ်တော်ကြီး |

ဥပဇ္ဈာယ်ဆရာ

အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ် (ညောင်ဦးဆရာတော်)

ကမ္မဝါစာ ဆရာများ

ပဌမ–(၁) ညောင်ဦး ဆရာတော်
(၂) ဆရာတော် ဦးကောသလ္လ
ဒုတိယ–(၁) ဆရာတော် ဦးရာဇိန္ဒ
(၂) ဆရာတော် ဦးကောသလ္လ
(၃) ဆရာတော် ဦးဇာနေယျ
တတိယ–(၁) ဆရာတော် ဦးဇာဂရ
(၂) ဆရာတော် ဦးပညာဇောတ
ကာရကသံဃာတော်ပေါင်း ဒသပါး(၇၀)ရှစ်ဆယ်။

## သိက္ခာထပ် ရဟန်းဒကာများ

ဒုတိယ ရဟန်းဒကာ—

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လဟာယက်ရွာ အရှေ့ပိုင်း—ဦးပန်းအေး ဒေါ်ညွန့်စိန်သားသမီးများ၏ ပစ္စယာနုဂ္ဂဟဖြင့် ဒုတိယအကြိမ် သိက္ခာထပ် မင်္ဂလာ ပြုခဲ့ပါသည်။

တတိယ ရဟန်းဒကာ—

သန်လျင်မြို့ အောင်မင်္ဂလာ(၂)လမ်း ဒေါ်သန်းနှင့် သားသမီးမြေးများ၏ ပစ္စယာနုဂ္ဂဟဖြင့် တတိယအကြိမ် သိက္ခာထပ် မင်္ဂလာပြုခဲ့ပါသည်။

စတုတ္ထ ရဟန်းဒကာ—

သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်း ဒေါ်ခင်မေနှင့် သားသမီးများ၏ ပစ္စယာနုဂ္ဂဟဖြင့် စတုတ္ထအကြိမ် သိက္ခာထပ် မင်္ဂလာပြုခဲ့ပါသည်။

ပဥ္စမ ရဟန်းဒကာ—

သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက်၊ (၅)လမ်း ဦးအေး ဒေါ်ခင်မြနှင့် သားသမီးများ၏ပစ္စယာနုဂ္ဂဟဖြင့် ပဥ္စမအကြိမ်သိက္ခာထပ်မင်္ဂလာပြုခဲ့ပါသည်။

ဆဋ္ဌမ ရဟန်းဒကာ—

ရန်ကုန်တိုင်း သုံးခွမြို့နယ် ပုလဲရွာ ဦးမြလှိုင် ဒေါ်တင်ဥ သားသမီးများ၏ ပစ္စယာနုဂ္ဂဟဖြင့် ဆဋ္ဌမအကြိမ် သိက္ခာထပ် မင်္ဂလာ ပြုခဲ့ပါသည်။

သတ္တမ ရဟန်းဒကာ—

ရန်ကုန်တိုင်း သန်လျင်မြို့ မြို့မလမ်း ဒေါ်သန်းခင်၏ ပစ္စယာနုဂ္ဂဟဖြင့် သတ္တမအကြိမ် သိက္ခာထပ်မင်္ဂလာ ပြုခဲ့ပါသည်။

အဋ္ဌမ ရဟန်းဒကာ—

ရန်ကုန်တိုင်း သန်လျင်မြို့ နွယ်နီလမ်း အောင်သုခရပ်ကွက် ဦးယုဝမ် ဒေါ်မြယဉ် မိဘနှစ်ပါးကို အမှူးထား၍ အစ်မ-မစိုးမြင့်၊ ညီမ-မင်းရီဝေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အဋ္ဌမအကြိမ် သိက္ခာထပ် မင်္ဂလာ ပြုခဲ့ပါသည်။

နဝမ ရဟန်းဒကာ—

ရန်ကုန်တိုင်း သန်လျင်မြို့ မဂ္ဂင်လမ်း မယ်တော်ကြီးဒေါ်စောတင်မိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် နဝမအကြိမ် သိက္ခာထပ် မင်္ဂလာ ပြုခဲ့ပါသည်။

ဒသမ ရဟန်းဒကာ—

ရန်ကုန်တိုင်း သုံးခွမြို့နယ် ပုလဲကျေးရွာ ဦးစံရွှေ မိသားစု၏ ပစ္စယာ-နုဂ္ဂဟဖြင့် ဒသမအကြိမ် သိက္ခာထပ်မင်္ဂလာ ပြုခဲ့ပါသည်။

ဧကာဒသမ ရဟန်းဒကာ—

ရန်ကုန်တိုင်း သင်္ကန်းကျွန်းမြို့နယ် ရွှေသို့ဂေက်မှုလက်မှု မောင်စံတင် မမြကျင် သမီး မသန်းဌေးဦး—မမူမူအေး—မရီရီမြင့် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဧကာဒသမ အကြိမ် သိက္ခာထပ်မင်္ဂလာ ပြုခဲ့ပါသည်။

ဒွါဒသမ ရဟန်းဒကာ—

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်၊ ကြက်တန်းသာယာကုန်းလမ်း မိခင်ကြီး ဒေါ်ကြင်မြကိုအမှူးထား၍၊ မောင်လှရွှေ—မစိုးမြင့်သားသမီးများ၏ ပစ္စယာ နုဂ္ဂဟဖြင့် ဒွါဒသမအကြိမ် သိက္ခာထပ် မင်္ဂလာ ပြုခဲ့ပါသည်။

တေရသမ ရဟန်းဒကာ—

ရန်ကုန်တိုင်း လဟာယက်ရွာ ရွှေပိုင်း မိခင်ကြီး ဒေါ်မြကို အမှူးထား၍ သမီးမကြင်ထွေး—မတင်တင်မြင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တေရသမ အကြိမ် သိက္ခာထပ်မင်္ဂလာ ပြုခဲ့ပါသည်။

စုဒ္ဒသမ ရဟန်းဒကာ—

ရန်ကုန်တိုင်း—ဗဟန်းမြို့နယ် ကင်းဘဲလမ်း ဦးစောထွန်းအောင် ဒေါ်ခင်မြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် စုဒ္ဒသမအကြိမ် သိက္ခာထပ်မင်္ဂလာ ပြုခဲ့ပါ သည်။

(အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိချိန်အထိ ဆရာတော် ကိုယ်တိုင် မှတ်တမ်းတင်ပေးသော ဦးရေစာရင်းဖြစ်ပါသည်၊ နောက်ပိုင်း၌ အရည်အတွက် များပြားလှ၍လည်းကောင်း၊ ဆရာတော်သာ သိခဲ့၍ အများမသိခဲ့၍ လည်း ကောင်း ချန်လှန်ထားခဲ့ရပါသည်)။

### ပညာသင်စခန်း အထက်သို့ တက်လှမ်းခြင်း

ရဟန်းအဖြစ်သို့ရောက်ရှိတော်မူပြီးနောက် အရှင်ဝဏ္ဏသိရီ၏လိုအင် ဆန္ဒ လုံးလဝီရိယ ထက်သန် မြဲမြံသည်ကို အလေးဂရုပြုထားကြသည့် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် သာသနာ့ဝံသဆွမ်းစားကျောင်းကြီး အပေါ်ထပ်နေ—ချမ်းသာဆင်းရဲ ခံစားတူဘက် သမဂ္ဂ သတင်းသုံးဖော်

ဖြစ်တော်မူကြသောအရှင်သုမင်္ဂလ(ထိန်တော)အရှင်သောဘိတ(ဝင်းကောက်)တို့က ထိုအချိန်၌ ပထမပြန် စာသင်လောကတွင် နာမည်ကြီးလှသော သန်လျင်မြို့နယ် လဟာယက်ရွာ ပထမပြန် စာသင်တိုက်သို့ မိမိတို့နှင့် တစ်ပါးတည်း ပြောင်းရွှေ့သင်ကြားရန် တိုက်တွန်းခဲ့ကြ၏။

လိုက်ဖို့ရန်ဆုံးဖြတ်ပြီးဖြစ်သော်လည်း အရှင်သုမင်္ဂလ၊ အရှင်သောဘိတတို့နှင့် တစ်ပါတည်း မလိုက်ဖြစ်၊ ရဟန်းဒါယကာကြီးများ၏ရွာ ရှမ်းတဲကြီးကျောင်း၌ ခေတ္တသီတင်းသုံးရသေး၍ ကိုရင် ကျောင်းသားတို့အား ကူညီ စာသင်ပေးရသေး၏၊ ထို့နောက်–ရဟန်းဝါ(၁)ဝါအရတွင် ရဟန်းဒါယကာကြီး–ဦးသန့် ကိုယ်တိုင်လိုက်၍ လေးဒေါင့်ကန်ရွာမှ ခြေလျင်ခရီး(၅)မိုင်ခန့်ကွာဝေးသော သရက်ပင်ချောင်ရွာသို့ သွားရသည်။ ၎င်းရွာမှ ပဲခူးမြစ်ကို ကူတို့လှေဖြင့် ဖြတ်ကူး၏၊ ဒေးဇပ်ရွာသို့ရောက်ပြန်၏၊ ယင်းရွာမှ တဖန်ခြေလျင်ခရီးဖြင့်(၂)မိုင်ခန့်ဝေးသော လဟာယက်ရွာ ပထမပြန်စာသင်တိုက်သို့ ရောက်ရှိ၍ သက်ဆိုင်ရာ အုပ်ချုပ်သူ ဆရာတော်များထံ ဦးသန့်ကိုယ်တိုင် အပ်နှံလျှောက်ထား ကိုယ်တိုင်လည်း ပညာသင်ရန် ဝတ်တွား လျှောက်ထား အပ်နှံ၏။

(စကားချပ်)– ယခုလက်ရှိ လဟာယက်ရွာအနီး တောင်ဖက်ကွင်းတွင် ယခင်က ပင်လယ်ရေများ ပဲခူးမြစ်ကြောင်းမှ လျှံတက်ခဲ့၍ လဟာပြင်ကြီးပမာ ရေပြင်ဖွေးဖွေး မြင်ရသူ ငေးလောက်၏။ လေအတိုက်တွင် ဝေ့ဝိုက်ကာ ဖြစ်ပေါ်လာသည့် ဂယက်လှိုင်းတို့မှာ ဝဲဂယက်သဖွယ် မြင်ရသူများကို ထူးခြားစေခဲ့၍ ရွာအမည်ကို (လဟာဂယက်)ရွာဟု သညာပြုခဲ့ရာမှ နောင်ကာလကြာသော် ဂ–ယေ်ဖြုတ်၍ လဟာယက်ဟု ဆိုလွယ်ပြုခဲ့ကြရာ ယနေ့တိုင် ထိုအမည်သာ တွင်တော့၏။

အရှင်ဝဏ္ဏသိရီ–လဟာယက်ရောက်စ၌ လဟာယက် ပထမပြန်စာသင်တိုက်၌ ဆရာတော် ဦးကလျာဏ (ဥယျာဉ်ဆရာတော်) စာချဆရာတော် အရှင်ဇောဇောသာရ(နောင်–နာမည်ကျော် ပထမပြန် သဒ္ဒါကျမ်းနှင့် (၃၈)ဖြာ မင်္ဂလာကဗျာများ ရေးသားခဲ့သည့်– ဒဂုံ ဦးထွန်းမြင့်)စာချဆရာတော် အရှင်သာသန(ယော)တို့ထံတွင် ပထမပြန် စာပေများကို ပထမဆုံးအကြိမ် စနစ်တကျ လေ့လာသင်ယူခွင့် ရရှိတော်မူခဲ့ပါ၏။

ပညာသင်ဆဲဝယ် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ တနှစ်အလို၌ အစိုးရ ပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ ကျရှုံးခဲ့၏၊ ဒုတိယအကြိမ် ထပ်မံဝင်ရောက်ရန် ကြိုးစားဆဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသဖြင့် စာသင်ကြားမှု ခေတ္တရပ်ဆိုင်းခဲ့ရတော့၏။

နှစ်ပေါင်းတစ်ရာမန္တ မြန်မာ့သယံဇာတနှင့်လူမျိုး၊ နိုင်ငံပိုင်နက်ကို ကျူးကျော်ဝင်ပူး နယ်ချဲ့စစ်ဘီလူး ဥစ္စာရူး အင်္ဂလိပ်များ ခြယ်လှယ်ချုပ်ချယ် မတရားလွှမ်းမိုးခဲ့ပြီး ဗိုဝိန်အချုပ် သက်တန်းပြုတ်ခါနီး ဂယောင်ကတမ်းဖြစ်နေချိန်–

အရှေ့တလွှားစီမှ ဖက်ဆစ်စစ်ဘီလူး ဂျပန်များကလည်း နယ်ချဲ့ ဒေသသိမ်း နိုင်ငံများပါ တစ်နိုင်ငံချင်း လွှမ်းမိုးလာခဲ့ရာ နောက်ဆုံး မြန်မာနိုင်ငံတံ စ်ဝန်းဝင်ရောက်၍ ရှေးဦးစွာ မြန်မာ့အလိုကျ–အင်္ဂလိပ် ခြေမချနိုင်ရန် ပူးပေါင်း၍ ကန်ထုတ်နိုင်ခဲ့၏၊ နောက်ပိုင်းရောက်သော် အစွယ်ပြူးပြူး စစ်ဘီလူးရုပ်ပေါ်လာသောအခါ မြန်မာတိုင်းဖွား သာသနာ့ ခေါင်းဆောင်များပါမကျန် ပါးရိုက်ခံရ၏၊ လက်သဲနှုပ်ခံရ၏၊ အမျိုးမျိုးအဖုံဖုံ ရက်စက်မှုတွင် သရဖူဆောင်းခဲ့သည်မှာလည်း ကမ္ဘည်းစာတင်ခဲ့သော် ဆုံးအံ့လိမ့်မည် မထင်ပါပေ။

ဂျပန်များ မြန်မာတစ်ပြည်လုံး သိမ်းယူ လွှမ်းမိုးခိုက်–ဒေါက်တာဗမော်အစိုးရလက်ထက်တွင် ဝိနယ အလင်္ကာတန်း အောင်မြင်ခဲ့သေး၏၊ ယင်းမှတစ်ဖန် ကျူ့ချောင်းရွာ ဆရာတော် ဦးပဏ္ဍိတထံ လက်ရိုးတွက် ပညာသင်ကြားရန် တစ်ဝါဆိုခဲ့ရာ ၎င်းရွာ၌ နောင်အခါ ပညာဗလဘွဲ့ရ ဆရာကြီး ဦးကြီးဖေနှင့် စတင်သိကျွမ်းခွင့် ရရှိခဲ့ကြောင်း နောင်တွင် ပြန်လည်အမိန့်ရှိပါသည်၊ ထို့နောက် သန်လျင်မြို့ မင်းကျောင်းဆရာတော်ကြီး ဦးခေမိန္ဒထံ ခိုလှုံကာ နောင်တွင် နာမည်ကျော် စာရေးဆရာကြီးဖြစ်လာသည့် ဦးလှကြိုင်(ပါရဂူ)တို့နှင့်အတူ ယခင် စိန်ဂျော့ဂျ်၊ ယခု အမှတ်(၃) အ–ထ–က ကျောင်း၌ ဖွင့်လှစ်ထားသည့် ဂျပန်ပညာသင်ကျောင်း၌ (၆)လခန့် စာမေးပွဲအောင်သည်အထိ ဂျပန်စာကို ဘာသန္တရအဖြစ် သင်ကြားခဲ့သေး၏။

နောင်တွင် သရက်ပင်ချောင်ဆရာတော် ဦးဂုဏာစာရ ဖြစ်လာမည့် သီတင်းသုံးဖော် ညီတော်လေ်ည်း အတူသင်ကြားခဲ့ကြောင်း အမိန့်ရှိပါ၏။

(စကားချပ်) မင်းကျောင်း ရာဇဝင်ကို အနည်းငယ် ဖော်ပြပါအံ့။ (မင်းကျောင်းမှာ ယခင်က သန်လျင် ရေနံချက် စက်ရုံဝင်း ဥပစာ၌ရှိသော ခေတ်တော်ကုန်းအရပ်တွင် မင်းဆရာကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း နှစ်ပေါင်းများစွာ တည်ရှိလာခဲ့၏။ နောင်တွင် ရေနံချက်စက်ရုံ အနီးကပ်တည်ရှိလာမှုကြောင့် သက်ဆိုင်ရာ အာဏာပိုင်များ၏ စီစဉ်မှုဖြင့် ယခု မင်းကျောင်း တည်ရှိရာဌာနသို့ (၁၂၆၄)ခုနှစ်တွင် ပြောင်းရွှေ့

ခဲ့၏၊ ဆရာတော် အဆက်ဆက် သီတင်းသုံးခဲ့ရာ ဆရာတော် ဦးခေမိန္ဒလက်ထက်၊ လဟာယက် ပထမပြန် စာသင်တိုက်မှာ လည်း စစ်ဘေးစစ်ဒဏ် အခြေအနေကြောင့် စာသင်ကြားမှုကိစ္စ မရေမရာ ဖြစ်နေချိန် အချိန်ရခိုက် ဂျပန်ဘာသန္တရကို လုံ့လ စိုက်လိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် မင်းကျောင်းသက်တမ်းမှာ ယနေ့(၁၃၅၆–ဝါဆိုလ)ဆိုလျှင် (၈၂)နှစ်ခန့်ရှိပြီး ဖြစ်ပါ၏။ ပထမပြန်စာသင်တိုက်သက်တန်းမှာလည်း ၁၃၁၁- ခုနှစ်တွင် လဟာယက်မှ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သောကြောင့် (၄၅)နှစ် သက်တမ်း ကြာခဲ့ပြီဖြစ်ရာ ကျောင်းတိုက်သက်တမ်း ရာပြည့်ရန် (၈)နှစ်၊ စာသင်တိုက်သက်တမ်း ရွှေရတုခရီးမှာ (၅)နှစ် သက်တမ်းသာ လိုပါတော့၏၊ ရွှေရတုနှင့် ရာပြည့်ခရီးမှာ မဝေးလှတော့ရာ ဆရာဒကာလက်တွဲ၍ အောင်ပွဲ အလီလီရရှိရန် ပို၍ ထမ်းဆောင်ကြဖို့ သတိတရားပန်း ပွင့်လန်းလာစေရန် ကလောင်မှ ဖြစ်ပေါ်လာသော ဤစာစကားဖြင့် မေတ္တာရှေ့ထား၍ နှိုးဆော် သမှု ပြုရပါ၏။

မင်းကျောင်း၌ နေထိုင်စဉ် ရှမ်းတဲကြီးရွာသို့ ခေတ္တအလယ်သွားရာ ရဟန်း ဒါယကာကြီး ဦးသန့်၏မြေး မောင်တင်ဦး ကျောက်ပေါက်နေသည်ကို တံခါး အပေါက်ဝမှ သတင်းမေးပြီးအပြန် သန်လျင်ရောက်သည့်အခါ ဆရာတော်၌ ကျောက်ရောဂါ ကူးစက်ပြန့်ပွားစ ဖြစ်လာခဲ့သည်။ ယင်းမှတဖန် လဟာယက် ရွာ ပထမပြန် စာသင်တိုက်သို့ ပြန်လာသည့်အခါ ကျောက်အလုံး(၅၀)ခန့် ပေါ်လာလေတော့၏။

ကျောက်ရောဂါဖြစ်နေစဉ် ဒတူနေပြီး ပြုစုသည့် အရှင်ဂုဏာစာရသည် ဆရာတော် ရောဂါ သက်သာသည်နှင့် တပြိုင်နက် အပြင်းအထန် ကျောက်ရောဂါ တကိုယ်လုံး ပေါက်တော့လေရာ ဆရာတော်ကတဖန် ပြန်၍ ပြုစုရပြန်တော့သည်၊ ၎င်းအခြေအနေကို ဆရာတော် ဦးဂုဏာစာရက ဤသို့ မှတ်တမ်းပြုထားပါ၏။

သူ့ကျန်းမာရေး တိုး၍တိုး၍ ကောင်းလာသည်နှင့်အမျှ ကျွန်ုပ်၏ ကျန်းမာ ရေး တိုး၍တိုး၍ ထိုင်းမှိုင်းလာပြီး တစ်ရက်နှစ်ရက် မိတ်ကလေးများကအစ တစတစ ကျောက်ရောဂါဖြစ်ကြောင်း သိလျှင်ပင် သူသည် မျက်နှာမကောင်း ဖြစ်လျက် သူနာပြုတာဝန်ကို တစ်လှည့်ထမ်းတော့သည်၊ သူကား နေ့ညဒိုင်ခံ ကြုံကြုံဖန်ဖန် ပြုစုကုသပေးတော့သည်၊ ထိုစဉ်ကအရေခွံကွဲပေါက်သွားသည့်အနာ တို့အတွက် ထိမှနာသော်လည်း ကွဲအုံ့ဆဲဆဲအနာတို့မှာ မျိုသိပ်မရ ကုတ်ဖဲ့ချင် လုရာ ဆရာဘို့ ညွှန်ကြားချက်ဖြင့် တမာခက်များချိုး၍ ကျွန်ုပ်ကိုယ်ကို အယား ပြေစေရန် တံမျက်လှည်းသလို လှည်းပေးနေတတ်ပေသည်။

တခါတရံ လက်က ကုတ်မိဖဲ့မိပြန်ရာ သွေးသံရဲရဲကို မြင်ရသော် သူက "မင်းတော့ အရုပ်ဆိုးတော့မှာဘဲ"ဟု ပူပန်ပြီး လက်ငါးချောင်းကို အဝတ် နှစ်ထပ်သုံးထပ်အုပ်၍ လက်ဝှေ့ထိုးအိတ်ကဲ့သို့ စည်းထားပေးတတ်သည်၊ သူဒီလို ပြုလုပ်ပေးသောအခါ ကျွန်ုပ်လည်း ဂဏလေးကဲ့သို့ ငြိမ်နေရ အိပ်နေရ တော့၏။

ဤတွင် သူ၏ တပက်သားအပေါ် သနားတတ် ကြင်နာတတ်သော စိတ် ဓာတ်ရှိကြောင်း စောစောကထက် သိရှိခွင့်ရလိုက်ပေသည် ဟူ၍ မှတ်တမ်းပြု ထားခဲ့ပါ၏။

ဂုဏ်ဆရာတော်နှစ်ပါး ကြောက်မက်ဖွယ်ကောင်းလှသည့် ကျောက်ရောဂါ ဖြစ်ပွားစဉ် ဆရာကြီး ဦးဘိုးကောင်း ဒါးပိန်ဆရာကြီး ဦးမောင်တင်၊ ဘုန်းကြီး ဦးဝိမလ၊ ကျော်ဗလ၊ (ဇာတ်မင်းသား) ဦးမြလှိုင်၊ ရှမ်းတဲကြီးဆရာတော်နှင့် မိုးခိုင်ကြီး ဦးဥဿာဘိဘာတို့မှာ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ဝိုင်းဝန်းပြုစုခဲ့ ကြောင်း ဆရာတော်များ အမိန့်ရှိဖူးပါ၏။

ဤကဲ့သို့ အလှည့်အပြောင်း အကြောင်းစုံနှင့် ဆုံစည်းခဲ့ရပြီးနောက် ပဲခူးမြို့ ဝိနယာဓိက ပထမဆင့်စာမေးပွဲနှင့် လှည်းကူးမြို့ ဝိနယပထမလတ်တန်းတို့ကို လဟာယက်စာသင်တိုက်မှပင် ဖြေဆိုအောင်မြင်ခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အခါ အစိုးရက အရည်အချင်းရှိသူများ မိမိစွမ်းနိုင်ရာအတန်းကိုဝင်ခွင့်ပေးသဖြင့် ပထမငယ်တန်းကိုကျော်၍ ပထမလတ် တန်းကို ဝင်ရောက်ဖြေဆိုရာ မိတ်ဆွေများဖြစ်ကြသည့် အရှင်ဂုဏာစာရ၊ အရှင် သီဟ(နောင်အခါမောင်သိန်းမြင့်–ကမ္ဘာအေး) တို့နှင့်အတူ ပထမလတ်တန်းကို အောင်မြင်ခဲ့ပါသည်။

### မင်းကျောင်း ပထမပြန် စာသင်တိုက် သမိုင်းဝေါဟာ မည်သည်

၁၃၁၁-ခုနှစ်တွင် ဆရာတော် ဦးကလျာဏနှင့် စာချဆရာတော် ဦးသာသန တို့ လဟာယက်နယ်ပယ် အခြေအနေ မသာယာသဖြင့် နောင်ဗဟန်း ပုဗ္ဗါရုံဆရာတော် ဦးနန္ဒဝံသရှိရာ သန်လျင်မြို့ မင်းကျောင်းသို့ ခေတ္တပြောင်းရွှေ့ သီတင်းသုံးနေထိုင်ခဲ့ကြရာ ထိုအခိုက်တွင် ပရိယတ္တိ သာသနာစိတ်ဓာတ် ပြင်းပြ ထက်သန်ကြသော–

ဆရာကြီး ဦးဘိုးလှနှင့်နှမဒေါ်ပဲ၊ ဒေါ်ကောက်၊ ဒေါ်ကြင်၊ ဒေါ်ခင်ကြီး၊ ဒေါ်အေးမယ်၊ ဒေါ်မိန်းကလေး၊ ဒေါ်အေးတင် စသော ဒကာဒကာမတို့သည်

ယခုလက်ရှိ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် မို့ဇသန္တေကောင်းစွာတည်နေရန် သက်ဆိုင်ရာ ဆရာတော်ဘုရားကြီးများနှင့် ညှိနှိုင်းတိုင်ပင် မြေ့ါမြှင်ကြီးမား ကြိုးစားထောက်ပံ့သမှု ပြုခဲ့ကြပါသည်။

ထိုအချိန်၌ "မင်းကျောင်း" ဟူသော မူလအမည်တွင် လဟာယက်မှ အခြေစခဲ့သော မျိုးစေ့မူမှန် "ပထမပြန်စာသင်တိုက်" ဟူသည့် အမည်သညာပါ ထပ်ဆင့်လောင်း၍ အမည်ပြုခဲ့သောကြောင့် နောင်မြန်မာ့သာသနာ့သမိုင်းတွင် "မင်းကျောင်း ပထမပြန်စာသင်တိုက်" ဟု ထင်ရှားပေါ်ပေါက်သွင် သာသနာဝင်ဖြစ်လာရသည့် တိုက်တာကြီးပင် ဖြစ်ပါတော့သည်။ ဤ၌ ထူးခြားချက်ကား ဆရာဒကာလက်တွဲညီညာ ဆောင်ရွက်ပါက သာသနာအရေး ရင်မလေးရဖွယ်ပင် ဖြစ်ပါ၏၊ အချိန်ကလည်းကြုံ အခွင့်ကလည်းကောင်း အမြော်အမြင် ပညာထပ်ဆင့်လောင်းလိုက်သောအခါ—

သာဂါရော အနဂါရော စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ—

ဟူသော ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီထုံးနှင့်အညီ ဆရာဒကာ လက်တွဲညီညာ ဆောင်ရွက်ပါက "သာသနာလည်းစည်ပင် သံသရာကိုလည်း လွန်မြောက်နိဗ္ဗာန်တိုင်အောင်ပင် ရောက်ရှိနိုင်သည်" ဟူသော ရှင်တော်မြတ်ဘုရား၏ ဒေသနာသရုပ် ပတ္တမြားအထုပ်ကို ရွှေကြာကလပ်သို့ တင်ပြလိုက်သလိုပင် ဖြစ်ရပါတော့သည်။

## ငယ်စဉ်အခါ ပညာရှာ၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်

ချိုမြိန်သော ဝတ်ရည်ကို သောက်စို့လိုသော ပျားပိတုံးတို့သည် တောင်မြောက်ဝဲယာ ရွှေ နောက်ပါ ပျံဝဲနိုင်ပါမှ လိုအင်ဆန္ဒ ပြည့်ဝစွာ သောက်စို့ရပေလိမ့်မည်။

ထို့အတူမခြား ဆရာတော်ဘုရားလည်း ငယ်စဉ်ကာလ သောတုဇနသာဝဖြင့် ရပ်ပြောင်းရွာစွေ့ ပညာတွေကို ရှာဖွေခဲ့ရလေ၏။

ဒုတိယကမ္ဘာစစ်ကြီးပြီးစ ကျီးလည်းဖုတ်ဖုတ် လူငုတ်တုပ် ဆုတ်ယုတ်ပြန့်ကျဲ မြန်မာပြည်ဘဲ၌ ဖယိုဖရဲ့တွက အနှိန်မသတ်သေးမီ ရဟန်း ဒါယကာများရှိရာ ရွှမ်းကဲကြီးအောက်ရွာကျောင်းဆရာတော်ထံ တစ်ဝါဆိုလျက်စာပေများကို သင်ကြားခဲ့ရပြန်သည်၊

ထေရုပ္ပတ္တိ ၃—ပ.မ.သ.စ (၉၄)

ထို့နောက် ပဲခူးမြို့ ဆရာရင်းဖြစ်တော်မူသော ဝိပဿနာဆရာတော် ဦးဝရိန္ဒ၏ ခေါ်ယူချက်အရ တစ်ဝါပြန်ဆိုကာ ရဟန်း-သာမဏေငယ်များကို စာပေသင်ကြားပေးခဲ့ရသေးသည်။ ဆရာတော်ဦးဝရိန္ဒကား အလွန်ထက်မြက်၏၊ ဝီရိယဇွဲသန်၏၊ စိတ်ဆန္ဒပြင်းပြ၏၊ ဂန္ထဓုရတာဝန်ကိုလည်း ကျေပွန်စေ၏၊ ဟောရေး ပြောရေးလည်းမချွတ်ယွင်း၊ ဝိပဿနာအလုပ်ကိုကား ရာသက်ပန်စွဲမြဲစွာ ကျင့်သုံးပွားများနေ့မက တပည့်အပေါင်းတို့ကိုလည်း တတ်နိုင်သမျှအားထုတ်စေကာ ကျမ်းစာများကိုလည်း ပြုစုရေးသားတော်မူခဲ့သော ဆရာတော်ပင်ဖြစ်ပါ၏။

အာစရိယပရမ္ပရ သိသာနသိဿ ဟူသော စကားအဘိုင်း ဆရာတော်၏ဆရာက ထက်မြက်တက်ကြွ ဝီရိယဇွဲသန် စိတ်ဆန္ဒ ပြင်းပြသူဖြစ်တော့ တပည့်လိမ္မာ ဝဏ္ဏသိရီ အရှင်မှာလည်း ဆရာ့ခြေရာကို မချွတ်မယွင်း ထပ်ဆင့်နင်းနိုင်ခဲ့ပါ၏။ ထို့ကြောင့် ပဲခူးမြို့ ဝိပဿနာကျောင်းမှတဖန် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်သို့ ပညာသင်ကြားရန် ပြန်လည် ရောက်ရှိတော်မူခဲ့ပါသည်။ စာသင်တိုက်သို့ ရောက်ပြန်သောအခါ စာလည်းသင်ကြား ပူးတွဲတာဝန်အားဖြင့် ဆွမ်းစားကျောင်းတာဝန်ကိုလည်း ထေရ်ဆရာများ၏ ယုံကြည်ကိုးစားမှုဖြင့် ထမ်းရွက်ခဲ့ရပြန်ပါ၏။

ထိုနှင့်ပတ်သက်၍ ဆရာတော်က နောင်တချိန်တွင် ဤသို့ပြန်လည် အောက်မေ့ရှိဘူး၏၊ "ဆွမ်းစားကျောင်းဘုန်းကြီး လုပ်ရတယ်ဆိုတာ မလွယ်ဘူး၊ လူကြီးနှင့်လူငယ်တို့၏ ဆန္ဒကိုသည်း ပြည့်အောင်လုပ်ရတယ်၊ သည်းညည်းလဲ အလွန်ခံရတယ်၊ စိတ်လည်း ရှည်ရတယ်၊ ဝေဖန်နှိုင်းချိန်မှုနဲ့ ပြည့်စုံရတယ်၊ အဂတိလဲကင်းရတယ်၊ စေတနာနဲ့ သဒ္ဓါကိုလည်း ပညာနဲ့ နှိုင်းချိန်တတ်ရတယ်၊ စိတ်ထားတတ်ရင် ကုသိုလ်များစွာ ရတဲ့အလုပ်ပဲ၊ တပည့်တော်တော့ ချက်ပြုတ်ရေးဆို ဟင်းစုံ ထမင်းမကျန် ချက်ပြုတ်တတ်ရန် လေ့လာထားတယ်" ဟူ၍ အမိန့်ရှိခဲ့ဘူးပါ၏။

ထိုသို့ စာလည်းသင်ကြား ဆွမ်းစားကျောင်း တာဝန်များကိုလဲ ထမ်းဆောင်နေဆဲမှာပင်ဂရင်ဂျီနာဖြစ်၍ သန်လျင်မြို့ပြည်သူ့ဆေးရုံကြီး၌တက်ရောက်၍ ခွဲစိတ်ကုသမှုခံယူခဲ့ရာ ဘိလပ်သားဆရာဝန်ကြီးနှင့် ဒေါက်တာနရူးရားတို့၏ ကျွမ်းကျင်စွာ စောင့်ရှောက်မှု၊ တပည့်ဒကာ ဒကာမများ၏ ကူညီဆောင်ရွက်မှုကြောင့် အသက်အန္တရာယ်ပြုနိုင်သည့် ထိုရောဂါဘိုးမှ ကင်းဝေးတော်မူခဲ့ရပြန်ပါသည်။

ပေါတ္ထကေသု စ ယံ သိပ္ပံ၊ ပရဟတ္ထေသု ယံ ဓနံ။
ယထာ ကိစ္စေ သမုပ္ပန္နေ၊ နံ တံ သိပ္ပံ န တံ ဓနံ။

"ပေစာအုပ်တို့၌ ရှိသောအတတ်ပညာသည် အရေးကိစ္စ ကြုံလာခဲ့သော် မိမိ အတတ်ပညာမဟုတ်၊ သူတပါးလက်၌ရှိသော ဥစ္စာပစ္စည်းသည်လည်း ကိစ္စ ကြုံလာသော် မိမိဥစ္စာ ပစ္စည်းမဟုတ်" ဟူသော လောကနီတိ မိန့်ရှိချက်ကို ဦးထိပ်ပန်ဆင်ကာ–

(၁၃၁၂)-ခုနှစ်တွင် ပထမကြီးတန်းစာပေများကို ဆက်လက်သင်ကြားရင်း စာချဆရာတော် အရှင်သာသန၏ စီစဉ်ချက်အရ အရှင်ဝဇိရဗုဒ္ဓိ(ပဲခူး)နှင့်အတူ ရန်ကုန်မြို့ ရှမ်းလမ်းရှိ ဖောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်ဆရာတော် ဦးဥတ္တမထံ တစ်ဝါမျှဆိုကာ ယမက ညဝါ စာပေများကို လေ့လာသင်ကြားခဲ့ရ၍ ယမက ညဝါဘာသာအတွက် အစအဆုံး မျက်စိပွင့်ခဲ့ရ၍ ကျေးဇူးကြီးမားလှကြောင်း အမိန့်ရှိဖူးပါ၏–

## ထူးခြားတော်ဝင် ဆရာတော်အရှင်

ဆရာတော်၏ ငယ်စဉ်ကပင် ထူးခြားသည့်အကျင့်တစ်ခုကား ဝီရိယ ဇွဲသန်မှုပင်ဖြစ်၏၊ မည်သည့်ကိစ္စမဆိုလေ့လာ၏၊ နားလည် တတ်ကျွမ်းအောင် ဆောင်ရွက်တတ်၏၊ မပြီးမချင်း ဇွဲကိုအလျင်းမလျှော့ချေ၊ ၎င်းအခြေအနေ နှင့် ပတ်သက်၍ သီတင်းသုံးဘော်ရင်း တစ်ပါးက ဤသို့ဆိုပါ၏–

"ကြိုးပမ်းလုပ်ဆောင်ရာတွင် သူ မတူ၊ လုံးဝအလျှော့မပေး၊ တောင်းပန်၍ မျှမရ၊ တခါတရံ သူ့ကာယကအိပ်နေပြီး သူကမအိပ်၊ အသေအချာ အနားကပ် လေ့လာဖူးပါသည်၊ သူ့မျက်လုံးကား မမှိတ်၊ မျက်နက်ဝန်းကား ငြိမ်နေပြီး အာရုံမဝင် မထင်ကြောင်း ပြနေသည်၊ နားကား ထိုနည်းတူ၊ သံမှန်ဖြင့် ပြောကြည့်သည်၊ မကြား။ သို့ရာတွင် နှုတ်မှမူ သူရွတ်နေသည့် စာတို့ကို တတွတ်တွတ် ရွတ်အံမြဲရွတ်အံနေလေသည်၊ ဇွဲအားက သန်လှသည်။ မှတ်သားမှုပြုရာတွင်လည်း သေချာမှုကို အလွန်လေးစားရာ လက်တန်း မှန်း၍မကြိုက်။ သူ့လက်ကိုင် ကလောင်တို့ တကျိကျိ ရှဲရှဲ အော်မြည်နေရ မည်သာ၊နားထောင်လိုက်သေးသည်၊မှတ်လိုက်သေးသည်၊ရေးလိုက်သေးသည်၊ ကျက်လိုက်သေးသည်၊ သို့မှသာ အားပါးတရ ရှိပုံရသည်။ မေးရမန်းရမည်ဆိုပါ က တွေ့သမျှပင် ဆရာတင် မြင်သမျှအား ဆရာထားတတ်သည်။ သိဟန်တတ်ဟန် မာန်မာနထားကာ မကြားတတ်ပါ။ ထို့ကြောင့် အတူနေတို့က ခင်ကြသည်၊ ဇွဲလုံ့လသမားများ ပီ အရေးပေါ်လာပါက အလောတကြီးရှေ့ဆုံးမှ ရောက်နေ တတ်သည်"ဟူ၍ သုံးသပ်သမှု ပြုခဲ့ဖူး၏။

ဤကဲ့သို့အဓိပတိတရား အစဉ်အမြဲ လက်ကိုင်ထားတတ်မှု၊ စေတနာကြည်ဝမှု၊ သနားကြင်နာတတ်မှု၊ အမြော်အမြင်ပြည့်ဝမှု စသည့် အရည်အချင်းများ ရှိနေသည်ဟူ၍ သိတော်မူကြသည့်–

၁။ သံရက်ပင်ချောင် ပထမဆရာတော် ဦးဝှ္တမ

၂။ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် မဟာနာယက မြသိန်းတန်ဆရာတော် ဦးဉာဏိန္ဒ၊

၃။ သန်လျင်မြို့နယ် ဥယျာဉ်ရွာဆရာတော် ဦးကလျာဏ၊

၄။ ဗဟန်း ပုပ္ပါရုံကျောင်းဆရာတော် ဦးနန္ဒဝံသ။

အရှင်သူမြတ်များ၏ ပြဲဝါဒတော် အမြော်အမြင်ရှိမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ပေးတော်မူချက်များအရ နောင်သရက်ပင်ချောင် ဆရာတော်ဦးဇဏ္ဍာစာရ၏ တွဲဖက်အကူအညီဖြင့် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကို (၁၃၁၃) ခုနှစ်တွင် လက်ခံဆောင့်ရှောက်တော်မူခဲ့ပါသည်။ အရှင်ဝဏ္ဏသိရီကား စာသင်တိုက်တစ်တိုက်၏ ဦးစီးဦးကိုင် ကျောင်းထိုင်ဆရာတော် ဖြစ်လာခဲ့ပါပြီ၊ သို့သော်ထိုအရှင်၏ စိတ်ဆန္ဒတော်ကား မည်သို့ရှိသည်ကို အတူနေ တစ်ပါး၏ မှတ်တမ်းပြုမှုကို ရှုကြည့်၍ကြည်ညိုကြည့်ပါဦး။

"သူကား ကျောင်းပိုင် ကျောင်းထိုင်။ ကျောင်းထိုင်သာ ဖြစ်နေသည်ကျောင်းထိုင်စိတ်မပေါက်၊ ဘုန်းကြီးဟုပင် အခေါ်မခံချင်၊ 'ဦးပဥ္စင်းတို့က-ဦးပဥ္စင်းတို့က' နှင့် စကားပြောလျှင် ထည့်ပြောတတ်သည်၊ တစ်ခါတစ်ရံ ဦးပဥ္စင်းတို့က ကျောင်းထိုင်ဘုန်းကြီး မဟုတ်ပါဘူး၊ ကျောင်းစောင့်တွေပါ၊ ကိုယ်တတ်သမျှ မှတ်သမျှ သင်ပေးနေတာပါဟု ပြောလား ပြောသေး၏" တဲ့၊

**ထေရ်ဆရာသခင် ကူးတို့ရှင်**

အတ္တာဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။

အတ္တဒတ္ထမဘိညာယ၊ သဒတ္ထပသုတော သိယာ။

ဘိက္ခဝေ၊ သူ့ကျိုး ကိုယ့်ကျိုး နှစ်မျိုးရှုညောင်း အို-ရဟန်းအပေါင်းတို့။ ဗဟုနာပိ၊ များပြားလှစွာ လည်းဖြစ်သော။ ပရတ္ထေန၊ သူတစ်ပါးအကျိုးကြောင့်။ အတ္တဒတ္ထံ၊ ကိုယ်၏အကျိုးကို။ န ဟာပယေ၊ မဆုတ်ယုတ်စေရ။

အတ္တဒတ္ထံ၊ ကိုယ့်အကျိုးကို။ အဘိညာယ၊ သိပြီးလျှင်။ သဒတ္ထ ပသုတော၊ ကိုယ့်အကျိုး၌လေ့ကျက်သည်။ သိယာ၊ ဖြစ်ရာ၏။ (ဓမ္မပဒ)

ကူးတို့ပို့သော ကူးတို့သမားသည် တစ်ဘက်ကမ်းသို့ သူတပါးရောက်ရှိရန် ပို့ဆောင်ပေးရသော်လည်း - မိမိကိုယ်တိုင်လည်း ကမ်းတစ်ဘက်သို့ ရောက်ပြီးဖြစ်သည့် ဥပမာအတိုင်း မိမိအတွက်လည်း (၁၃၁၁)ခု၊ (၁၃၁၂)ခု၊ (၁၃၁၃)ခုနှစ်များ၌ ပထမကြီးတန်းကို ဝင်ရောက်ဖြေဆိုရာ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ မလျှော့သော လုံ့လ ဝီရိယဖြင့် (၁၃၁၄) ခုနှစ်ဝယ် ဆက်လက်ဝင်ရောက်ဖြေဆိုရာ မြန်မာပြည်တစ်ပြည်လုံး အောင်စဉ်အမှတ် (၁၅)ဖြင့် အောင်မြင်ခဲ့ပါသည်။(ယခင်က ပထမကြီးတန်းဂေဇက်ကို စာဖြေဌာနအလိုက်မထုတ်ပြန်ဘဲ၊ အောင်အမှတ် အနည်းအများအလိုက်သာ ထုတ်ပြန်ပါသည်။)

ထို့နောက် စာချတန်းအခြေခံ နည်းနာများကို စာချဆရာတော် အရှင်သာသန၊ သမဂ္ဂသီတင်းသုံးဖော်များ ဖြစ်ကြသော သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အရှင်ဂုဏာစာရနှင့် အရှင်သုမနာစာရတို့၏ အကူအညီကို ယူကာ လေ့လာခဲ့ရပြန်၏။ တစ်ဘက်က များပြားလှသော တိုက်တာ၏ တာဝန်များကို ထမ်းဆောင်နေရသည့်အတွက်ကြောင့် စာချတန်းစာမေးပွဲကို ဖြေဆိုရန် အခြေအနေမပေး ဖြစ်နေသည်။

ဓမ္မာစရိယစာချတန်း ဆိုသည်မှာလည်း တကယ်စင်စစ် သဒ္ဒါအနက်မသန့်၊ ဝိဂ္ဂြိုဟ်မမိ နိယံမထိ အခြေခံသဘောမရှိပါက သမုဒ္ဒရာ ရေပြင်ကျယ်ကို ကူးခတ်ရန် ခက်ခဲဘိသို့၊ လွယ်ကူလိမ့်မည် မဟုတ်ပါပေ။

ထို့ကြောင့် အရှင်ဝဏ္ဏသိရီသည် စာချတန်းဆိုင်ရာ၊ ပါဠိ အဋ္ဌကထာများမှ ခက်ဆစ် နိဿယများကို ထုတ်နုတ်၍အရကျက်ခြင်း၊ ဓာတ်ပစ္စည်း ဝိဘတ် လိင်ကိုဏ်း ကာရန္တများကို အထူးလေ့လာခြင်း၊ဝိဂ္ဂဟ ဉာသ်ကောက်များ၊ သံပဏ္ဏနာနိယံများစွာတို့ကို ကျက်မှတ်ကာ လေ့လာသမှု အချိန်ရတိုင်းပြုခဲ့ရပါ၏။

### အဂ္ဂမဟာအကျော် ဆရာတော်

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ=ဝီရိယရှိသောသူအား အဘယ်မည်သော အမှုကိစ္စ အဝဝသည် မပြီးစီးဘဲရှိပါအံ့နည်း။

၁၃၁၅ ခုနှစ်ရောက်သောအခါ ကိုယ်ကျိုးသက်သက် အချိန်ယူ၍အားထုတ်ရန် ဆရာတူဘပည့်ဖြစ်သော အရှင်သုမနာစာရ၏ အထူးသဖြင့် နှိုးဆော်မှုကြောင့် နွေရာသီဝယ် ရန်ကုန်မြို့ ဗဟန်းပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်ကာ စာချဆရာတော်များ၊ ဖြစ်တော်မူကြသည့်

၂၂၆၈၀

**ဦးစန္ဒဝံသ**၊ ဦးဉာဏိန္ဒ၊ ဦးသြဘာသတို့အထံ၌ စာချတန်း ပညာရပ်များကို လေ့လာဆည်းပူးပြီး ပထမအကြိမ် ဝင်ရောက်ဖြေဆိုရာ ပါရာဇိကဏ်နှင့် သီလက္ခန် (၂)ကျမ်းကို ကျမ်းစုံအောင်မြင်တော်မူခဲ့ပါ၏။ စာဖြေဌာနမှာကား မြို့မကျောင်းလမ်း (ငါဒဝင်)ရှိ မြို့မကျောင်းကြီးပင်ဖြစ်ပါ၏။

၁၃၁၆၊ ၁၃၁၇- ခုနှစ်များတွင် များပြားလှစွာသော တိုက်တာ တာဝန်များကြောင့် မန္တလေးသို့လိုက်၍ စာဖြေဆိုနိုင်သည့် အခွင့်အရေးကိုလက်လွှတ်လိုက်ရသေး၏။

ခြင်္သေ့မင်းတို့ မည်သည် သားကောင်သေးသည် ကြီးသည် ပမာဏမထား လုံ့လ ဝီရိယအားကို တစိုက်မတ်မတ် အတူတင်ထားတတ်သော သဘောရှိသကဲ့သို့၊ ကျွန်ုပ်တို့အရှင်မှာလည်း၊ ၁၃၁၈-ခုနှစ်သို့ရောက်သော်၊ ကျမ်းရင်း (၃) ကျမ်းမှ တစ်ကျမ်းသာ ကျန်တော့သည်ဟု သဘောမထားဘဲ၊ ဝီရိယ ဓာတ် ပြင်းပြစွာဖြင့် ကျန်ရှိသော အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းကို ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ပင် နွေရာသီခေတ္တ သီတင်းသုံး နေထိုင်ပြီး ဖြေဆိုခဲ့ရာ ဓမ္မာစရိယစာချတန်း ကျမ်းပြီးအောင်မြင်သူ (၄၀၁) ပါးထဲမှ အမှတ်အများဆုံး နံပါတ် (၁) အောင်ပန်းဖြစ်သော အဂ္ဂမဟာ အကျော်ကို ဆွတ်လှမ်းတော်မူနိုင်ခဲ့၍ မြန်မာတစ်ပြည်လုံး ခေါင်ကဖုံးနိုင်ခဲ့ပါ၏။

## အဂ္ဂမဟာအကျော် ဆရာတော်ပူဇော်သမှု ဤသို့ပြု

အဂ္ဂမဟာအကျော် အောင်ပန်းကို ဆွတ်ခူးခဲ့သော အရှင်မြတ်အား သက်ဆိုင်ရာဆရာတော် သံဃာတော်များ သန်လျင်မြို့လုံးဆိုင်ရာ အုပ်ချုပ်ရေးပိုင်းမှပုဂ္ဂိုလ်များ မြို့သူမြို့သားကျေးရွာများမှ ပုဂ္ဂိုလ်များ မော်တော်ယာဉ်အသင်း မြင်းလှည်းအသင်း ဆိုက်ကားအသင်း စသည့်အသင်းအဖွဲ့များက သန်လျင်ရာဇဝင်၌ ပထမဦးဆုံးအကြိမ် အထက်တန်းကျကျဖြစ်အောင် သိုက်မြိုက်စည်းကားဆုံးဖြစ်အောင် အရှင်ဂုဏာစာရ၏ စီစဉ်ညွှန်ကြားမှုဖြင့် အောက်ပါအတိုင်း ပူဇော်ခဲ့ကြပါ၏။

၁၃၁၈-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁)ရက်၊ (၇-၁၂-၅၇)စနေနေ့ ညနေ(၃)နာရီအချိန်မှစတင်၍ အဂ္ဂမဟာအကျော်အား ပူဇော်ရန်မြို့ကွင်းသို့ ပဒေသာပင်လှည်း၍လည်းကောင်း၊ ညဉ့်ပိုင်း၌မင်းကျောင်း စာသင်တိုက်ဝင်း အတွင်း ကျယ်ပြန့်စွာ ပြင်ဆင်ထားသော မင်္ဂလာမဏ္ဍပ်ကြီး၌ စိန်ဂဝင်ဗိုလ် မင်္ဂလာ ဆိုင်းအဖွဲ့ဖြင့်လည်းကောင်း၊ ဗဟိုမူလတန်းကျောင်းဝင်း အတွင်း၌၊ ရန်ကုန် အေးမေတ္တာအငြိမ့်နှင့်အမေရိကန် ရုပ်ရှင်ဖြင့်လည်းကောင်း ပြသပူဇော် ဖြေဖျော်ခဲ့ကြ၏။

၁၃၁၈ခု–နတ်တော်လပြည့်ကျော် (၂) ရက်၊ (၈–၁၂–၅၇)တနင်္ဂနွေနေ့ ဝယ် နယ်ပိုင်-ဦးထွန်းဝင်း၊ မြို့ပိုင်-ဦးလှမောင်၊ ယစ်မျိုးအရာရှိ-ဦးစွန်စိန်း၊ ဆရာကြီး-ဦးဖိုးလှ၊ ဆရာကြီး-ဦးထွန်းလှ၊ ဦးကြင်၊ ဦးထွန်းလွင်၊ ဦးစောမောင်၊ ပုလဲနက် ဦးဘသန်း စသောပုဂ္ဂိုလ်များက အစိုးရမော်တော်ရေယာဉ်ကို ကျနစွာပြင်ဆင်ပြီး ရန်ကုန် ဘောင်တန်းဆိပ်ကမ်းသို့ လာရောက်ကြိုဆိုကြရာ သန်လျင်ဆိပ်ကမ်းသို့ နံနက်(၈)နာရီတွင် ရောက်ရှိကြ၏။

ထို့နောက် သန်လျင်ဆိပ်ကမ်းမှ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များ မြို့မိမြို့ဖ မြို့သူမြို့သားများ၊ ဓမ္မစကြာအမျိုးသမီးဝတ်အဖွဲ့၊ ဆရာဆရာမများ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဝင်များ မော်တော်ယာဉ်အသင်း၊ မြင်းလှည်းအသင်း၊ ဆိုက်ကားယာဉ်အသင်း စသည်တို့က ကျနစည်ကားစွာ ကြိုဆိုကြပါသည်။

အဂ္ဂမဟာအကျော်အရှင်မြတ်အား ရွှေဆိုးမော်တော်ယာဉ်ပေါ်တင်၍ သန်လျင်ဆိပ်ကမ်းမှ ကျိုက်ခေါက်ဘုရားလမ်း၊ သိမ်ကျောင်းလမ်း၊ သန်လျင် ဈေးကြီးကို တစ်ပတ်ပတ်၍ လှည့်လည်အပူဇော်ခံခဲ့ပါသည်။

နံနက်ပိုင်းဆွမ်းခံဘုန်းပေးမှုနှင့် မွန်းလွဲ(၁)နာရီအချိန်တွင် ပူဇော်ပွဲကျင်းပရာ၊ ညနေ(၄)နာရီအချိန်တွင် ပြီးစီး၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း၊ ညပိုင်းမှာအငြိမ့်၊ ရုပ်ရှင်တို့ဖြင့်ဖြေ ဖျော်ပူဇော်ခဲ့ကြောင်း ထူးခြားစွာ မှတ်တမ်းပြုထားပါ၏။

ဝင်းပူဇော်ပွဲကြီးမှာ သန်လျင်ရာဇဝင်တွင် ပမထဆုံးအကြိမ်အစည်ကားဆုံး ပူဇော်ပွဲဟုခုဟု မှတ်တမ်းတင်ခြင်း ခံရသည့် ပူဇော်ပွဲကြီးလည်းဖြစ်ပါ၏၊

**ဆရာတော်၏ အုပ်ချုပ်သူအကြီးအကဲနှင့် ဆရာ၏တာဝန်များ**

ကျောင်းဘိုက်ကြီးကို တာဝန်ယူသည့်အချိန်မှ၍ လက်အောက်ခံ စာသင်သား သောတုဇနများ၏ အကြီးအကဲအဖြစ်သို့ ရောက်ရှိခဲ့သည်ဖြစ်ရာ–

ထကြွ နိုးကြား–သနား သည်းခံ၊

ဝေဖန် ထောက်ရှု–ညှိခြောက်ခု၊

ကြီးသူ့ကျင့်ဝတ်တာ —

ဟူသော အကြီးအကဲများ၏ ခြောက်ပါးသီလနှင့်အညီ နေထိုင်ရန်တာဝန် ကိုလည်း အလိုလိုပင် ထမ်းဆောင်ပြီး ဖြစ်ပါတော့သည်။

ထို့ကြောင့်ဆရာတော်၏ တစ်နေ့တာကိစ္စများကို ဆန်းစစ်ကြည့်ကြပါစို့– အရုဏ်တက်ဝန်းကျင်၌ နိုးသည်နှင့်တစ်ပြိုင်နက် ဟောရေးပြောရေး စာပေသင်ကြားရေးအတွက်လည်းကောင်း၊ ဂုဏ်တော်ရွတ် မေတ္တာပွား စသည်များကိုလည်းကောင်း ဆောင်ရွက်၏၊ ဝါတွင်း ဆွမ်းခံ ဆွမ်းစား ကိစ္စများရှိပါက ၎င်းကိစ္စများ ဆောင်ရွက်ပြီး ပြန်လာလျှင် သင်ကြားမှု၊ တရားဟောမှု၊ စသည်တို့အတွက် ဖတ်ရ မှတ်ရ ကျက်ဆောင်ရမှုများလည်း ပြုလုပ်ရပြန်ပါသည်။

ထို့နောက် နံနက်စာဝါများ ပို့ချပေးပြီးနောက် ပဋ္ဌာန်း–ယမိုက်စသော ညဝါဘာသာများအတွက် ဟောပုံ—ကောက်ရမည့်တရား–အပုံအစုများကို သိလွယ်မြင်လွယ်မှတ်သားလွယ်အောင် ဇယားကွက်များ ပုံစံသစ်ထွင်၍ သေသပ်ကျနအောင် ရေးသားပြန်၏၊ ဘလက်ဘုတ်(၁၅ ပေ× ၅ပေ)၃–ချပ်ခန့်(၂)မျက်နှာပြည့်မျှနေ့စဉ် ရေးသားပို့ချခြင်းဖြစ်ပါ၏။

ယင်းနောက် ကျောင်းတိုက်နှင့်သက်ဆိုင်သော ကိစ္စများကို စီမံဆောင်ရွက်ရပြန်သည်၊ နေ့လယ်ပိုင်း သီတင်းစာကို ခေတ္တခဏမျှ ကြည့်ရှုပြီးနောက် နိယံလင်္ကာ သံပေါက်များ ရေးသားခြင်း၊ တရားဟောရန် ရှာဖွေမှတ်သားခြင်းစသော ကိစ္စများကို ပြုရပြန်၏။

(၃)နာရီ ဋီကာကျော်စာဝါပို့ချပြီး(၅)နာရီထိုးသည့်အခါ အထက်ယမိုက်၊ ပဋ္ဌာန်းညဝါကျမ်းကို အော်ကာဟစ်ကာ ပို့ချပေးရပြန်ပါသည်။ ပြီးလျှင် ဘုရားဝတ်တက်ပြုခြင်း၊ သြဝါဒပေးခြင်း ကိစ္စများပြီးစီးပြီးနောက် အောက်ယမိုက်၊ မာတိကာ ဓာတုကထာညဝါကျမ်းများကို သင်ကြားပို့ချပေးရပြန်ပါသည်။ ည၌(၈)နာရီကျော်လောက်တွင် ပြီးစီးပြီးနောက် နောက်တနေ့အတွက်ကြည့်ရှုမှတ်သားရပြန်သည်၊ စာသင်သားများ ည၌(၁၁)နာရီအချိန်လောက်ဆိုလျှင် ချပ်နား၍ အိပ်ကြနားကြရသော်လည်း ဆရာတော်ကား မရပ်မနား မကျိန်းစက်ရသေးပေ။

ထို့ပြင်ဆရာတော်၏ တစ်နေ့တာဆောင်ရွက်ချက်များမှ ထူးခြားချက်မှာ တရားဟောမှု၊ စာပေသင်ကြားမှုအတွက် စာချက်၊ ဘောလ်ပင်များဖြင့် ရေးသားမှုပင်ဖြစ်၏။ ရေးသားသည့်စာလုံးရေပျမ်းမျှ(၁၅၀၀)တစ်ထောင်ငါးရာခန့်ရှိပါ၏၊ ထိုအက္ခရာများသည် ဘယ်အချိန်ကြည့်ကြည့် သေသပ်မှုအမြဲရှိပါ၏၊ တော်စွလျော်စွ အရေးအသားချိုးမဘုတ်ဘဲ ကြည့်ရှုသူများ၏ စိတ်ဝယ်ကျေနပ်မှုအပြည့်အဝရှိအောင် ဆွဲဆောင်နိုင်သော အရေးအသားချိုးဖြစ်ပါ၏။

ဤကဲ့သို့တစ်နေ့တာကိစ္စများအတွက် ဆောင်ရွက်ရင်း နောက်တစ်နေ့–နောက်တစ်နေ့––လုပ်ရမည့် ကိစ္စများနှင့် သံသရာလည်နေပါ၏၊ ဤကိစ္စများ ဆောင်ရွက်ရာ၌ တစ်နေ့မဟုတ်တစ်လမက နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါ၏။

ဤကဲ့သို့ထကြွနိုးကြားမှုဟူသည့် ဂုဏ်မချို့ယွင်းသကဲ့သို့ သနားသီးခံရမည့် ကျင့်ဝတ်ဂုဏ်ကို ပေဖန်ထောက်၍ တိုင်းတာကြည့်ပါအံ့–

မိလိန္ဒပဥှာပါဠိတော်၌ ဆရာနှင့်ဆိုင်ရာ ဝတ်နိဗဒ်ကျင့်ဝတ်(၂၅)မျိုးရှိကြောင်း အရှင်နာဂသေန မထေရ်မိန့်ချေထားပါ၏–

၁။ တပည့်အပေါ်၌ အခါခပ်သိမ်း စောင့်ရှောက်ခြင်း။
၂။ တပည့်မှီဝဲအပ်–မမှီဝဲအပ်သည်ကိုသိခြင်း။
၃။ တပည့်မေ့လျော့ ပေါ့ တန်သည်ကိုသိခြင်း။
၄။ တပည့်၏အိပ်ချိန်–နားချိန်အခွင့်အခါကို သိခြင်း။
၅။ တပည့်၏ကျန်းမာရေးကို သိခြင်း။
၆။ ဆွမ်းခံ–ရ–မရ–ကိုသိခြင်း။
၇။ တပည့်၏အကြောင်းထူးကို သိခြင်း။
၈။ မိမိ၏လာဘ်လာဘ အစာအဟာရများကို ဝေငှခြင်း။
၉။ မကြောင့်ကြပါလင့်၊ သင့်အကျိုး တိုးပွားလာမည်ဟုအားပေးခြင်း။
၁၀ ပြုစုလုပ်ကျွေးမှု တော်သူကို သိရခြင်း။
၁၁။ ရွာတွင်း–မြို့တွင်းဆွမ်းခံတော်သူကို သိရခြင်း။
၁၂။ ကျောင်းတွင်းအကျိုးများမှု တော်သူကိုသိရခြင်း။
၁၃။ တပည့်နှင့်လိုးလား ထွေးလား၊ ရယ်မော၍မနေရခြင်း။
၁၄။ ရေဆိပ်ပမာသာ ဆက်ဆံ၍ အကျွမ်းဝင်လွန်စွာ မနေရခြင်း။
၁၅။ ချွတ်ယွင်းမှု အနည်းငယ်တွေ့သော် သည်းခံရခြင်း။
၁၆။ ဆရာက တပည့်ကို ရိုသေလေးစားမှု မပြုရခြင်း။
၁၇။ အတတ်ပညာကို မလျှို့ဝှက်ဘဲ သင်ကြားပေးရခြင်း။
၁၈။ အတတ်ပညာကို အကြွင်း မထားဘဲသင်ကြားပေးရခြင်း။
၁၉။ တပည့်စိတ်ဝင်စားမှု ရှိအောင်ဆွဲဆောင်သင်ပြနိုင်ခြင်း။
၂၀။ တပည့်၏ တိုးတက်ကြီးပွား လိုစိတ်ကို ဖြစ်စေခြင်း။
၂၁။ ချီးမြှောက်ထိုက်သည့် တပည့်ကို ချီးမြှောက်ရခြင်း။
၂၂။ မေတ္တာစိတ်ဓာတ် ရစ်ပတ်လွှမ်းခြုံရခြင်း။
၂၃။ တပည့်အပေါ်၌ ပြုရမည့်ဝတ္တရား မမေ့မလျော့ခြင်း။

ထေရုပ္ပတ္တိ (စ) ၄ ပ·မ·သ·စ (၉၄)

၂၄။ ဘေးရန်ကြုံတွေ့သော တပည့်ကို စွန့်မထားရခြင်း။
၂၅။ တရားနည်းလမ်း စည်းကမ်းနှင့်အညီ ချီးမြှောက်ရခြင်းတို့ဖြစ်ပါသည်။

ကျွန်ုပ်တို့ ဆရာထေရ်မဟာမှာ ဤအင်္ဂါအဖြာဖြာနှင့် အကြွင်းမရှိ ပြည့်စုံအောင် ဖြည့်ကျင့်တတ်ပါပေ၏၊ ဖြည့်ကျင့်နိုင်ခဲ့ပါ၏၊ မည်မျှတာဝန်တွေ များပြားလှစေဦးတော့–

၁။ အအိပ်အနေနည်းပါး ကြက်အိပ်ကြက်နိုး လုံ့လထားခြင်း ဇာဂရိယာဂုဏ်၊

၂။ နေရာတကာ ကိုယ်တိုင်ပါချက် မပျင်းမရိ ထကြွမှုရှိခြင်း ဥဋ္ဌာနဂုဏ်၊

၃။ ပြုသင့်–မပြုသင့်၊ ကောင်း–မကောင်း၊ တန်–မတန်၊ ရာ–မရာ ကို ဆင်ခြင်နှိုင်းညှိခြင်း သံဝိဘာဂဂုဏ်၊

၄။ ကိုယ့်အောက်ငယ်ပုဂ္ဂိုလ်တို့အား မိဘသဖွယ် ချမ်းမြသာယာအောင် စောင့်ရှောက်ခြင်း ဒယာဂုဏ်၊

၅။ မှုခင်းရေးရာ ဖြစ်ပေါ်လာသောအခါဝယ် ဆင်ခြင်ချောင်းမြောင်း အကြောင်း ဟုတ်–မဟုတ် သာကြည့်အေးဆေးစွာ စုံစမ်းမေးမြန်း အရေးမကြွင်း သိနိုင်အောင် ပြုစွမ်းခြင်း ဣက္ခဏဂုဏ်၊

၆။ ရှားပင်အိုလေ အနှစ်ပြည့်လေ–ဟူသကဲ့သို့ ဘဝအတွေ့အကြုံ အဖုံဖုံသော လောကဓံအတွေ့ကို သည်းခံနိုင်ခြင်း ခမာဂုဏ်–

ဟူသော နာယကဂုဏ်တရား အနှစ်သာရများနှင့်လည်း ပြည့်စုံအောင် ဖြည့်ကျင့်တော် မူခဲ့ပါပေ၏။

စာသင်တိုက်ဟုဆိုသည်နှင့် အနယ်နယ်အရပ်ရပ်မှ လူမျိုးပေါင်းစုံ၊ ဆန္ဒအမျိုးမျိုး ရှိကြသော သောတုဇနတို့ ရောက်ရှိလာကြစမြဲ၊ ထိုသည်တို့ကို အမျိုးအစား ခွဲခြားလိုက်ပါက–

(၁) ရေချမ်းစင်၌ ရေသောက်ပြီး ဆုပေးခြင်း စသည်ကို ပြုသွားသူကဲ့သို့ အတတ်ပညာများ သင်ကြားပြီး တိုက်တာကိုလည်းကောင်း၊ ဆရာသမားများကိုလည်းကောင်း ကျေးဇူးတုံ့ပြန်သော တပည့်များလည်း ရှိပါ၏။

(၂) ရေသောက်ပြီးနောက် ခပ်မဆိုင်ထွက်သွားသူကဲ့သို့ အတတ်ပညာယူရုံသာယူ၍ တိုက်တာနှင့် ဆရာသမားများ–ပစ္စည်းလေးပါး ဒါယကာများကို ကျေးဇူးမပြုသော တပည့်များလည်း ရှိပြန်၏။

(၃) ရေကိုလည်းသောက်–ရေချမ်းစဉ်ကိုလည်း ဖျက်စီးသူကဲ့သို့ အတတ်ပညာလည်းသင်–တိုက်တာဆရာသမားများ၏ ဂုဏ်ကျေးဇူး–သီတင်းသုံးဖော်တို့၏ဂုဏ်၊ ဒကာ–ဒကာမများ၏ သဒ္ဓါတရားကို ဖျက်စီးသည့် အပြုအမူရှိသော ကျေးဇူးကန်းတတ်သည့် တပည့်များနှင့်လည်း ကြုံရတတ်ပါ၏။

ဤသို့သော အကောင်း–အဆိုး အမျိုးမျိုး၊ သုခ ဒုက္ခအဝဝတို့နှင့် ကေန်မုချ တွေ့ကြုံရစေဦးတော့ နာယကတရေး(၆)ပါး၊ ဆရာဝတ်နိဗဒ်(၂၅)ပါး၊ အခြေခံ လက်ကိုင်ထား၍ ကျေးဇူးရှင်ဆရာသည် တိုက်တာကြီးကို ဦးစီးပဲ့ကိုင် ကောင်းစွာ လမ်းညွှန်တော်မူနိုင်ခဲ့ပါသည်။

## တိုက်တာအရေးနှင့် တပည့်များအပေါ် အုပ်ချုပ်မှု

မိသားစု(၅)ယောက်ရှိ အိမ်တစ်အိမ်၌ အိမ်ထောင်ဦးစီးသည် ကျန်မိသားစု၏ စားရေး၊ နေရေး၊ ကျန်းမာရေး၊ အရေးကိစ္စအဝဝအတွက် လုံးဝတာဝန်ရှိ၏။ ရှိသည့်အလျောက်လည်း အဆင်ပြေရန် အတော်ပင် ကြိုးပမ်းထမ်းဆောင်ရပေလိမ့်မည်၊ သည်ကြားထဲ သားသမီးကလိမ္မာမှ သို့မဟုတ်က မည်မျှထိန်းသိမ်းရခက်မည်ကို သဘောပေါက်လောက်ကြပေသော–

ရာနှင့်ချီ၍ ရှိထားသော သောတုဇနများ၏ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး၊ ပညာသင်ကြားရေး၊ အဆုံးစွန် ကျင်ကြီးကျင်ငယ် စွန့်ရေးကအစ မည်မျှလောက် တာဝန်ကြီးမားမည်ကို သဘောပေါက်ကြပေလိမ့်မည်။

ဤကဲ့သို့ကြီးမားကျယ်ပြန့်လှသော ပရိယတ္တိသာသနတာဝန်ကို ကိုယ်ပင်ပန်းစိတ်နွမ်းနယ်စွာ ထမ်းရွက်နေသည်ကို သဘောမပေါက်ကြသော သို့မဟုတ် သဘောပေါက်လွန်နေကြသော ရဟန်းရှင်လူတို့၏ ထိုးနှက်ချက်၊ ဝန်တိုငြူစူမှုများကိုလည်း ကြုံတွေ့ရတတ်၏။ ဤအခါမျိုး၌ မိမိကိုယ်ရေး အကျိုးစီးပွားနှင့် ဆက်စပ်လျှင် သည်းခံနေနိုင်သော်လည်း ဘာသာ၊ သာသနာ၊ တိုက်တာနှင့် ပတ်သက်လာလျှင်ကား–

> "ဘူတံ ဘူတတော ပဋိဇာနိတဗ္ဗံ၊ အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ" (ဟုတ်သည်ကို ဟုတ်သည့်အတိုင်း ဝန်ခံ၍ မဟုတ်သည်ကို မဟုတ်သည့်အတိုင်း အကြောင်းပြ၍ ချေဖျက်ရမည်)

ဟူသော သီလက္ခန်ပါဠိတော်လာ ဒေသနာနည်းအတိုင်း အခွင့်ကြုံလျှင် ကြုံသကဲ့သို့ ပြန်၍ ဖြေရှင်းတော်မူနိုင်ခဲ့သည်။

မိမိ၏ပရိယတ္တိလုပ်ငန်း ဂုဏ်ရည်ကိုလည်း ယုံယုံကြည်ကြည် ဖြေးဖြေးမှန်မှန် ဇွဲသန်သန်ဖြင့် ဆောင်ရွက်တော်မူခဲ့၏၊ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက်

ပစ္စုပ္ပန်အကျိုးကို လက်တွေ့ဘဝတွင်ပင် ဝီရိယစွမ်းအားအလျောက် ခံစားခဲ့ရသည်၊ စာသင်သားများ ပျားပန်းခတ်မျှ ရောက်ရှိလာခဲ့ကြ၏၊ နေရာထိုင်ခင်း တိုက်တာဇေ ဖြာဖြာ တဖြေးဖြေး ဖွံ့ဖြိုးလာ၏၊ ပညာရေးမဏ္ဍိုင် အောင်ချက်ရာနှုန်းလည်းမြင့်၍ ဂုဏ်ထူးအဆင့်ဆင့်လည်း ဆက်ခါဆက်ခါ အောင်ပန်းသာခဲ့ပါ၏၊ ထို့ကြောင့် ဤဩဝါဒကို မိန့်ချေတော်မူဖူး၏၊

(မည်သည့်ကိစ္စမဆို ဝီရိယစိုက်ထုတ်ကျိုးစားလျှင် အတိတ်ကံညံ့ခဲ့ပေမဲ့ ဝီရိယအကျိုးကို ပစ္စုပ္ပန်ဘဝမှာပင် ခံစားနိုင်တယ်။ ဒါကြောင့် ဘယ်တော့မှ ဝီရိယ မလျော့နဲ့)ဟူ၏။

တပည့်များအပေါ်၌လည်း အခွင့်သာတိုင်း တရားဓမ္မနည်းလမ်း သာဓကများစွာပြ၍ ဩဝါဒရေစင် တသွင်သွင် စီးဆင်းတော်မူခဲ့ပါ၏။

"ယထာ အယတောမလံဥဋ္ဌဟိတွာ အယမေဝခါဒတိ ဝိနာသေတိ အပရိဘောဂံ ကရောတိ" (ဓမ္မပဒ)သာသနာတော်ကို ဖျက်ဆီးသူများမှာ အခြားသူများဖျက်လို့မရ သံကိုသံဖျက် သံချေးတက် စကားကဲ့သို့ သာသနာတော်ကို ဖျက်မည့်သူများမှာ မိမိတို့ သာသနာဝန်ထမ်း ရဟန်းဆိုး သာမဏေဆိုးများပင် ဖြစ်ကြောင်း၊

အကယ်၍ သာသနာ့ဘောင်၌နေလျှင် မိမိတို့၏ ကျင့်ဝတ်သိက္ခာများကို အတတ်နိုင်ဆုံး စောင့်စည်းလိုက်နာဖို့လိုကြောင်း၊ သာသနာဘောင်၌ မပျော်ပိုက်လျှင် လူ့ဘဝ၌ သမ္မာအာဇီဝဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသည်က ကောင်းကြောင်း၊ ငါက ဗမာလူမျိုးဘဲ သူက ရခိုင်လူမျိုးဘဲ ဟု အုပ်စုဖွဲ့၍ မနေရ၊ အားလုံးပြည်ထောင်စုသားဘဲဟု သဘောထား၍နေရမည်ဖြစ်ကြောင်း၊

စာပေသင်ကြားရာ၌လည်း တပွဲထိုး တက်ထိုး သဘောမျိုးမဟုတ်ဘဲ ဝီရိယဓာတ် မပြတ်ပြုလုပ်ရန်လိုကြောင်း ဉာဏ်ကောင်းသည်—မကောင်းသည်မှာ ပဓာနမဟုတ် ဝီရိယဓာတ် လွန်ကဲသူသို့သာ ပြီးမြောက်အောင်မြင်မှု ရနိုင်ကြောင်း၊

မိမိကိုယ်တိုင် ပထမကြီးတန်းကို အလုပ်တာဝန်တွေ များသည့်အထဲက ထက်သန်သော လုံ့လဝီရိယဖြင့် သဒ္ဒါကြီးပါဌ်၊ အဘိဓာန်တွေ မရ ရအောင် ကျက်၍ ဝင်ရောက်ဖြေဆိုရာ (၃)ကြိမ် အရှုံးနှင့် ရင်ဆိုင်ရပါသော်လည်း (၄)ကြိမ်မြောက်၌ ဝီရိယအကျိုးကြောင့် အောင်ပန်းဆင်နိုင်ခဲ့ကြောင်း—

စာပေသင်ကြားမှုလုပ်ငန်းမှာ—အသိဖြစ်၍ သံပြီးလျှင် အခွင့်ရသည့်အခါ အကျင့်ပဋိပတ္တိလုပ်ငန်းကို လုပ်ရမည်သာဖြစ်ကြောင်း၊ သာသနာတော်တည်တံ့ ပြန့်ပွားရေးအတွက်လည်း ကျရာတာဝန်မှ ထမ်းဆောင်ရမည်ဖြစ်ကြောင်း

အနိမ့်ဆုံး ကိုယ့်ဒကာ ဒကာမတွေရဲ့ သားသမီးများ အိမ်ထောင်ပြုတာကအစ— လူမျိုးရှုံး ဘာသာလည်း ဆုံးရသည့် အဖြစ်မျိုးတွေ မဖြစ်ရအောင် စောင့်ရှောက်ရမည်ဖြစ်ကြောင်း။

မိမိပြုလုပ်သည့်ကိစ္စကို မကြံစည်မီ၊ မပြောမီ၊ မလုပ်မီ၊ စဉ်းစားဆင်ခြင်၍ လုပ်ရမည်၊ ပြောရမည်၊ ကြံစည်ရမည်ဖြစ်ကြောင်း စသည်ဖြင့် အမြဲပင် ဆုံးမဩဝါဒများကို လေးနက်စွာ မိန့်ကြားတော်မူခဲ့ပါသည်။

## ဆရာတော်၏ ပရိယတ္တိလုပ်ငန်း သဘောတရား

ဆရာတော်သည် မိမိ၏လုပ်ငန်းကို ယုံကြည်ချက်ပြည့်ဝစွာ ဆောင်ရွက်သကဲ့သို့ ပတ်ဝန်းကျင်ပုဂ္ဂိုလ်များ၏ လုပ်ဆောင်ချက်များကိုလည်း ဘယ်သောအခါမျှ ဝန်တိုမှု မစ္ဆရိယစိတ်ဓာတ် မရှိပေ၊ မိမိလုပ်ငန်းကိုသာ လမ်းစမပျောက်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့လေသည်၊ ထိုသို့ လုပ်ဆောင်ရာ၌ ဆရာတော်၏ သဘောထား မည်သို့ရှိသည်ကို တပည့်ပုဂ္ဂိုလ်တစ်ပါးထံ ကိုယ်တိုင်ရေးသား ဆုံးမသောစာကို မူရင်းအတိုင်း ဖော်ပြပါအံ့—

"ဒါယကာ၊ ဒါယကာမတွေကို အထူးတာဝန်မပိသည့်နည်းဖြင့် ဆောင်ရွက်ပါ၊ ယခုမှ စတင်ထူထောင်တာမို့ အရေးကြီးသည့် ပရိယတ္တိလုပ်ငန်းမှာ အခြေချမိဖို့ အရေးကြီးပါသည်၊ ကိုယ်ကသာမည ကြိုးစားရုံနှင့်မရ၊ အထူးကြိုးစားမှ ကိုယ်၏တိုက်တာသို့ ခေါ်နေရာမလိုဘဲ အသိအမှတ်ပြုလာကြမှာပါ၊ အပလုပ်ငန်းတွေကို ပြုလုပ်ပြီး ဆွဲဆောင်တာထက် အခြေခံလုပ်ငန်းဖြင့် ဆွဲဆောင်တာ ပို၍အောင်မြင်မည်၊

ယခု တခါထဲ ရေတွင်းတူး ယခု ရေကြည်သောက်လို့မရပါ၊ မင်းကျောင်းဟာ အစက ဘာမှမရှိ တပည့်တို့အသိဘဲ၊ ဆရာရောတပည့်များပါ အနှစ် (၂၀)ခန့် ကြိုးစားရတာ အသိဘဲ၊ ဉာဏ်ငီရိယတူလျှင် ပစ္စုပ္ပန်ကံလည်း ကောင်းလာမှာမို့ ယုံကြည်ပြီးလုပ်ပါ" ရှင်းလိုက်သည့်မနေ့ဘ၊ ဘွင်းလိုက်သည့် စကားပင် မဟုတ်ပါလား။

ဆရာတော်သည် မိမိ၏ ပရိယတ္တိလုပ်ငန်းကို စိတ်ဓာတ်ပြင်းထန် ဇွဲသန်သန်ဖြင့် မှန်မှန်လုပ်ကိုင် ဆောင်ရွက်ခဲ့၏၊ ဆောင်ရွက်သည့် အတိုင်းလည်း အောင်မြင်မှုအလီလီကို ရရှိပိုင်ဆိုင်ခဲ့ပါ၏၊ မိမိ၏စွမ်းအား–စာချဆရာများ၏ စွမ်းအား–တပည့်များ၏စွမ်းအား–ဟူသော စွမ်းရည်(၃)အား ပေါင်းစည်းညီညွတ်လာသောအခါ ထူးချွန်တောက်ပသည့် သာသနာ့အာဇာနည်ယောကျ်ားများ၊ တစ်ပါးပြီးတစ်ပါး ပေါ်ထွန်းလာခဲ့သည်မှာ ဇမ္ဗူအမြင် အထင်အရှားပင် ဖြစ်ပါ၏။

ထို ထွန်းတောက်ကျော်ကြား ပေါက်ဖွားလာသည့် တပည့်များကို ချီးမြှောက်ရာတွင်လည်း—

ဗဟုဿုတော ဓမ္မဓရော၊
ကောသာရက္ခော မဟေသိနော။
စက္ခု သဗ္ဗဿ လောကဿ၊
ပူဇနိယော ဗဟုဿုတော။

အကြင်ရဟန်းသည် ပရိယတ်—ပဋိပတ်၌ အကြားအမြင်ရှိ၏၊ သုတ် အဘိဓမ္မာကို ဆောင်တတ်၏၊မြတ်ဘုရား၏ပိဋကတ်ဘဏ္ဍာတိုက်ကို စောင့်ရှောက်တတ်၏ ထိုရဟန်းကို ချီးမြှင့်လေးမြတ် ပူဇော်အပ်၏၊ နတ်လူအပေါင်း၏ မျက်စိသဖွယ်ဖြစ်၏—

ဟူသော အာနန္ဒတ္ထေရပါဒါန်လာ ဒေသနာကို အသေအချာ ရင်မှာပိုက်ထွေး ချီးမြှောက်မှု တွေ့ခဲ့ပါ၏၊ ထူးချွန်သောတပည့်များကို ချီးမြှောက်ရာ၌လည်း တစ်ပြည်လုံးတွင် စံတင်လောက်သော ဆရာတော် ဖြစ်ပါ၏၊

## ဆရာတော်၏ တီထွင်သင်ကြားမှု

ရှင်သိဂ္ဂဝမထေရ်က—မောဂ္ဂလိပုတ္တတိဿမထေရ်အလောင်း – တိဿလုလင် ငယ်အား နောင်အနာဂတ် သာသနာတော်အတွက် အောက်ပါအဘိဓမ္မာ အပျွေးအခေါ်ဖြင့် ဆွဲဆောင် သိမ်းသွင်းနိုင်ခဲ့ပါ၏။

(ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက် ဖြစ်ပေါ်နေဆဲ—ချုပ်ပျောက်နေဆဲ မဟုတ်သောစိတ် ဝိညာဏ်သည် နောင်အခါတွင် ချုပ်လည်းချုပ်ပျောက်ဦး မည်၊ ထပ်မံ၍ မဖြစ်နိုင်တော့—ဟုဆိုနိုင်မည်လား)

ဒိုင်းကာသံချပ်အား ဖောက်သွားသော ခေးလှံ လေးမြားကဲ့သို့—အရာရာ ကို ကျော်လွှား သိမြင်လိုသည့် အသိပညာဉာဏ်ရှိသူတို့သည် ဤကဲ့သို့သော အဘိဓမ္မာများကို သိမြင်ရှာပေလိမ့်မည်၊ တိဿလုလင်လည်း သိခြင်း၍—တတ် အောင် သင်စဲ့ရသည်သာ မဟုတ်ပါလော၊

ဤခေတ်စာသင် သောတုဇနများတွင်—သင်္ဂြိုဟ်မြင်—အရကောက်မလျင် ဉာဏ်အသွင်နုံ့နဲ့သော ပုဂ္ဂိုလ်များ များပြားစွာ ရှိပါ၏၊ ဤသို့သော အခြေ အနေရှိသူ စာသင်သောတုဇန်များကို မျက်စေ့အမြင် စိတ်အစဉ်၌ စွဲထင်ကျန်ရစ် စေရန် အောက်ပါ တရားစုအပုံမျိုးကို ထည့်သွင်း ရေးသား—သင်ကြားပေး တော်မူခဲ့ပါ၏။


## တရား အပုံ

| | | | |
|---|---|---|---|
| တိဟိတ်စုတိတေရသဟု ဆိုအပ်သော | ဥပ္ပဇ္ဇတိ | တိဟိတ်စုတိတေရသဟု ဆိုအပ်သော | နိရုဇ္ဈတိ |
| ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏ | ဥပ္ပဇ္ဇမာနံ | ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏသမင်္ဂီဟု | နိရုဇ္ဈမာနံ |
| သမင်္ဂီဟု ဆိုအပ်သော | ဥပ္ပဇ္ဇိတ္ထ | ဆိုအပ်သော အရဟတ္တဖလဌာန် | ဥပ္ပဇ္ဇိတ္ထ |
| အရဟတ္တဖလဌာန်ပုဂ္ဂိုလ် | နိရုဇ္ဈိတ္ထ | ပုဂ္ဂိုလ် | နိရုဇ္ဈိတ္ထ |
| | နိရုဇ္ဈိဿတိ | | |
| ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ | ဥပ္ပန္နံ | ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ | ဥပ္ပန္နံ |
| ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏ | ဥပ္ပဇ္ဇတိ | ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏ | နိရုဇ္ဈတိ |
| ဖြစ်သော အရဟတ္တဖလဌာန် | ဥပ္ပဇ္ဇမာနံ | ဖြစ်သော အရဟတ္တဖလ | နိရုဇ္ဈမာနံ |
| ပုဂ္ဂိုလ်မှတစ်ပါး ခပ်သိမ်းသော | ဥပ္ပဇ္ဇိတ္ထ | ဌာန်ပုဂ္ဂိုလ်မှတစ်ပါး | ဥပ္ပဇ္ဇိတ္ထ |
| ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ် | ဥပ္ပဇ္ဇိဿတိ | ခပ်သိမ်းသော စိတ်တို့၏ | နိရုဇ္ဈိတ္ထ |
| သော (၄+၈) | နိရုဇ္ဈိဿတိ | ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ် | ဥပ္ပဇ္ဇိဿတိ |
| | နိရုဇ္ဈိတ္ထ | သော ၄+၈ | နိရုဇ္ဈိဿတိ |
| | ဥပ္ပန္နံ | | ဥပ္ပန္နံ |
| နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ် အသညသတ်ဥပ္ပဇ္ဇန္တ၊ စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ် | | | ဥပ္ပဇ္ဇိတ္ထ<br>နိရုဇ္ဈိတ္ထ<br>ဥပ္ပဇ္ဇိဿတိ<br>နိရုဇ္ဈိဿတိ |

ဤကဲ့သို့သော တရားအပုံကို မြင်သောအခါ ဘယ်ကာလ၌ဖြစ်သော တရားဟု ကွဲကွဲပြားပြား သိသာနိုင်ပေသည်။

ထို့ပြင် လူ့ဘဝကို အခါကာလအားဖြင့် သုံးပိုင်းခွဲမည်ဆိုလျှင် ပဋိသန္ဓေကာလ၊ ပဝတ္တိကာလ၊ စုတိကာလ-ဟု သုံးမျိုးရပေမည်။

ဤကဲ့သို့ ရုပ်ပုံကို သာမန်အားဖြင့် သင်ကြားလျှင် စိတ်အစဉ်တွင် သာမန်သာ စွဲထင်နိုင်ပေမည်၊ ထို့ကြောင့်—




ဤကဲ့သို့သော တရားပုံမျိုးကို ရေးသားသင်ကြားပေးလိုက်သောအခါ မြင်ဖူးသော ဓာတ်ပုံ၊ ရုပ်ပုံကို မျက်စေ့ထဲ စိတ်ထဲ စွဲမှတ်နေသကဲ့သို့ ထို့အတူ ဤကဲ့သို့သော ညဝါတရားအစုကို ဉာဏ်စိတ်အစဉ်၌ အမြဲပင် စွဲမြင်နိုင်ပေသည်။

ယခုတင်ပြခဲ့သည်မှာ ဆရာတော်သင်ကြားပို့ချသော နည်းလမ်းများမှ ပုံစံ တစ်ခုနှစ်ခုမျှသာ ဖြစ်ပေသည်။ ထို့ပြင် ညဝါများ သင်ကြားပို့ချရာ၌ တစ်ခါတစ်ရံ တပည့်များရ၊ မရ စမ်းသပ်သည့်သဘောဖြင့် အမေးင်အတွင်း၌ အလွတ်ပြန်ဆိုစေခြင်း၊ အလွတ်အရကောက်ခိုင်းခြင်းစသည်များကို ပြုလုပ်စေကာ သင်ကြားပို့ချပေးလေသည်။

## ငွေရတုသဘင်မှ ရွှေရတုသဘင်သို့

စိန်ရွှေ ငွေ ပတ္တမြား သယံဇာတများသည် ကာလကြာလေ တန်ဖိုးအနဂ္ဃ ထိုက်တန်လာလေ ဖြစ်သကဲ့သို့ ထို့အတူမခြား အလွန်တရာ ခက်ခဲလှစွာသော လုပ်ငန်းတာဝန်ကြီးများကို နှစ်ပေါင်းများစွာ ထမ်းဆောင်သယ်ပိုး တာဝန် အမျိုးမျိုး ကျေပွန်ခဲ့သောပုဂ္ဂိုလ်များ၏ လုပ်ရပ်အနှစ်သာရသည်လည်း တန် ဖိုးများစွာ ထိုက်တန်ပါလေသောကြောင့် လောကသမ္မုတိ လူအများ၏ သတ်မှတ်မှုဖြင့် ငွေခေတ်၊ ရွှေခေတ်၊ စိန်ခေတ်–သို့မဟုတ် ငွေရတု၊ ရွှေရတု စိန်ရတုဟု ကာလတစ်ခုခု သတ်မှတ်မှု ပြုလာခဲ့ကြပါသည်၊

ထိုရတုနှင့်ပတ်သက်၍ ကျေးဇူးရှင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီသည် လှည်းကူးမြို့နယ် မအူမြောက်ကျောင်း ဆရာတော် ဦးတေဇဝန္တ–၏ရွှေရတု မွေ့နေ့အခမ်းအနား၌ ဤသို့ဖွင့်ဟ၍ တင်ပြခဲ့ဘူးပါသည်။

"ရတုတွင် ကေပိုဒ်၊ အဖြည့်ခံ၊ ပိုဒ်စုံ–ဟူ၍ သုံးမျိုးရှိကြောင်း၊

အဟောင်းဆုံးရတုဆရာ စတုရင်္ဂဗလ

အများဆုံးရတုဆရာ နဝဒေးကြီး

အကောင်းဆုံးရတု ဆရာ–နတ်ရှင်နောင် ဟူ၍လည်း (၃)မျိုးရှိကြောင်း၊ ခွဲခြားတင်ပြပြီးနောက် ညောင်ရမ်းခေတ်မတိုင်မီက ရတုကို (ရမန္တိသတ္တာ ဝေတ္တ တေနာတိဝါ ရတု)ဟူ၍ စိဂ္ဂိုလ်ပြုသူက ပြုကြသည်၊ သတ္တဝါတွေ မွေ့လျော်ရာ ဖြစ်သောကြောင့် သီချင်းသည် ရတုမည်၏၊

သတ္တဝါတွေ မွေ့လျော်ကြောင်းဖြစ်သောကြောင့် သီချင်းသည်ရတုမည်၏၊ အချို့ကမူ ရတု– ဟူသောစကားသည် သက္ကတဘာသာ(ရိ–တု) ဟူသော စကားမှလာသည်ဟု ဆိုကြသည်၊ ရာသီဥတုဟူသော အဓိပ္ပါယ်ရသည်၊ တစ်နှစ် တွင် နွေ မိုး ဆောင်း–(၃)ရာသီ ရှိသကဲ့သို့ ရတု၌လည်း များသောအားဖြင့် (၃)ပိုဒ် ဖွဲ့ဆိုလေ့ရှိသည်။

နွေ မိုး ဆောင်း(၃)ရာသီ ပြောင်းသလို၊ ဘဝသက်တမ်းကို(၃)ပုံပိုင်းက (၂၅၊ ၅၀၊ ၇၅)နှစ်ဟူ၍ (၃)ကဏ္ဍရှိကြောင်း ရှင်းပြပြီးနောက် ရွှေရတုမင်္ဂလာ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လူတစ်ယောက် ရဟန်းတော်တစ်ပါး အသင်းအဖွဲ့တစ်ခု မြို့တော်တစ်ခု တိုင်းပြည်ဘစ်ပြည် မိမိတို့စတင်မွေးဖွား ပေါ်ပေါက်သော နှစ်အရည်အတွက်ကိုလိုက်၍–

နှစ်ဆယ့်ငါးနှစ်မြောက် ငွေရတုသဘင်
နှစ်ငါးဆယ်မြောက် ရွှေရတုသဘင်
ခုနစ်ဆယ့်ငါးနှစ်မြောက် စိန်ရတုသဘင်
နှစ်တစ်ရာပြည့် ပွဲတော်–

ဟူ၍ တတ်နိုင်သလောက် အသိမ်းအမှတ်ပွဲများ ပြုလုပ်ကျင်းပလေ့ရှိသည်။

ဤအစဉ်အလာသည် ကောင်းသောအစဉ်အလာ တစ်ရပ်ဖြစ်၍ လက်ခံသင့်ပေသည်၊ ထိုအစဉ်အလာမှ ကောင်းကျိုးများစွာ ပေါ်ထွန်းနိုင်ပါသည်၊ မိမိတို့ဘဝ အသင်းအဖွဲ့၊ မြို့တော်၊ တိုင်းပြည်သည်၊ ဤရှိဤမျှသော သက်တမ်းတွင်–မည်၍မည်မျှတိုးတက်ခဲ့ပုံ ဆုတ်ယုတ်ခဲ့ပုံ၊ကြိုးစားခဲ့ပုံ၊ ညံ့ဖျင်းခဲ့ပုံ၊ ကြီးပွားခဲ့ပုံ၊ချို့ယွင်းခဲ့ပုံများကို ပြန်လည်ဆင်ခြင် သုံးသပ်ကာ ဆုတ်ယုတ်မှု၊ ညံ့ဖျင်းမှု၊ ချို့ယွင်းမှုများကို ပြုပြင်နိုင်၍ နောက်နောင်တွင် ပိုမိုတိုးတက်ကောင်းမွန်ရေးကို ညှိနှိုင်းတိုင်ပင်ကာ ကြိုးစားဆောင်ရွက်နိုင်သည်” ဟူ၍ ၎င်းအခမ်းအနား၌ နတ်သမီးကို နတ်သားက–ရွှေ၊ ငွေ၊ ကြေး–ယုတ်လျော့စွာ ပေး၍ ချစ်ရေးဆိုခဲ့သည့်အကြောင်းကို ဘဝတစ်ခု၏ ပျိုအို ဆုတ်ယုတ်မှုနှင့် နှိုင်းယှဉ် တင်ပြခဲ့ပါသည်။

မင်းကျောင်းတိုက်တော်ကို (၁၃၁၁)-ခုနှစ်တွင် ပထမပြန် စာသင်တိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့ရာ (၁၃၃၆)-ခုနှစ်တွင် (၂၅)နှစ်ပြည့်ခဲ့၍ ငွေရတုသဘင် အခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါ၏၊ ထိုငွေရတုသက်တမ်းကာလတွင် စာသင်တိုက်များစွာက အလိုလားဆုံးသော “ပထမကျော်” ဂုဏ်ထူးရှင်(၂)ပါးကို မွေးထုတ်နိုင်သည့်အပြင် ငယ်–လတ်–ကြီး–(၃)တန်းလုံးတွင် တပြည်လုံးပထမရရှိသော တပည့်တပါးကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါ၏၊ ထို့အပြင် အတန်းအသီးသီး၌ အောင်ချက် ရာခိုင်နှုန်းများမှာလည်း မြင့်တက် လျက်သာရှိခဲ့ပါ၏၊

ပညာဘက်က အောင်မြင်ခဲ့သကဲ့သို့ ခရိုင်သုဓမ္မာ–စာပြန်ပွဲကြီးကဲ့သို့ ဝိနည်းသာသနာပြု လုပ်ငန်းကြီးများကိုလည်း စွမ်းအားရှိရှိ စွမ်းဆောင်နိုင်ခဲ့ပါ၏၊ တိုက်တာအတွင်းရှိ စာသင်သောတုဇနများ နေထိုင်ရေး ဆွမ်း–သင်္ကန်း၊ ရေစသည့်အရေးကိစ္စများ အတွက်လည်း စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးတော်မူနိုင်ခဲ့ပါသည်၊

ဤ(၂၅)နှစ်ပြည့် ငွေရတုသဘင်ပွဲမှာ ငယ်–လတ်–ကြီး ပထမချည်းရသောအရှင်မြတ်ဂုဏ်ပြုပွဲနှင့် ပူးတွဲကျင်းပခဲ့ခြင်း ဖြစ်ပေရာ သန်လျင်သမိုင်းမှာ–စံမယှဉ်နိုင်လောက်အောင် စည်ကားသိုက်မြိုက်၍ ကျက်သရေမင်္ဂလာ အဖြာ

ဖြာ ပြည့်ဝစွာရှိခဲ့သော သဘင်ပွဲကြီးလည်း ဖြစ်ပါ၏၊ ထိုအခမ်းအနားနှင့် ပတ်သက်၍ ဆရာတော်၏ အခမ်းကဏ္ဍကို အောက်ပါအတိုင်း မှတ်တမ်းပြုထား ခဲ့ပါ၏။

“၁၃၃၆-ခုနှစ်—နတ်တော်လ၊ သန်လျင်မြို့၏ သာသနာ့ကျက်သရေဆောင် မြို့လယ်ခေါင်ရှိ မင်းကျောင်းပထမပြန် စာသင်တိုက်ကြီးအတွင်းဝယ် ခမ်းနား ထယ်ဝါစွာ ပြုပြင်စီမံထားသော မင်္ဂလာစင်မြင့်ကြီး၏ အထက်၌ သိက္ခာအား ဖြင့် ကြီးမားလေးမြတ်အပ်သော ဆရာတော် သံဃာတော်များသည် အသီးသီး သတ်မှတ်ထားအပ်သော ဓမ္မာသနနေရာများ၌ ဣန္ဒြေရင့်ကျက်စွာဖြင့် သီတင်း သုံးနေတော်မူပြီးနောက် မကြာမီမှာပင်—

ကြက်ပျံမကျ စည်ကားစွာ ရောက်ရှိ ပူဇော်နေကြသော ဒါယကာ၊ ဒါယိကာမ၊ ညွှ်ပရိသတ်တို့၏အလယ် သတ်မှတ် ခင်းကျင်းထားအပ်သော မင်းလမ်းမကြီးအပေါ် ဝယ် မာတလိနတ်သားက ရွှေမှုဆန်မန်းပေါက်ပေါက်ကို ကြဲဖြန့်၍ ဗြဟ္မာကြီး (၄)ဦးက ကနက္ကဒဏ်ထီးများ ဆောင်းမိုးခြံရံလျက်—

ပထမပြန် သမိုင်းသက်၏ နှစ်ပေါင်းများစွာအတွင်း မည်သည့်အခါမျှ ရရှိ ခဲ့ဘူးခြင်း မရှိသေးသော ငယ်-လတ်-ကြီး (၃)တန်းလုံးတွင် မြန်မာတပြည်လုံး ခေါင်ကဖုံးခဲ့သော အောင်သုံးပွင့် သရဖူပိုင်ရှင် သာသနာ့အာဇာနည်အရှင်မြတ် တစ်ပါးသည်လည်း တည်ငြိမ်သော ဣန္ဒြေဖြင့် ဟစ်လှမ်းခြင်းပင် ကြွလှမ်း လျက်ပင် ရှိပေသည်။

ထိုသို့ ကြွလှမ်းပြီး သတ်မှတ်ထားသော ကမ္ဗာလုံးပုံသဏ္ဍာန် ဓမ္မာသန ပလ္လင်ပေါ်သို့ ရောက်ရှိသောအခါ အခမ်းအနားမှူး ဆရာတော်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားပြီး သက်ဆိုင်ရာ ရဟန်းသံဃာ၊ ဒါယကာ၊ ဒါယိကာမများကလည်း မိမိဆောင်ရွက်ဖွယ်တာဝန်များ အသီးသီး ထမ်းဆောင် ခဲ့ကြသည်မှာ အချိန်အားဖြင့် ညဉ့်နာရီပြန် (၁)ချက်တီးပင် ကျော်ခဲ့ပေသည်။

ထို့နောက် အခမ်းအနားမှူးဆရာတော်က အစီအစဉ်တစ်ခုကို လျှောက်ထား လိုက်သောအခါ သက်တော်(၅၀)ကျော် ဆရာတော်တစ်ပါးသည် ချမ်းအေး လှသော ရာသီဥတုကြောင့် သင်္ကန်းလပ်ခြုံထည် သင်္ကန်းကို လွှမ်းပတ်ကာ မျက်မှန်ကို လက်ကကိုင်ပြီးနောက် စကားပြောစင်မြင့်သို့ ရောက်ရှိကြ မြန်း ပြီးလျှင် ဤငွေရတုသဘင်၊ ပထမကျော်ဂုဏ်ပြုသဘင်၊ စာအောင်ဂုဏ်ပြုသဘင် ပွဲတော်ကြီးများ ပြီးစီးထမြောက် အောင်မြင်ရန် နေ့မအား ညဉ့်မနား စွမ်းအားစိုက်ကာ ပင်ပန်းတော်မူခဲ့သည်ကိုလည်း ဂရုမပြုနိုင်ဘဲ၊ မိမိဆောင်ရွက် ရမည့် အစီအစဉ်ကို တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း ဝမ်းပန်းတသာ ဆောင်ရွက်ကာ နေလေသည်။

ထိုဆရာတော်ကား ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ ပင် ငွေရတုခေတ်လွန် ရွှေရတုခရီး လျှောက်လှမ်းရသောအခါ၌လည်း ဆရာတော် သည် အခြားနာယက ဆရာတော်များနှင့် လက်တွဲကာ အောင်ပွဲသရဖူ အလီလီကို ဆက်လက်၍ သယ်ဆောင်ယူတော်မူနိုင်ခဲ့ပါ၏။

ပရိယတ္တိပညာဘက်က ကြည့်လျှင်—

တတိယမြောက် ပထမကျော်၊ စာချတန်း ကျမ်းစဲ့၊ ကျမ်းပြီးဘွဲ့ရများ၊ စာချတန်းဂုဏ်ထူးရှင်များ၊ ကြီး, လတ်, ငယ်၊ ဒုတိယ၊ တတိယများ၊ မြန်မာ တပြည်လုံး အငယ်တန်း ပဒု (ဝှင်းတို့မှာ ဇမိဘဖွား ညီအစ်ကိုအရင်းများ) မြန်မာပြည်လုံး မူလတန်း ပထမ၊ ဆရာတော် နောက်ဆုံးအုပ်ချုပ်သည့်နှစ်၌ ပထမကြီး မြန်မာတပြည်လုံး ဒုတိယနှင့် အတန်းအသီးသီးကို အောင်မြင်တော် မူကြသည့် အာဇာနည်များစွာကိုလည်း မွေးဖွား၍ ဦးဆောင်ပဲ့ကိုင် ပြုနိုင် ခဲ့ပါသည်။

နေရေး ထိုင်ရေးမှာ တိုက်တာတွင် ငေးကြည့်ရလောက်အောင် တစ်လုံးပြီး တစ်လုံးပေါ်လာသကဲ့သို့ ရေ မီး ကိစ္စ၊ အသေးအဖွဲ့ကအစ အဆောင်ပင် ချမ်းသာစွာ နေထိုင်သုံးစွဲနိုင်အောင် တည်ထောင်တော်မူနိုင်ခဲ့ပါသည်။

## ရွှေရတုလမ်းခရီးမှ သက်တော်(၆၀)ပြည့် ပူဇော်ပွဲ

ကျောင်းတိုက်၏ ငွေရတုသဘင်ခေတ်ကို လွန်ပြီးနောက် ရွှေရတုလမ်း လျှောက်လှမ်းကာစ အတွင်းဝယ် ဆရာတော်၏ သက်တော်(၆၀)ပြည့် ပူဇော်ပွဲ သဘင်ကြီးကို ခမ်းနားစွာ ကျင်းပပူဇော်နိုင်ခဲ့ပါ၏။

ဤပူဇော်ပွဲကို ကျင်းပရန် တပည့်များက အောက်ပါအတိုင်း ရည်မှန်းချက် ထားရှိခဲ့ကြပါသည်။

၁။ ဆရာတော်ဘုရားမှာ မိမိဘဝတစ်လျှောက် အများအတွက် သာသနာ တော်အတွက် ဆောင်ရွက်ခဲ့သော်လည်း သာသနာတော်နှင့် တပည့်များ ထွန်းတောက်အောင်မြင်အောင် စွမ်းဆောင်တော်မူနိုင်သော ကျေးဇူး တော်ရှင်အား ကျေးဇူးဆပ်ခွင့်ရရန်၊

၂။ တပည့်အများတို့ စုံစုံညီညီ ပူဇော်ခွင့်ရရန်။

၃၊ စုဝေးညီညာ နေက်ရှိလာကျသည့် တပည့်များတို့ တိုင်ပင်နှီးနှော၍ ကျောင်းတိုက်ကြီးကို စွမ်းနိုင်သည့်ဘက်မှ အစဉ်ထာဝရ ထောက်ပံ့ စောင့်ရှောက်ရန်

ဟူသော ရည်မှန်းချက်များအတိုင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါ၏။ ဤပူဇော်ပွဲသဘင်ကြီးမှ အောက်ပါရလာဒ်များကို ရရှိခဲ့ပါသည်။

၁။ အရှင်ဝဏ္ဏသိရီ ထေရုပ္ပတ္တိကထာနှင့်သာသနာရေး ဆောင်ရွက်ချက်များ စာအုပ်၊

၂။ ထေရုပ္ပတ္တိအကျဉ်းနှင့် ဩဝါဒကထာ။

၃။ ဆရာတော်နှင့် ဆက်ဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ ဆောင်းပါး၊ ဓာတ်ပုံများ ပေါ်ထွက်လာခြင်းတို့ ဖြစ်ပါ၏။ (နောင်တွင် သမိုင်းဝင် ဖြစ်လာသည်)။

ပူဇော်ပွဲကြီးကို သန်လျင်သမိုင်း၌ အကြီးကျယ်ဆုံး အခမ်းနားဆုံး ကျေးဇူး တော်ဆပ်သည့် ပူဇော်ပွဲကြီးဖြစ်ရန် တပည့်များက ကြိုးပမ်းအားထုတ် ခဲ့ကြ ပါသည်။

ထိုသက်တော် (၆၀)ပြည့် ပူဇော်ပွဲကြီးသည် ဆရာတော်၏ အနာဂတ်ဘဝ အထွေထွေကို ပြောင်းလဲစေသည့် လမ်းခရီးအစ ဖြစ်လာသကဲ့သို့ အနာဂတ် ဘဝလမ်းဆုံးကိုလည်း ကြိုတင်နိမိတ်ဖတ်သကဲ့သို့ ရှိတုံပါဘိ၏။

အဘယ်ကြောင့်ဆိုသော် ထိုသက်တော် (၆၀)ပြည့် ပူဇော်ပွဲသဘင်၌ တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမ များစွာတို့ကို ဩဝါဒကထာ လက်ကမ်းစာအုပ် ထုတ်၍ ချီးမြှင့်ရာတွင် အောက်ဖော်ပြပါ ဩဝါဒပိုဒ်ကို ထည့်၍ မိန့်မြွက်ခဲ့ပါ၏။

"အချိန်သည် လူကိုမစောင့်"ဟု ဆိုပါလျှင် မိမိအတွက် လုပ်ရမည့်အချိန် ဘယ်မျှရှိသေးသလဲ၊ (၁၅)နှစ်၊ ဒါလဲတိတိကျကျ မဟုတ်ပါ၊ အလွန်ဆုံးသာ ဖြစ်ပါသည်၊ အချိန်တော့ သိပ်မရှိတော့ဘူး၊ ဒီဘဝရဲ့ အဆုံးသတ်လမ်းဆုံး မရဏသို့ ရောက်ရပေတော့မည်။

## ဦးဆောင်မှုကိုပံ့ပိုးပေးသော စာချဆရာတော်များ

ငါးထလက်ငါးများသည် တစ်ကောင်တည်းဖြစ်လျှင် လမ်းကြောင်းကို ဖြောင့်တန်းစွာမသွားနိုင် နှစ်ကောင်ပေါင်းမှ လိုရာလမ်းကြောင်းကို ဖြောင့် တန်းစွာ သွားနိုင်သကဲ့သို့ ထို့အတူ ပရိယတ္တိလုပ်ငန်း လုပ်ဆောင်ကြသော စာသင်တိုက်ကြီးများရှိ ဦးဆောင်ပဓာန တာဝန်ယူရသော ပုဂ္ဂိုလ်များ သည်လည်း မိမိတစ်ဦးတည်းဖြင့် လိုရာပန်းတိုင်ခရီးကို အောင်မြင်စွာရောက်ရှိ နိုင်ရန်မှာ ပင်ပန်းလှခြိမ့်မည်။

အပြောကျယ်လှသော မြစ်ပြင်ကိုဖြတ်ကူးရာ၌၊ ကူးတို့ဆရာမရှိပါက အလွန်တရာပင် ခက်ခဲစွာ ဖြတ်သန်းကူးမြောက်ရလိမ့်မည် ဖြစ်သကဲ့သို့ ထို့အတူပင်တိုက်တာ ဦးဆောင်ပုဂ္ဂိုလ်အား ဘေးမှလည်းကောင်း၊ နောက်ကွယ်မှလည်းကောင်း၊ ဝန်းရံ၍ ... ပံ့ပိုးရှုလည်းကောင်း ထက်မြက်သော အားကိုးရသော ယုံကြည်ရသော စာချဆရာတော်များ မရှိပြန်လျှင်လည်း ခရီးမတွင် တစ်ဘက်ကမ်းပေါက် မည်သို့မျှ ရောက်နိုင်လိမ့်မည် မဟုတ်ပါပေ။

ဆရာတော်ဘုရားသည် မိမိ၏စွမ်းအားထာမ ဝီရိယကို ယုံကြည်ခဲ့သည်မှာ အမှန်ဖြစ်ပါ၏၊ သို့သော်လည်း ဤသြဝါဒကို မိန့်ခွန်းတော် မှာခဲ့ပါ၏။

(တပည့်တော်စွမ်းအား တစ်ခုတည်းကြောင့်၊ ယခုလို ကျောင်းတိုက်၌ ဂုဏ်ထူးရှင်များ ပေါ်လာအောင် စွမ်းဆောင်နိုင်သည် မဟုတ်ပါဘူး။ တပည့်တော်ကို ဝိုင်းရံပံ့ ပိုးပေးသော စာချဆရာတော်များ၏ စွမ်းအားများကြောင့်လည်း၊ ပညာရေးဘက်ကြည့်ကြည့်၊ တိုက်တာအရေးဘက် ကြည့်ကြည့် အောင်မြင်မှုရှိနေတာဘဲ ဖြစ်ပါတယ်)။

အထက်ပါ မိန့်ခွန်းချက်ကိုကြည့်လျှင် စာချဆရာတော်များ၏ ကဏ္ဍမှာလည်း တိုက်တာအတွက် အလွန်တန်ဖိုးကြီးမားလှပေရာ ပြောင်းရွှေ့/လက်ရှိ စာချဆရာတော်များအား၊ အခွင့်သာခိုက် ဖော်ပြပါအံ့—

## ပြောင်းရွှေ့သွားသော စာချဆရာတော်များ

(၁) အရှင်ကဥ္စန (သာသနဓဇသိရီပဝရ ဓမ္မာစရိယ)

(၂) အရှင်ဂုဏာစာရ (သာသနဓဇသိရီပဝရ ဓမ္မာစရိယ)

(၃) အရှင်အရိယဝံသ (မူလဓမ္မာစရိယ)

(၄) အရှင်ဝဏ္ဏသာရ (သာသနဓဇသိရီပဝရ ဓမ္မာစရိယ–ပါဠိပါရဂူ)

(၅) အရှင်နန္ဒမာလာ (သာသနဓဇ ဓမ္မာစရိယ)

(၆) အရှင်ကေသရ (မူလဓမ္မာစရိယ)

(၇) အရှင်ဇောတိက (မူလဓမ္မာစရိယ)

(၈) အရှင်ဣန္ဒာစာရာဘိဝံသ (ပထမကျော်–သ–စ–အ ဓမ္မာစရိယ)

(၉) အရှင်ဇဝန (မူလဓမ္မာစရိယ)

## လက်ရှိစာချ ဆရာတော်များ

(၁) အရှင်ကုသလ (သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)

(၂) အရှင်ဣန္ဒာစာရ (သာသနဓဇ သိရီပဝရဓမ္မာစရိယ–မဟာဂန္ထဝါစက ပဏ္ဍိတ)

(၃) အရှင်စန္ဒိမာဘိဝံသ (ပထမကျော်–သ–စ–အ ဓမ္မာစရိယ) (မဟာဂန္ထဝါစကပဏ္ဍိတ) (ကျိုက်ပောဓိအနောက်ကျောင်း)

(၄) အရှင်တေဇနိယ (မူလဓမ္မာစရိယ– သိမ်ကျောင်းစာသင်တိုက်

(၅) အရှင်ပညာသာရ (မူလဓမ္မာစရိယ)

(၆) အရှင်ကုမာရ (ဒီဃဘာဏက– သာသနဓဇဓမ္မာစရိယ)

(၇) အရှင်အာဒိစ္စရံသီ (မူလဓမ္မာစရိယ)
တို့ဖြစ်ကြပါ၏။

ပြောင်းရွှေ့နှင့် လက်ရှိစာချဆရာတော်များမှာ ဆင်းရဲအတူ ချမ်းသာ အမျှ အတူတကွ လက်တွဲဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ စာချဆရာတော်များ ဖြစ်ကြပါ၏။

ဆင်းရဲအတူ၊ ချမ်းသာအမျှနှင့်စပ်၍ ဆရာတော် မိန့်ကြားခဲ့ဘူးသော ဩဝါဒကို ပြန်လည်၍ ကြားယောင်မိလာ၏။

(ယခုတွေ့မြင်နေရတဲ့ အခြေအနေကို သုံးသပ်ကြည့်ရင် နေရေးအတွက် တိုက်တာအရန်သင့် စားရေးအတွက် ဆွမ်းဆန်ကိစ္စကအစ စီစဉ်ပေးထားတော့ အာရုဏ်အတွက်လည်း မပူရ၊ နေ့ဆွမ်းကိစ္စမှာလည်း ဒကာ - ဒကာမတွေက တာဝန်ကြေပြီးသား၊ ဝတ်ရေးအတွက်ဆိုလည်း ဝါဆိုချိန်– ကထိန် ကာလ များမှာ တပါးဆို ဒွိစုံ (၃)စုံထက်မနည်း ရရှိနေတာဘဲ၊ ကျန်းမာရေးအတွက် ဆိုလည်း အလကားလှူဒါန်းသည့် ဆေးခန်းတွေကများတာဘဲ၊ ရေ မီး ကိစ္စ ဆိုလည်း အချိန်မရွေး သုံးစွဲလို့ရအောင် ဖြစ်ပေါ်လာတာဘဲ၊ ဟိုတုံးကဆိုရင်၊ သုံးပင်နှစ်ခန်းကျောင်း၊လေးပင်သုံးခန်း သစ်သားကျောင်းသာ အကောင်းဆုံး ကျောင်းဖြစ်တယ်၊ သိမ်ဆိုတာ အဆောက်အဦးမရှိသေးဘူး၊ ဆွမ်းစား ကျောင်းကလဲ ယိုင်နဲ့နဲ့၊ ဆွမ်းခံဖိတ်ရင် တစ်ချို့အိမ်တွေက ဟိုဂိုဏ်း— ဒီကျောင်း ကိုးကွယ်တာပါနဲ့ လက်မခံခြင်ဘူး လဟာယက်– ဥယျာဉ်က ဆန် ပို့ထားလို့ နည်းနည်းပါးပါး ပြည့်စုံတာ၊ ဒါလည်းဟင်းက ပဲရည်ကျဲနှင့် ငပိ ရည်ဘဲ၊ ဝတ်ဖို့ဆိုတာ တပည့်တော်လှူကြီးမှ သင်္ကန်း (၂) စုံလောက်ရှိတာ၊

ဒါကိုသဲထည့်လဲဝတ်ရတာ၊ကြိုက်တတ်လို့ ဆေးလိပ်သောက်ချင်ရင် ဆေးရွက်ကို ပါးပါးလှီးပြီး စက္ကူပါးပါးနှင့် ထည့်လိပ်တဲ့ ပွတ်ချွန်းသာ အကောင်းဆုံးပါ၊ ငါးသုံးလုံး– ဒူးယားကြားတောင် မကြားဘူးဘူး၊ ရေဆိုရင် ရေတွင်းအနက်ကြီးထဲက သောက်ဖို့ သုံးဖို့ခတ်ပြီး–ချိုးရ–သုံးရတယ်၊ မီးဆိုတာ တစ်ကျောင်းလုံးမှ–လေး–ငါးပွင့်ကို ဝိုင်းအုံပြီးခေါင်းဆိုင်စာကျက်ရတယ်၊ ဒါပေမဲ့ သိပ်စာကြိုးစားခဲ့ကြတယ်)။

## ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်သည် စာသင်တိုက်တစ်တိုက် ဖွင့်လှစ်တည်ထောင်လျက်– ဦးစီးဦးကိုင်အဖြစ်နှင့် စာသင်သားများအား စာပေပရိယတ္တိကို အောင်မြင်စွာ ပို့ချပေးသည့် မွန်မြတ်သောအလုပ်ကို လုပ်ဆောင်တော်မူခဲ့သည့်အပြင် အခြားသာသနာရေး ကိစ္စများကိုလည်း အားကျိုးမာန်တက် ဆောင်ရွက်တော်မူခဲ့ပါ၏။

၁၃၁၆- ခုနှစ်မှ ၁၃၄၃- ခုနှစ်အထိ (၂၇)နှစ် တိုင်တိုင် သန်လျင် စာဖြေဌာန၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခြင်း၊ မှော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးပွဲကြီး၌ သံဃကိုယ်စားလှယ်အဖြစ် တက်ရောက်၍ ပညာရေးအကြံပေးချက် (၁၇) ချက်ကို တင်ပြဆွေးနွေးခြင်း၊ သာသနာ့အကျိုးဆောင် ဆရာတော်အဖြစ် နိုင်ငံတော်ဗုဒ္ဓဘာသာပြန့်ပွားရေးဌာနကို မြို့လုံးကျွတ် ထောက်ခံပွဲကြီးကို ကြီးမှူးကျင်းပခြင်း၊ မူလဓမ္မာစရိယထောက်ပံ့ငွေရပ်စဲမှုကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် မေးမြန်းစေခဲ့ခြင်း၊ အကျိုးဆောင် ဆရာတော်အဖြစ်နှင့်ပင် ဟံသာဝတီခရိုင်လုံးဆိုင်ရာ သန်လျင်မြို့နယ်လုံးဆိုင်ရာ ဩဝါဒါစရိယ သုဓမ္မာဂိုဏ်းသံဃာများ ရွေးချယ်၍ သံဃာအစည်းအဝေးကြီးများကို ကြီးမှူးကျင်းပခြင်း၊ ဟံသာဝတီ (၇) မြို့နယ် သုဓမ္မာနိကာယ စာပြန်ပွဲကြီး၌ ၁၃၂၇- ခုနှစ်မှ ယနေ့အထိ အကျိုးတော်ဆောင်အဖြစ်ဖြင့်လည်းကောင်း ဆက်သွယ်ရေး တာဝန်ခံအဖြစ်ဖြင့် လည်းကောင်း၊ ဆောင်ရွက်ခြင်း နာယကဆရာတော်အဖြစ်ဖြင့် မှတ်ပုံတင် ဘုန်းကြီးကျောင်း (ကျောင်းအုပ်ဆရာတော်) ပညာရေးနှီးနှောဖလှယ်ပွဲကို ၎င်းကျောင်း၌(၂)နှစ်ဆက်တိုက် တာဝန်ယူဆောင်ရွက်ခဲ့ခြင်း၊ သန်လျင်မြို့ ပပါရဏာ သုံးဂိုဏ်းစုံညီဆုံးဖြတ်ချက်အရ သာသနာရေးဗန်းပြ၊ အလှူခံလိမ် အတုအယောင်အချို့ကို သန်လျင်မြို့နယ်မှ ဖယ်ရှားပြစ်ခြင်း၊ ဘုရားစေတီများ စည်းကမ်းမဲ့ တည်မှုများ နည်းပါးသွားအောင် တာဝန်ယူဆောင်ရွက်ခြင်း၊ သန်လျင်မြို့ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်၊ ရန်ကုန်မြို့ ဆူးလေစေတီယော်မြတ်၊ ရွှေတိဂုံ

စေတီတော်မြက်ကြီးများ၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းစသော သာသနာရေးရာ အဖြာဖြာတို့ကို ဒေါင့်စေ့ ကွက်စေ့ အချိန်ပြည့် လုပ်ဆောင်တော်မူခဲ့ ပါပေ၏။

## သာသနာ့အကျိုးဆောင် ထေရ်ဘုန်းခေါင်

(မရောင်မီ ဖြည်းဖြည်း နှေးနှေး လုပ်နေလို့တော့မဖြစ်။ မြန်မြန်ဆန်ဆန် လုပ်မှဖြစ်တော့မည်)

သက်တော်ခြောက်ဆယ်ပြည့် ပူဇော်ပွဲဝယ် ဩဝါဒတော်မြွက် ထားရှိခဲ့သည့် အတိုင်း ထေရ်ဆရာသည် သာသနာတော်ကြီးအတွက် လည်းကောင်း၊ တိုက်တာကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ မိမိအတွက် လည်းကောင်း၊ အားသွန်ကြိုးပမ်း သက်စွန့်၍ပင် ဆောင်ရွက်တော် မူခဲ့ပါ၏။
သက်တော် ခြောက်ဆယ်ပြည့် ပူဇော်ပွဲကြီးနောက်ပိုင်းဝယ် မကြာမြင့်မီပင် နိုင်ငံတော်အစိုးရက ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကို အလေးပေး ဆောင်ရွက်နိုင်ရေး အရှည်မျှော်တွေး၍ ဆောင်ရွက်ခဲ့ပေရာ ထိုကိစ္စမှာ အင်မတန် တာဝန်လည်းကြီးမား အဓိပတိတရား လက်ကိုင်ထား၍ အမြော်အမြင်လည်းရှိစွာ ဆောင်ရွက်ကြရမည့် လုပ်ငန်းကြီးလည်း ဖြစ်ပေရာ အဓိက အားဖြင့် တာဝန်ခံ ဆောင်ရွက်တော်မူကြရမည့် ဗျတ္တ ပဋိဘာန ဝီရိယ ထာမ အဓိပတိရှေ့ဆောင် မူလဝန်ဆောင်သံဃာ (၆၆)ပါးကို အခြေခံဒေသအလိုက် မြန်မာပြည်အနှံ့ ရွေးချယ်တော်မူခဲ့ရာ ဟံသာဝတီ အခြေခံဒေသ အရွေခြမ်း (၄)မြို့နယ်မှ ဆရာတော်အား မူလဝန်ဆောင်အဖြစ် ရွေးချယ်ပေးတော်မူခဲ့ပါ၏။

ထို့နောက် ဂိုဏ်းပေါင်းစုံညီညွတ်ရေး၊ သာသနာတော် ထွန်းကားပြန့်ပွား ရေးအတွက်–

(၁) အစည်းအဝေးကြီးများ ထမြောက်အောင်မြင်ရန် ကြိုးပမ်း ဆောင်ရွက်ခြင်း။

(၂) သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ရေးဆွဲရေး အဖွဲ့ဝယ်၌ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း။

(၃) သံဃာ့အစည်းအဝေးကြီးအတွက် ဗဟိုဝန်ဆောင်ရွေးချယ်ခြင်း။

(၄) ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေး အစည်းအဝေး ကျင်းပခြင်း။

(၅) ၎င်းအစည်းအဝေးကြီးမှ ဂိုဏ်းပေါင်းစုံ ... [illegible]

(၅) ၎င်းအစည်းအဝေးကြီးမှ ႏိုင်ငံတော်သံဃမဟာနာယကအဖြစ်နှင့် တွဲဖက်အကျိုးဆောင်အဖြစ် ရွေးချယ်ခံရခြင်း။

(၆) ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး၌ တွဲဖက်အကျိုးဆောင်(၁)အဖြစ် ရွေးချယ်ခံရခြင်း။

(၇) အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း။

(၈) တတိယအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် ရွေးချယ်မှုကိစ္စများ၌ ထူးခြားစွာ ဆောင်ရွက်တော်မူခဲ့ခြင်း။

(၉) တတိယအကြိမ်သက်တမ်း စတုတ္ထဗဟိုဝန်ဆောင် အစည်းအဝေးမှ အကျိုးဆောင်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်း–

စသည့်ထူးခြားချက်များစွာဖြင့် လုပ်သင့်လုပ်အပ်ရာကို ကြည်ညိုဖွယ် စွမ်းဆောင်ခဲ့ပါ၏။

## သာသနာတော်ပြန့်ပွားရေး ခရီးလှည့်လည်ပေး

(စာရိက ဘိက္ခဝေ စရထ–စသည့်ဩဝါဒ ဒေသနာတော်ဖြင့် ချစ်သားရဟန်းတို့ ခရီးလှည့်လည်ကြကုန်လော့၊ တစ်ကြောင်းတည်းသော ခရီးကို ရဟန်းနှစ်ပါး မသွားကြဘဲ ရဟန်းတစ်ပါး ခရီးလမ်းကြောင်းတစ်ခုဖြင့် လူအများ၏ အကျိုးစီးပွား ချမ်းသာသုခ ဖြစ်ပေါ်စေခြင်းငှာ သာသနာပြုခရီး လှည့်လည်ကြ) ဟူ၍ ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓ၏သား ကျွန်ုပ်တို့၏ ထေရ်ဆရာတော်ဘုရားမှာလည်း ဘုရားသခင်၏ မိန့်မှာတော်မူချက်ကို အစဉ်ထာဝရ ဦးထိပ်၌ ပန်ဆင်၍ သာသနာတော်အကျိုးကို စွမ်းနိုင်သမျှ ညည်ပိုးထမ်းဆောင်တော်မူသည့် လုပ်ငန်းများစွာတွင် ခရီးလှည့်လည်၍ သာသနာပြုခြင်းလည်း ပါဝင်ခဲ့ပါ၏၊ ခရီးလှည့် သာသနာပြုရာ၌—

(၁) ပြည်တွင်းသာသနာပြု

(၂) ပြည်ပသာသနာပြု လုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်တော်မူခဲ့ပါ၏။

ထိုတွင် ပြည်တွင်းခရီးစဉ်ဖြင့် သာသနာပြုရာ၌ နှစ်ပိုင်းခွဲ၍ ရနိုင်၏။ ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးခေတ်မတိုင်မီက မော်ဘီသံဃာ့အစည်းအဝေး၊ ခရိုင်သုစမ္မာ စာပြန်ပွဲ၊ ဘုန်းတော်ကြီးကျောင်းမူလတန်းပညာရေး နှီးနှောဖလှယ်ပွဲ စသည်မှ သာရေး နာရေး ကိစ္စများစွာတို့ကို ပင်မပရိယတ္တိ တာဝန်အပြင် အလျဉ်းသင့်သလို နေ့မအား ညမနား ထမ်းဆောင်တော်မူခဲ့ပါ၏။

(၁၉၇၉)ခုနှစ်မှစ၍ ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးရရှိပြီးနောက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ပေါ်လာသောအခါ အများစုသံဃာဆန္ဒဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ရာတွင် ပြည်တွင်း သာသနာပြုခရီးကို ဒေသအမျိုးမျိုး၊ ဌာနအသွယ်သွယ်သို့ လှည့်လည်၍ သွားရောက် သာသနာပြုတော်မူခဲ့ရာတွင် ခေါ် ပြည်နယ်၌ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ ကျောက်တော်၊ ခင်းပြား၊ မြောက်ဦးမြို့များသို့ လည်းကောင်း။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းမော၊ မိုင်းယန်း စသည့်မြို့နယ်များသို့လည်းကောင်း၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး၊ ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင် ချင်းရွှေဟော်၊ မူဆယ်၊ နန့်ခမ်း၊ ကွတ်ခိုင်၊ တန့်ပန်း၊ ပန်ဆန်း၊ မိုင်းရယ်စသည့် မြို့နယ်များစွာသို့ လှည့်လည်၍ သာသနာတော် ပြုတော်မူခဲ့ရပါ၏။ ဆရာတော်ဘုရားများ သာသနာပြုခရီး ကြွရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

(က) ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်တို့နှင့် တွေ့ဆုံပြီး သာသနာရေးရာ ကိစ္စရပ်များ ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးပြီး ဩဝါဒများ ချီးမြှင့်ရန်နှင့် အကြံဉာဏ်များရယူရန်၊

(ခ) ဗုဒ္ဓသာသနာတော်ရေရှည်တည်တံ့ပြန့်ပွားရေးအတွက် ပရိယတ္တိ ပဋိပတ္တိလုပ်ငန်းများ လေ့လာကြည့်ရှုအားပေးရန်နှင့် လမ်းညွှန်ဩဝါဒပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ ဗုဒ္ဓသာသနာတော်သို့ ပိုမိုသက်ဝင်ယုံကြည်ကိုးကွယ်မှုရရှိရေး ဆောင်ရွက်ရန်၊

(ဃ) သာသနိက အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ရေးကိစ္စများ လေ့လာရန်။

(င) ဗုဒ္ဓဘာသာယဉ်ကျေးမှု အစဉ်အလာများ မပပျောက်ရေးနှင့် အမျိုးဘာသာ သာသနာအား စောင့်ရှောက်ရေးအတွက် ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွင့်လှစ် သင်ကြားရေး ကိစ္စများ ညှိနှိုင်းဆွေးနွေးရန်၊

(စ) သာသနာရေးရာ မှုခင်းကိစ္စရပ်များ ဆွေးနွေးရန်တို့ဖြစ်ပါသည်။

ဤခရီးစဉ်များစွာတွင် ဆရာတော်သည် အမိကဆောင်ရွက်ရသည့် သာသနာရေးကိစ္စများကို ဦးဆောင်ဦးရွက်ပြုကာ အားကျိုးမာန်တက် ထမ်းရွက်တော်မူခဲ့ပါသည်။ ထိုသို့ သာသနာ့အကျိုး သယ်ပိုးရာတွင် ကာလ အလိုက် ဒေသအခြေအနေနှင့် လိုက်လျောညီထွေသော ဩဝါဒများပေးခြင်း ဒေသခံသံဃာထုနှင့် ဆွေးနွေးခြင်း၊ အုပ်ချုပ်ရေးပိုင်းကအစ သက်ဆိုင်ရာ ဒါယကာ/ဒါယိကာမများနှင့်လည်း ညှိနှိုင်းတိုင်ပင်ခြင်း- စသည့်ဆောင်ရွက်ဖွယ် များကိုလည်း ဆောင်ရွက်တော်မူခဲ့ရပါ၏။

ထိုဆောင်ရွက်ချိန်အတွင်း စားရေးသောက်ရေး နေထိုင်ရေး ပင်ပမ်းမှု ကျန်းမာရေးကို ငဲ့ကွက်ရမည့် အခြေအနေများကို ဂရုစိုက်တော်မမူနိုင်ဘဲ "သာသနာတော်ပြန့်ပွားရမည်၊လူမျိုးဂုဏ်တင့်တယ်ရမည်၊ဗုဒ္ဓယဉ်ကျေးမှု အမွေ အနှစ်များ ရှင်သန်ပွင့်လန်းစေရမည်" ဟူသော ခိုင်မာသော ယုံကြည်ချက်များ စွာဖြင့် ပင်ပမ်းနွမ်းနယ်တော်မူသည်ကို ဂရုစိုက်တော်မမူဘဲ သာသနာရေး အတွက် အသက်စွန့်ကာ ထမ်းရွက်တော်မူခဲ့ရပါ၏။

## (၅) နိုင်ငံသာသနာပြုခရီးစဉ်

အဆိုပါခရီးစဉ်မှာ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် တွဲဘက်အကျိုးတော်ဆောင်ဆရာတော်များ၊ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နာယကချုပ်နှင့် မော်ကွန်းထိန်း ဆရာ တော်များ၊ သာသနာရေးဌာနမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဥပထာကအဖွဲ့မှ ပုဂ္ဂိုလ်များ ပါဝင်သော နိုင်ငံခြားသာသနာပြုသမိုင်းတွင် ထူးခြားသော သာသနာပြုအဖွဲ့လည်းဖြစ်၍ အထူးခြားဆုံးသော သာသနာပြု ခရီးစဉ်လည်း ဖြစ်၏။

ထိုအဖွဲ့တွင် ကျေးဇူးရှင်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီလည်းပါဝင်၍ သာသနာ ပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ထိုခရီးစဉ်အတွင်း သက်ဆိုင်ရာ နိုင်ငံများနှင့် ထိုနိုင်ငံရှိဘာသာရေးခေါင်းဆောင်များနှင့် ဗုဒ္ဓဘာသာ သာသနာ တော်ပြန့်ပွားရေးကိစ္စများ၊ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားရေး ကိစ္စများ၊ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်အချင်းချင်း အပြန်အလှန် ဆက်သွယ်ရေးကိစ္စ များ၊ ဗုဒ္ဓဘာသာကျမ်းစာများ၊ ဘာသာပြန်ဖလှယ်၍ နိုင်ငံချင်းရိုင်းပင်းရေး ကိစ္စများနှင့်သက်ဆိုင်ရာနိုင်ငံများရှိ ဗုဒ္ဓဘာသာ ရှေးဟောင်းစေတီပုထိုးများ၊ ရှေးခေတ်သာသနာ့တက္ကသိုလ်များနှင့် ဗုဒ္ဓဘုရားရှင်ဖွားတော်မူရာ ဘုရားအဖြစ်

သို့ရောက်တော်မူရာ၊ တရားဦးဟောတော်မူရာ၊ ပရိနိဗ္ဗာန်ပြုရာဌာနများ အပါအဝင် ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ထူးခြားသောဌာနများကို လေ့လာခဲ့သော ခရီးစဉ်ကြီးလည်းဖြစ်ပါသည်။

ထိုခရီးစဉ်အတွင်း ထူးခြားချက်တစ်ခုမှာ ဗုဒ္ဓဘာသာဝင်အဖြစ် များပြားလှသော ပုဂ္ဂိုလ်များက သက်ဝင်ယုံကြည်ဆောက်တည်လာရန် တွန်းအားပေးခဲ့သော ခရီးစဉ်ဟုဆိုကလည်း မမှားနိုင်ပါ၊ နောက်ပိုင်းတွင် ကျေးဇူးရှင် ဆရာတော်ဘုရားသည် အထူးအားဖြင့် အိန္ဒိယနိုင်ငံသို့ကြွရောက်တော်မူ၍ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူခြင်း၊ သာသနိက အဆောက်အဦများ ဆောက်လုပ်ရန် အုတ်မြစ်ချပေးခြင်း စသောကိစ္စများကို ထိုနိုင်ငံရှိ သာသနာပြု ရဟန်းတော်များနှင့် ထူးခြားစွာပူးတွဲဆောင်ရွက်တော်မူခဲ့ပါ၏။ ဗုဒ္ဓဘာသာဝင်အဖြစ် ယုံကြည်ခံယူလာသူများတွင် တက္ကသိုလ်မှ ကထိက ပါမောက္ခများ၊ ဆရာဝန်များ၊ အတတ်ပညာရှင်များလည်း များပြားစွာပါဝင်ခဲ့ကြောင်း ထူးခြားစွာလေ့လာတွေ့ရှိရပါသည်။ သာသနာစ၍ ပေါ်ထွန်းရာအိန္ဒိယနိုင်ငံ၌ ကွယ်ပသလောက်ဖြစ်နေသော ဗုဒ္ဓဘာသာသာသနာရောင်ဝါ ပြန်လည်ဆန်းသစ် တစ်ခေတ်ထွန်းနိုင်ဖို့အတွက်လည်း စွမ်းနိုင်သမျှ ကြိုးပမ်းအားထုတ်တော်မူခဲ့ခြင်းလည်း ဖြစ်ပါသည်။

ထို(၅)နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ အချက်အလက် စုံလင်စွာ သိရှိနိုင်ရန် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နာယကချုပ် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်၏ ဆောင်းပါးတွင် ကြည့်ရှုလေ့လာကြည်ညိုနိုင်ကြပါသည်။

## တောင်ကိုရီးယား သာသနာပြုခရီးစဉ်

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာမိတ်ဆွေဖြစ်အသင်းကြီး၏ အနှစ် (၄၀) မြောက်ပွဲနှင့် (၁၇) ကြိမ်မြောက် ဗုဒ္ဓဘာသာ ကမ္ဘာ့ညီလာခံသို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် သာသနာပြုရန် မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ခွင့်ရတော်မူခဲ့၏။

(က) ဆရာတော်ဦးဝဏ္ဏသိရီ တွဲဘက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ခေါင်းဆောင်)၊

(ခ) ဦးအုံမောင် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန (အဖွဲ့ဝင်)တို့ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် (၂၁-၁၀-၉၀) ရက်နေ့ ည (၉) နာရီအချိန်တွင် ဆိုးလ်မြို့သို့ရောက်ရှိကြရ၍ (၂၂-၁၀-၉၀)ရက်နေ့နံနက်ပိုင်းတွင် ရုံးအဖွဲ့နှင့် ကိုယ်စားလှယ်ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်

လေ့လာခဲ့ရသည်။ အစည်းအဝေး၌ ဘာသာရေးကိစ္စများအဖြစ် ဗီယက်နမ် နိုင်ငံမှ ဗုဒ္ဓဘာသာအသင်း ကိုယ်စားလှယ်က အမေရိကန်နိုင်ငံရှိ ဗီယက်နမ် ဗုဒ္ဓဘာသာ အသင်း ကိုယ်စားလှယ်ကို အလုပ်အမှုဆောင်အဖြစ်မှ ဖယ်ထုတ်၍ ဗီယက်နမ်နိုင်ငံရှိ ဗုဒ္ဓဘာသာအသင်းကိုယ်စားလှယ်ကို အလုပ်အမှုဆောင်အဖွဲ့၌ ထည့်သွင်းပေးရန် တောင်းဆိုခြင်းကိစ္စကို ဆွေးနွေးသုံးသပ် ဆုံးဖြတ်ခဲ့ရ၏။ ၎င်းနေ့ (၁၄း၀၀)နာရီတွင် ဆိုးလ်မြို့ အမှတ်(၁) အိုလံပစ်အားကစားပြိုင်ပွဲရုံ ကြီးအတွင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဗုဒ္ဓဘာသာဝင်ပရိသတ်ငါးသောင်း တက်ရောက်၍ နိုင်ငံပေါင်း(၂၀)မှ ကိုယ်စားလှယ်ပေါင်းသုံးရာခန့် တက်ရောက် ကြသည်။ ၎င်းအစည်းအဝေးကြီးတွင် စည်းရုံးရေးကော်မတီဥက္ကဋ္ဌက ကြေညာ စာတမ်းဖတ်ကြား၍ အမျိုးသမီးအဖွဲ့နှင့် တီးဝိုင်းများက ဘုရားရှိခိုးကဗျာကို သီဆိုတီးမှုတ်ခြင်း၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဘုန်းတော်ကြီး ဆိုယွန်ပန်က ကျေးဇူး တင်နှုတ်ဆက်စကားပြောကြားခြင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာမိတ်ဆွေဖြစ် အသင်း ကြီး၏လက်ရှိဥက္ကဋ္ဌ နိုင်မ္မဆတ်တီက အဖွင့်မိတ်ဆက်စကား ပြော ကြားခြင်း၊ ကိုရီးယား သံဃာ့ဂိုဏ်းဖြစ်သော ချိုးဂယေးဂိုဏ်းမှ နာယကကြီးဆွန်ချိနှင့် ကန်ဆုတ်ဂျူတို့က တရားဟောခြင်း၊ ဂုဏ်ထူးဆောင်ဧည့်သည်များက နှုတ်ဆက် စကားပြောကြားခြင်း၊ ကိုရီးယားဝန်ကြီးချုပ် ဗန်ယောင်ဟုန်း၏ကျေးဇူးတင် သဝဏ်လွှာကို ဖတ်ကြားခြင်း၊ ဓမ္မတေးဆိုခြင်း၊ ငါးပါးသီလ ခံယူဆောက် တည်ခြင်းများပြုလုပ်ကြပြီးနောက် ၎င်းအစည်းအဝေးကြီးတွင်ပင် မြန်မာနိုင်ငံ သာသနာရေးအခြေအနေကို တင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှာ ကမ္ဘာ့ ဗုဒ္ဓဘာသာမိတ်ဆွေဖြစ် အသင်းကြီး၌ အဖွဲ့ဝင်မဟုတ်သဖြင့် အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြား၍ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ အထွေထွေ ညီလာခံကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဒေါက်တာကင်းကွမ်းတေက ဤညီလာခံတွင် မြန်မာနိုင်ငံ ပါဝင်စေလိုသဖြင့် ၎င်း၏ အစီအစဉ်ဖြင့် သံဃမဟာနာယကအဖွဲ့ကို ဖိတ်ကြား ခြင်းဖြစ်ကြောင်း သိရသည်။ အစည်းအဝေးပွဲများနှင့် ဧည့်ခံပွဲများတွင် မြန်မာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီကို ရှေ့တန်းနေရာ၌ ထားလေ့ရှိပြီး အထူး ဂရုတစိုက် ပြုစုစောင့်ရှောက်မှု ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံမှ အဆင်သင့် ပုံနှိပ်ယူသွားသော ဗုဒ္ဓဘာသာ မြန်မာကိုယ်စား လှယ်အဖွဲ့၏ မြန်မာနိုင်ငံ လက်ရှိ သာသနာရေး တိုးတက် ဆောင်ရွက်မှု အခြေအနေများစာတမ်းကို ကိုယ်စားလှယ် အသီးသီးသို့ ဖြန့်ဝေခြင်းဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ အသင်းအဖွဲ့များ သိရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။

(၂၄-၁၀-၉၀) ရက်နေ့တွင် အမှုဆောင်ကော်မတီ အစည်းအဝေးက အောက်ပါအချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

(က) ကမ္ဘာအနှံ့ အဖွဲ့အစည်း အမျိုးမျိုးက ဦးစီးကျင်းပသော ညီလာခံများမှ သတင်းများ စုဆောင်းရရှိရေးအတွက် ဗုဒ္ဓဘာသာသတင်း ဖလှယ်ရေး၊ ပြန်ကြားရေးဌာနတစ်ခု တည်ထောင်ရေးနှင့် တာဝန်ခံ အရာရှိတစ်ဦး ခန့်ထားရန်၊

(ခ) ဗုဒ္ဓဘာသာ ပညာရပ်ဆိုင်ရာ သုတေသန/ဘာသာပြန် ဗြူရိုတစ်ခု တည်ထောင် ဖွင့်လှစ်ရန်၊

(ဂ) ပစ္စည်းကရိယာ အလုံအလောက်ရှိသော ဗုဒ္ဓဘာသာ ရဟန်းတော်များ လက်ခံထားရှိသော သင်တန်းဌာန၊ တည်ရာဒေသများမှ သတင်းများကို စုံစမ်း မေးမြန်းမှုများ ပြုလုပ်ခြင်းဖြင့် ရယူ စုဆောင်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။

(၂၅-၁၀-၉၀) ရက်နေ့ နံနက်ပိုင်းတွင် နောင်လာမည့် (၁၀) နှစ်အတွင်း ဗုဒ္ဓဘာသာ၏ စိန်ခေါ်ချက်စာတမ်း၊ (၂၁) ရာစုတွင် တည်မြဲသော ကမ္ဘာ့ ငြိမ်းချမ်းရေးစာတမ်းနှင့် (၂၀) ရာစု နောက်ဆုံး (၁၀) နှစ်၊ ကျွန်ုပ်တို့ ဘာလုပ်သင့်သလဲ စာတမ်းများကို ဖတ်ကြားတင်သွင်း ဆွေးနွေးရာ၌လည်း မြန်မာကိုယ်စားလှယ်အနေဖြင့် ပါဝင်ဆွေးနွေးခဲ့ပါသည်။

(၂၆-၁၀-၉၀) ရက်နှင့် (၂၇-၁၀-၉၀) ရက်နေ့များတွင် ရှေးဟောင်း ဘုန်းကြီးကျောင်းများ လေ့လာရေး ခရီးထွက်ခြင်း၊ နှစ်ပေါင်းတစ်ထောင်မှ တစ်ထောင့်ငါးရာအထိ သက်တမ်းရှည်သော ရှေးဟောင်း ဘုရားကျောင်း အဆောက်အဦများကို လေ့လာခြင်း၊ ဒေါင်ဝှာဆာ ဘုရားကျောင်းတွင် ပရိသတ် တစ်သောင်းခန့်က ကြိုဆို၍ ကိုရီးယား နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်း ရေး အထိမ်းအမှတ် စေတီအုတ်မြစ်ချပွဲ ကျင်းပခြင်း၊ ပူဆန်မြို့၌လည်း ဗုဒ္ဓ ဘာသာ ငါးသောင်းခန့် တက်ရောက်သည့် ဘာသာရေး အခမ်းအနားကြီးကို လည်း ကြွရောက်ချီးမြှင့်တော်မူခဲ့ပါသည်။

## မှုရှား သာသနာပြုခရီး

၎င်းသာသနာပြုခရီးစဉ်မှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက် အကျိုးတော်ဆောင် (၁) ဘဒ္ဒန္တဝဏ္ဏသိရီ (အဂ္ဂမဟာပဏ္ဍိတ)၊ ဒုဥက္ကဋ္ဌ ကရေ ဘဒ္ဒန္တဇာဂရ (မဟာနာယကအဖွဲ့)၊ ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့

တက္ကသိုလ်၊ ဒုတိယသနာသကချုပ် ဘဒ္ဒန္တဝဏ္ဏိတ (ဇ.ဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်တို့ ပါဝင်သော အဖွဲ့ဖြစ်၏။

ဆိုအဖွဲ့သည် (၉-၇-၉၁)နေ့တွင်၊ သာသနာပြုခရီး စတင်ခဲ့ရာ၊ ဗန်ကောက်မှ ဂျာမနီနိုင်ငံ ဖရန်းဖွတ်လေဆိပ်ရောက်ပြီး မြန်မာသံအမတ်ကြီး ဦးဝင်အောင်နှင့် အဖွဲ့က ကြိုဆိုဆွမ်းကပ်ပြီး၊ မော်စကိုသို့ ဆက်လက်ထွက်ခွါရာ (၁၀-၇-၉၁) ညနေရောက်၏။

(၁၁-၇-၉၁)မှ (၁၂-၇-၉၁) အတွင်း၊ မြန်မာသံအမတ်ကြီး ဦးတင်ထွန်း အိမ်၌ အရုဏ်ဆွမ်းကပ်ခြင်း၊ အနေကဇာတင်ခြင်း ကိစ္စများ ဆောင်ရွက်ပေးပြီး၊ ရုရှားအမျိုးသမီး မိစ်နာကာရှာက ဗုဒ္ဓဘာသာဝင်အဖြစ် ဝင်ရောက်မှု အထိမ်းအမှတ် သရဏဂုံ ဆောက်တည်ရာ၌ ဆရာတော်က သရဏဂုံ ဆောက်တည်ပေး၏။

ထို့နောက် တာ့စ်သတင်းဌာန၊ ကရင်မလင်နန်းတော်၊ မော်စကိုတက္ကသိုလ်နှင့် မဟာယာဏလားမား ဘုန်းတော်ကြီးကျောင်းများကို လေ့လာခဲ့၏။ ထိုမဟာယာဏကျောင်း၌ပင် လားမားဘုန်းတော်ကြီးများနှင့် ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌတို့ကို တွေ့ဆုံကာ ဘာသာရေး၊ သာသနာရေးကိစ္စများ၊ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးနှင့် စေတီတစ်ဆူတည်ရန် ကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြပြီး၊ ၎င်းကိစ္စများကို နှစ်နိုင်ငံ တိုင်ပင်ပြုလုပ်ရန် သဘောတူ အတည်ပြုကြသည်။

(၁၃-၇-၉၁)နေ့တွင်၊ မော်စကိုမှ ဥလန်ဥဒေးသို့ ထွက်ခွါရာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ကြိုဆိုကြ၏။ ၎င်းမြို့၌ ဗုဒ္ဓဘာသာ စတင်ကိုးကွယ်ခွင့်ကို အသိအမှတ်ပြုပေးသည့် နှစ်(၂၅၀)ပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်တော်မူကြရ၏။

(မှတ်ချက် ...ဗုဒ္ဓဘာသာမှာ နှစ်ပေါင်းများစွာကပင် ကြိုတင်ရောက်ရှိပြီး ဖြစ်နေသည်)။ ၎င်းမြို့၌ ဗိုင်ကာဟိုတယ်တွင် တည်းခိုပြီး (၁၄/၁၅/၁၆-၇-၉၁) နေ့တွင် လားမားဓာတ်ဆံဘုရားရှိခိုးကျောင်းသို့သွား၍ မင်္ဂလသုတ်နှင့် မေတ္တာသုတ် ချီးမြှင့်ခြင်း၊ အလောင်းတော်ပွဲ လှည့်လည်မှုသို့ တက်ရောက်ခြင်း၊ ပညာတော်သင်များ ဖိတ်ကြားခြင်း၊ (၎င်းဖိတ်ကြားမှုကြောင့် ရုရှားလူငယ် များမှာ ရှင်သာမဏေရဟန်းအဖြစ်ဖြင့် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်၌ အဆင့်မြင့်ပညာများကို သင်ကြားခဲ့၊ သင်ကြားဆဲဖြစ်၏)။ ဘာသာရေးဆိုင်ရာ အထွေထွေသံပွဲကွန်ဖရင့်ဖွင့်ပွဲသို့ တက်ရောက်ခြင်းများ ပြုလုပ်ပြီး၊ ထေရဝါဒ

ဗုဒ္ဓဘာသာ အနှစ်သာရကို တင်ပြဆွေးနွေးခဲ့ရာ ကြွရောက်လာသူများက တခဲနက် သြဘာပေးကြ၏၊ ထိုအခမ်းအနားသို့ တောင်နှင့်မြောက်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ သီရိလင်္ကာ စသည့်နိုင်ငံများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြပါသည်။

(၁၇-၇-၉၁) နေ့တွင် ဗိုင်ကာရေကန်ကို လှည့်လည်ကြည့်ရှုပြီး ၎င်းနေ့၌ ပြည်နယ်ကောင်စီ ဥက္ကဋ္ဌနှင့် ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်းကို နှီးနှော ဆွေးနွေးပြီး (၁၈-၇-၉၁) နေ့တွင် မော်စကိုသို့ ပြန်လာပြီး၊ (၁၉-၇-၉၁)နေ့တွင် မော်စကိုရှိ အရှေ့တိုင်း တက္ကသိုလ်သို့သွားရောက် လေ့လာခဲ့၏၊ ထိုတွင် ဒုတိယ ပါမောက္ခချုပ်နှင့် ဆွေးနွေးပြီး တက္ကသိုလ်ပြတိုက်ကို လေ့လာရာ ရွှေတိဂုံ ဘုရား၏ ဖောင်ဒေးရှင်း မြေပုံစာအုပ်ကို အံ့သြဖွယ်တွေ့ရှိရသည်။

၎င်းနေ့၌ပင် ဆရာတော်နှင့်အဖွဲ့သည် မော်စကို ဒုတိယမြို့တော်ဝန်နှင့် တွေ့ဆုံပြီး ဘုရားမြေနေရာရရှိရန် ထေရဝါဒ ဗုဒ္ဓဘာသာကျောင်း ဖြစ်ပေါ် လာရန် ညှိနှိုင်းဆွေးနွေးကြရာ ၎င်းတို့ဘက်က ဝိပဿနာ ဌာနဟာစ်ခုလည်း ဖြစ်ပေါ်ရန် စိတ်ဝင်စားစွာ ဆွေးနွေးညှိနှိုင်း၏။

(၂၀-၇-၉၁)နေ့တွင် ယခင် လီနင်ဂရက်၊ ယခု စိန့်ပီတာစပတ်စ်မြို့တော်သို့ သွားရောက်၍ ၎င်း၌ ဗုဒ္ဓဘာသာအကြောင်းကို စိတ်ဝင်စားသူများနှင့် ဆွေးနွေးခြင်း၊ လှည့်လည်လေ့လာခြင်းများ ပြုလုပ်ပြီး (၂၅-၇-၉၁)နေ့တွင် ပြန်လည်ထွက်ခွာရာ မော်စကို၊ ဖရန့်ဖွတ်၊ ဗန်ကောက်မြို့များသို့ ရောက်ရှိပြီး (၂၆-၁-၉၁) နေ့တွင် သံအမတ်ကြီး ဦးညွန့်ဆွေ မိသားစု (ယခု ဒုတိယ နိုင်ငံခြားရေးဝန်ကြီး) တို့နှင့် အတူ ဘုရားဖူးခြင်း၊ လေ့လာခြင်းများ ပြုလုပ်ပြီး ပြန်လည်ထွက်ခွာရာ ရန်ကုန်မြို့သို့ (၂၇-၇-၉၁) နေ့တွင် ပြန်လည် ရောက်ရှိ တော်မူခဲ့ကြောင်းကိုလည်း ကြည်ညိုဖွယ် လေ့လာတွေ့ရှိခဲ့ရပါသည်။

## အိန္ဒိယ နီပေါ သာသနာပြုခရီးစဉ်

(၁၃၅၃)ခု-တပေါင်းလဆုတ် (၈)ရက်မှ ဦးတန်ခူးလဆုတ် (၁၁)ရက်ထိ
(၂၆-၃-၉၂) မှ (၂၀-၄-၉၂)ထိ

သာသနာရေး ကိုယ်စားလှယ်အဖွဲ့တွင်—

၁။ ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင်၊
၂။ ဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာပဏ္ဍိတ)
၃။ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးကျော်လွင်တို့ ဖြစ်၏။

ရင်းအဖွဲ့သည် (၂၆-၃-၈၂) နေ့တွင် စတင်ထွက်ခွာ၍ (၂၇-၃-၈၃) နေ့၌ ကာလကတ္တား မြန်မာကျောင်း၌ တည်းခိုပြီး ထိုနောက် ဧပြီ(၁၃)ရက်နေ့၌ ဗုဒ္ဓဂယာတွင် မြန်မာ သာသနာပြု သံဃာတော်များ စည်းဝေးနိုင်ရန် အပါး (၃၀)ခန့် ပင့်ဆောင်ပေးရန် မြန်မာ သံအမတ်ကြီးဦးဝင်းလွင်အား အကူအညီ တောင်းခဲ့ရာ သံအမတ်ကြီးမှာ လိုလေသေးမရှိ ဆောင်ရွက်ပေးပါ၏။ (၂၀/၂၉/၃၀)ရက်များတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ရ ဆရာကြီး ဂိုအင်ကာ နှင့်အတူ ဓာံဘောအနီးရှိ ဗုဒ္ဓဘာသာ ရှေးအဆောက်အဦများနှင့် နာမည်ကျော် အယ်လ်လိုရာနှင့် အာဂျန်တာဂူများကို လေ့လာခဲ့ပြီး(၃၁)ရက်နေ့တွင် အီဂတ်ပူရီ မြို့ရှိ ဆရာကြီး ဂိုအင်ကာ၏ ဓမ္မဂိရိ ဝိပဿနာ အကယ်ဒမီသို့ ရောက်ရှိလေ့လာကာ လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြ၏။ ထိုဝိပဿနာဌာနမှာ လယ်တီ ဆရာတော်ဘုရားကြီး၏ နည်းအတိုင်း မြစ်ဖျားကာ ဆရာသက်ကြီးနှင့် ငွေစာရင်းမင်းကြီး ဦးဘခင်တို့၏ ညွှန်သင်ပြသပုံ နည်းအတိုင်း ဝိပဿနာ ပြန့်ပွားရန် အားထုတ်နေသော ဌာနဖြစ်၏။

အကျယ်အဝန်းမှာ (၄၂)ကေခန့်ရှိ မြေပေါ်တွင် မြန်မာပုံစေတီတစ်ဆူကို ဗဟိုပြု၍ ကမ္မဋ္ဌာန်းဂူ (၃၃၃)၊ ကျောင်းပေါင်း (၁၀၀) ကျော်၊ သစ်ပင် ပန်းမာလ် (၄၀၀၀၀) ကျော်ရှိသော ခမ်းနားသည့် ရိပ်သာကြီး ဖြစ်၏။ ဆရာ တော်သည် ထိုဌာန၌ ဝိပဿနာတရားများ အားထုတ်ခဲ့၍ သံဂါယနာ တင်ပြီးသော မြန်မာပိဋကတ်မှ နာဂရီအက္ခရာ ပြန်ဆို၍ ကွန်ပြူတာ အတွင်း ထည့်သွင်းရန် အဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေးခဲ့ရ၏။

ထိုနောက် အာသံနှင့် ပဏ္ဍိုဂူရ ဘင်္ဂလားဒေ့ရှ်ရှိ ဗုဒ္ဓဘာသာ ရဟန်းသာမဏေ နှင့် ဗုဒ္ဓဘာသာဝင် အရေအတွက်များကို လေ့လာကာ ကံဆောင်နိုင်သော သိမ် ဖြစ်ရန် ဆော်ဩခဲ့ပြီး နယူးဒေလီမြို့ တစ်နေရာရှိ မြတ်စွာဘုရား သတိပဋ္ဌာန် တရားဟောရာ ကမ္မာသဒမ္မနိဂုံး နေရာမှတ်တိုင်ကိုလည်း ကြွရောက်လေ့လာခဲ့၏။

ဧပြီ (၁၃)ရက် ဗုဒ္ဓဂယာ၌ မြန်မာသာသနာပြု သံဃာတော်များ အစည်း အဝေးတွင် သဘာပတိ အဖြစ် ဆောင်ရွက်တော်မူခဲ့၍ "ယခင်ကိစ္စများ မေ့ပျောက်ထားပြီး ရှေ့ကို ညီညွတ်စွာ သာသနာပြုနိုင်ရေး စဉ်းစားကြရန် လိုကြောင်း၊ သာသနာရေး ကိစ္စများမှာ" ခိုင်မာညီညွတ်သော သံဃာ့အဖွဲ့ အစည်း ရှိဖို့လိုကြောင်း၊ ခိုင်မာညီညွတ်မှ နိုင်ငံတော်က မည်ကဲ့သို့ ပံ့ပိုးပေးနိုင် သည်ကို စဉ်းစားနိုင်မည် ဖြစ်ကြောင်း၊ ညီညွတ်သော အဖွဲ့အစည်းရှိလျှင် ဓမ္မစက် ထက်မြက်၍ အာဏာစက် အကူအညီ ရရှိလာနိုင်ကြောင်း၊ ဓမ္မစက်နှင့် အာဏာစက် အံချက်ညီလျှင် ထေရဝါဒသာသနာ ပိုမိုထွန်းကားလာနိုင်ကြောင်း သို့မှသာ မိမိတို့ နိုင်ငံနှင့် လူမျိုးပါ ဂုဏ်တက်လာနိုင်၍ ဤလုပ်ငန်းများမှာ

ဆရာ ဒကာ လက်တွဲဆောင်ရွက်မှုလည်း အောင်မြင်မည်ဖြစ်ကြောင်း''စသည်ဖြင့် မိန့်ကြားတော်မူခဲ့ပါ၏။ ထို့နောက် သာသနာရေး ဘာသာရေးနှင့် ရှေးဟောင်းသာသနိက အဆောက်အဦများကို လေ့လာပြီး (၂၁·၄·၈၂)နေ့တွင် နယူးဒေလီမှ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ ရောက်ရှိခဲ့ပြီး နီပေါနိုင်ငံ၌လည်း နီပေါရှိ ထေရဝါဒ ရဟန်းတော်များကိုယ်စား ပြည်နယ်/တိုင်း သံဃနာယကအဆင့်ရှိ ပရဒေသီဗဟိုဝန်ဆောင် သံဃာများ ရွေးချယ်ပေးခြင်း၊ မြန်မာ ရဟန်းတော်များကြွလာက လိုအပ်သည်များတာဝန်ယူရန် ဆွေးနွေးခြင်း၊မြန်မာနိုင်ငံမှ ဓမ္မာစရိယ အောင်ခဲ့ပြီး၊ နီပေါ၌ သာသနာပြုနေသော (နာမည်ကျော် စာရေးဆရာ ပါရဂူ၏ စာပေဆုရ သမီးချစ်) ဟူသော မူလဇာတ်ကောင်ရှင် သီလရှင်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဒေါ်ဓမ္မဝတီတို့နှင့်လည်း သာသနာရေးကိစ္စများ ဆွေးနွေးကာ ခတ္တမန္ဒူမြို့နှင့် မြစ်တစ်ခုသာခြားသော နီပေါနိုင်ငံ၏ ဒုတိယမြို့တော် ပါတန်မြို့မှာ သကျသာကီဝင် မြတ်စွာဘုရား မျိုးနွယ်များ နေထိုင်လျက်ရှိကြောင်း သိရသဖြင့် သွားရောက်လေ့လာပါသည်၊ သီလရှင်ဝတ်၍ မြန်မာနိုင်ငံသို့ တစ်နှစ် ပညာသင် လာရောက်ခဲ့ပြီး ယခုလည်း သီလရှင်ဝတ်နှင့်နေသော သကျသာကီဝင်မျိုး ဆရာလေးသုဇာတာတို့ မိသားစုနှင့် တွေ့ဆုံလာခဲ့ပါသည်။ သကျသာကီဝင်မျိုး၏ အကြောင်းကိုလည်း လေ့လာခဲ့ပါသည်။

## ဆရာတော်၏ ဩဝါဒတော်များ

လောကီလူ့ဘောင် အမှောင်တိုးလို့၊ အရောင်ညှိုးခဲ့ သာသနာတော်၊
ဗုဒ္ဓစာပေ မထင်ရှားသဖြင့်၊ အရှင်ဘုရားတို့ လိုးသပ်သနော်၊
ဘဝသံသရာ လမ်းမှန်ရောက်အောင်၊ ကျမ်းဂန်ညွန်ပြ ရှေ့ဆောင်ခေါ်၊
နောင်လာနောက်သား လူငယ်များ၊ တရားအမှန်ပေါ်၊
ရဟန်းတော်မှာ၊ ကျန်းခန့်သာလျက်၊ ရာသက်ရှည်စေသော်။

(လှည်းကူးမြို့နယ်၊ မအူရွာ မြောက်ကျောင်းဆရာတော် ရွှေရတုပွဲနေ့အထိမ်းအမှတ်၌ မိန့်ကြားချက်)

နံပါတ်(၁) အရည်အချင်းက သောတာပန်ကျန်အရ ဘာလဲဆိုတော့ ကျောင်းထိုင်ဘုန်းကြီးဟာ သီလဝန္တ သီလရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါမည်တဲ့၊ သီလနှင့် ပြည့်စုံတဲ့ အရည်အချင်း ရှိရမယ်။

နံပါတ်(၂)အရည်အချင်းက ဗဟုသုတလည်း ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ ကဲ ယခု ကျောင်းထိုင်ဆရာတော် ဖြစ်တဲ့သူက ဓမ္မာစရိယ ကျမ်းကြီးများကို အောင်မြင်ပြီးလို့ ဓမ္မာစရိယ ဘွဲ့ယူထားတဲ့ ပုဂ္ဂိုလ်ဖြစ်တော့၊ ဗဟုသုတ

အားဖြင့်လည်း ပြည့်စုံတဲ့ အရည်အချင်း ရှိပါတယ်။ သီလဝန္တ အရည်အချင်းလည်း ရှိပါတယ်၊ ဒါ ဦးပဥ္စင်း အတိုချုပ်ပြောပြတာပါ။

နံပါတ်(၃) အရည်အချင်းက ဒကာ ဒကာမတွေကို ဟောပြောပြသ ဆိုဆုံးမသည့်အခါ ကလျာဏဝါစာ ဆိုသည့်အတိုင်း သာယာပြေပြစ်စွာ ဟောပြောပြသနိုင်တဲ့ အရည်အချင်းလဲ ရှိရပါမယ်။

ဒီပုဂ္ဂိုလ်မှာ ဒီအရည်အချင်းတွေ အကုန်လုံး ရှိပါတယ်လို့ အတင်းတိုက်တွန်း မပြောကြားလိုပါဘူး။ တစ်နေ့ကျရင် ဒကာ-ဒကာမတွေကို ဟောပြောပြနိုင်တဲ့ ဦးကောသလ္လရဲ့ ပိယဝါစာဖြစ်ဖွယ် စကားတွေ ပြီးပြည့်စုံပြီးသားဆိုတာ ဒကာ-ဒကာမတွေ သိပါလိမ့်မယ်။

နံပါတ်(၄) အရည်အချင်းက ဆိုက်ရောက်လာတဲ့ ဒကာ-ဒကာမတွေကို "ဟောဒါဖြင့် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်မျိုးပဲ၊ ဟောဒါဖြင့် မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်မျိုးပဲ" လို့ အကောင်းအဆိုး ညွှန်ပြနိုင်တဲ့ စွမ်းရည်သတ္တိနဲ့လည်း ပြီးပြည့်စုံရမယ်။

ဒီလို ပုဂ္ဂိုလ်မျိုးမှသာလျှင် ကျောင်းတိုက်ကို သာယာတင့်တယ်စေနိုင်ပါတယ်လို့ သောတနသုတ္တန်မှာ ဟောကြားတော်မူပါတယ်။

(ညောင်ပင်ရွာ ကျောင်းတင်ပွဲ၌ မိန့်ကြားချက်)

**ဗုဒ္ဓပွင့်တော်မူရခြင်း ရည်ရွယ်ချက်**

လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော-အရ ဗုဒ္ဓမြတ်စွာသည် လောကလူသားတို့၏–

(၁) ယခုဘဝ ချမ်းသာရေး

(၂) နောက်ဘဝ ချမ်းသာရေး–

ဟူသော မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ပွင့်တော်မူခဲ့ပါတယ်။

ယခု မှတ်ပုံတင်ဘုန်းကြီးများ၏ ပညာသင်ကြားရေး လုပ်ငန်းသည်လည်း တိုင်းသူပြည်သား ကလေးသူငယ်များနှင့် မိမိဉာတိဟု ခေါ်ဆိုနိုင်သည့် လူအများ၏ ပညာသင်ကြားရေးတို့ကို ဆောင်ရွက်ပေးသောကြောင့် ဗုဒ္ဓ၏ လောကတ္ထစရိယ၊ ဉာတတ္ထစရိယ လုပ်ငန်းစဉ်နှင့် တူညီသည်ဖြစ်၍ လုပ်သင့် လုပ်ထိုက်သော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

(အချို့) ခေတ်လူတို့၏ အမြင်–

ခေတ်လူအချို့က ဗုဒ္ဓ၏ တရားတော်များသည် "ဟိုဟာ မလုပ်ရ၊ ဒီဟာ မလုပ်ရ ဟူသော ပညတ်ချက်တွေကြောင့် လူသားတွေကို မတက်ကြွစေဘဲ ထုံထိုင်းဖျင်းအ၊ အောက်ကျနောက်ကျ ဖြစ်စေသည်"ဟု ယူဆကာ တိုင်းပြည် ထူထောင်ရာတွင် ဗုဒ္ဓတရားတော်များကို ဖယ်ထားလိုကြပါသည်။
(၆၄–၆၅ ဘုန်းတော်ကြီးကျောင်း ပညာရေးနှီးနှောပွဲ နာယကမိန့်ကြားချက်)

ဒုဋ္ဌဂါမဏီမင်းဟာ တိုင်းပြည်အုပ်ချုပ်ပြီး သာသနာ့ရန်သူများကို တိုက်ဖျက်ရာတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်တို့နှင့် လက်တွဲကာ အုပ်ချုပ်ခဲ့တဲ့ထုံးနှလုံးမူပြီး ယခုတော်လှန်ရေး အစိုးရဟာလည်း သာသနာ့ရန်သူဖြစ်တဲ့ ဗုဒ္ဓဘာသာကို တစတစ လူအားငွေအားများဖြင့် မျိုနေသူတွေကို၊ ဖျက်နေသူတွေကို ဝါဒအမျိုးမျိုးဖြင့် တိုက်ဖျက်နေသည့် ရန်သူများကို တိုက်ဖျက်ရာတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်များဖြစ်သည့်–

(၁) မှတ်ပုံတင် ဘုန်းတော်ကြီးကျောင်း၊ ကျောင်းအုပ် ရဟန်းတော်များ။

(၂) အခြားသာသနာ့ဝန်ထမ်းရဟန်းတော်များကိုပါ သိမ်မွေ့စွာ ချဉ်းကပ်ပြီး လက်တွဲ၍ ထူထောင်အုပ်ချုပ် သင့်ပါတယ်။

ယခု မှတ်ပုံတင် ဘုန်းကြီးများနှင့် အကျေအလည် ဆရာဒကာ ရင်းနှီးစွာ ဆွေးနွေးချဉ်းကပ်နိုင်သလို အခြားသာသနာ့ဝန်ထမ်း ဆရာတော်များနှင့်လည်း ချဉ်းကပ်ဆွေးနွေးသင့်ပါသည်။
(၆၄–၆၅ ဘုန်းတော်ကြီးကျောင်း ပညာရေးနှီးနှောပွဲ နာယကမိန့်ကြားချက်)

ဒါကြောင့် ဗုဒ္ဓတရားတော်သည် တရားသဖြင့် လောကကြီးပွားရေးကို မတားမြစ်သည့်အပြင် စနစ်တကျ အားပေးနေသော တရားတော်ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

ယနေ့ခေတ်သည် (၂၀)ရာစုနှစ်ပင် တိုင်ခဲ့ပြီ ဗုဒ္ဓဘာသာ သာသနာပြုကျောင်းဟု မည်မည်ရရ မရှိသေးဘဲ နိုင်ငံခြားသာသနာပြုကျောင်းတွေသာ တိုင်းပြည်မှာ လွှမ်းမိုးလျက် ရှိနေပါသေးသည်။ ဗုဒ္ဓဘာသာဝင် လုပ်သားဖြည်သူတို့၏ သားသမီးစစ်စစ်တွေဟာ ငွေဖြင့်လည်းကောင်း၊ လူဖြင့်လည်းကောင်း ဝါးမျိုခြင်း ခံရသောကြောင့် အရှင်လတ်လတ် အခြားဘာသာဝင်တွေ ဖြစ်နေပါသည်။

(၆၄–၆၅ ဘုန်းတော်ကြီးကျောင်းပညာရေးနှီးနှောပွဲ နာယက မိန့်ကြားချက်)

ခေတ်နှင့်အညီ ပညာသင်ကြားရေးကို စိတ်ဝင်စားမှုမရှိဘဲ သမရိုးကျ ပညာသင်ကြားနေကြလျှင် ကျောင်းသားလူငယ်တွေဟာ ခေတ်မီစွာ ပညာသင်ကြားရာဌာနမှာ သင်ကြားကြပါလိမ့်မည်။ထိုသို့တခြားမှာ ပညာသင်ကြားခြင်းကြောင့် ကျောင်းသားဆိုလို့ ဆေးပေး မီးယူတောင် မရှိဘူးလို့ အခုလဲ ညည်းညူတော်မူရသလို နောင်လည်း ဒီထက် ညည်းညူတော်မူရလိမ့်မည် ဖြစ်ကြောင်း လျှောက်ထားဝံ့ပါသည်ဘုရား။

အခြားဌာနမှာ သင်ကြားသည့် ကလေးသူငယ်များ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေဖြစ်လာဖို့ မျှော်လင့်နေလျှင် လ,ကို မရလို့ ငိုသည့်ကလေးငယ်ပမာ ဖြစ်ရပါလိမ့်မည်။ ဆရာတော်များ သင်ကြားရသည့် ကလေးငယ်များထဲမှသာလျှင် သာသနာ့ဝန်ထမ်း ရဟန်းဖြစ်နိုင်မည်ကို အထူးသတိပြုတော်မူကြပါဘုရား။

(၆၄–၆၅ ဘုန်းတော်ကြီး ပညာရေး နှီးနှောပွဲ၌ မိန့်ကြားချက်)

သံဂါယနာ(၆)ကြိမ် တင်အပ်သော ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သော သာသနာတော်ကို ထိပါးပုတ်ခတ် အကျိုးယုတ်စေတတ်သော စာအုပ်စာတမ်း ထုတ်ဝေခြင်း၊ ရောင်းချခြင်း စသည်တို့ကို ထောက်လှမ်းရှာဖွေစုဆောင်းပြီးလျှင် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သော အရာဌာနများကို ရုပ်သိမ်းဖျက်ဆီးစေခြင်း၊ တရားမှန်ကို ပြည်သူလူထုသိအောင် ဟောကြားစေခြင်း၊ စာရွက်စာတမ်း ကမ်းလှမ်းညွှန်ကြားခြင်းကို ပြုလုပ်စေရမည်။

(၁၉၆၅–ခု၊ မတ်လ ဟံသာဝတီခရိုင် သံဃာ့အစည်းအဝေး၌ မိန့်ကြားချက်)

(၁) များများရသည့် ကုသိုလ်ကို ယူမလား

(၂) နည်းနည်းရသည့် ကုသိုလ်ကို ယူမလား

စဉ်းစားကြစေလိုသည်။

များများရသည့်ကုသိုလ်ကို မယူဘဲ လက်လွှတ်၍ ကုသိုလ်ရရေးကို ရှေးမရှုဘဲ ပကာသနရေးကိုသာ တွေးပြီး လုပ်ချင်သည့်ကိစ္စတော့ မိမိတို့သဘောအရ ကိုယ့်ဖာသာကိုယ် လုပ်တာဖြစ်၍ ဘာမျှပြောစရာ မလိုတော့ပါ။

သွားရမည့် ခရီးကဝေး၍ မသွားချင်ဘူးဆိုပါက မသွားဘဲ နေနိုင်ပါသည်။ ဝေးတာကို အကြောင်းပြု၍ ရှေးရိုးစဉ်လာကိုတော့ မဖျက်စေချင်ပါ။

အဟောင်းအဆွေးတွေကို တော်လှန်လိုသည့်ခေတ်မှာ အဟောင်းတိုင်းကို တော်လှန်၍မရလို့ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းနေသည်ကို သတိပြုပါ။

(ညောင်ရေသွန်းရန် ဗေဒဝိညောင်ပင် အဝေးအနီး ရွေးချယ်မှုနှင့် ပတ်သက်၍ မိန့်ကြားချက်)

ဘုရားပွင့်တော်မမူမီ ရှေးတုံးက ဟိမဝန္တာမှ မျောလာသော ပုစွန်လက်မကြီးတစ်ခုကို (ဒသာရဟ)မင်းတို့က မင်္ဂလာကက္ကရ ရွှေစည်ကြီးအဖြစ်ဖြင့် အသုံးပြုကြပါသည်။ စည်တော်ရဲ့အသံဟာ (၁၂)ယူဇနာတိုင်အောင်ပင် ပျံ့နှံ့ပါသတဲ့၊ ထို့နောက် တရွေ့ရွေ့ ဆွေးမြေ့ခြင်းဖြင့် စည်တော်ကြီး ပေါက်တိုင်း ရွှေပြား ငွေပြားတို့ဖြင့် ဖာထေးလာခဲ့ရာ အတော်ကြာလျှင် ပုစွန်လက်မ အခွံကုန်၍ အဖာတွေချည်း ဖြစ်သွားပါသည်။ တီးခေါက်သည့်အခါ (၁၂)ယူဇနာကို မဆိုထားဘိ စည်တော်ကြီး၏ ပတ်ဝန်းကျင် အနီးအနားမှပင် ကောင်းစွာ မကြားရတော့ပါ။

ဤပုံသာဓကကို ရှုတော်မူကြ၍ မူလဆုံဖြတ်ချက်များကို မလိုအပ်ဘဲ ပြင်ဆင်နေပါက ကက္ကရရွှေစည်ကြီးပမာ ဖြစ်မည်အမှန်သာ၊ အမှန်တကယ် ပြင်ဆင်သင့်မှသာ ပြင်ဆင်တော်မူကြ၍ သဘောတူ ပြင်ပြီးပါကလည်း လေးစားလိုက်နာတော်မူကြပါ။

(၁၉၇၂–ခုနှစ် ကျောက်တန်းမြို့ သုဓမ္မာနိကာယ စာပြန်ပွဲ၌ မိန့်ကြားချက်)

ညီညွတ်ရေးကို တကယ်တန်းတည်ဆောက်လိုပါက ဂိုဏ်းဂဏ စိတ်ဓာတ်ကို ရှေ့တန်းမတင်ဘဲ ဖွဲ့စည်းရှိသဘောမျှသာထားပြီး တပည့်တော်တို့အချင်းချင်း မျက်မှောက် မျက်ကွယ် နှစ်ဌာနလုံးမှာ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ဖြင့် ညီညွတ်ရေးကို ထူထောင်ကြမှသာ တပည့်တော်တို့ ညီညွတ်ရေးသည် ထာဝရခိုင်မြဲသည့် ညီညွတ်ရေး ဖြစ်ပါလိမ့်မည် ဖြစ်ပါသည်ဘုရား။

"စားဖားတွေ ညီညွတ်တာ ကျုပ်မလိုချင်ဘူး"လို့ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလို တပည့်တော်တို့လည်း အပြင်ပန်း ဟန်ပြညီညွတ်ရေးကို လိုချင်၍ မဖြစ်ပါဘုရား၊ တကယ်တန်း ညီညွတ်ကြပါမှ ထာဝရခိုင်မြဲသည့် ညီညွတ်ရေး ဖြစ်ရုံမျှမက ဒကာ–ဒကာမတို့လည်း တကယ်တန်း အားရရွှင်လန်းသည့် ညီညွတ်ရေး ဖြစ်ပါလိမ့်မည် ဖြစ်ပါသည်ဘုရား။

(၁၉၇၃–ခုနှစ် သန်လျင်မြို့ သုဓမ္မာနိကာယ စာပြန်ပွဲ၌ မိန့်ကြားချက်)

သာသနာတော်ကြီး၌ သာသနာ့ဘာဝန် ထမ်းဆောင်နေကြသော ရဟန်းသာမဏေများ၏ အခြေအနေကို အရှိကို အရှိအတိုင်း တပည့်တော် တင်ပြရပါလျှင်–

(၁) အကျွရာ ပုဒ်ပါဌ်များ မှားမှားယွင်းယွင်းဖြင့် ပိဋကတ်ကို သင်ယူခြင်း၊
(၂) ရဟန်းသာမဏေတို့ ပြောဆိုဆုံးမခက်ခြင်း၊
(၃) စာချနိုင်လောက်သော ပုဂ္ဂိုလ်တို့က စာမချခြင်း၊
(၄) ပစ္စည်းလာဘ်လာဘ ပေါများအောင်ကြံခြင်း၊
(၅) သံဃာကွဲပြားခြင်း–

ဟူသော အချက်ကြီး (၅)ချက်တို့နှင့် အနည်းနှင့်အများဆိုသလို ပြည့်စုံနေသည်ကို ဝမ်းနည်းစွာ တင်ပြလိုပါသည်။

(၁၉၇၅–ခုနှစ် တွံတေးမြို့ သုဓမ္မာနိကာယ စာပြန်ပွဲ၌ မိန့်ကြားချက်)

သူတလူ ငါတမင်း ငါ့လှေငါထိုး ပဲခူးရောက်ရောက်၊ ငါ့ကျောင်းငါထိုင် ဘာဆိုင်တာမှတ်လို့-ဟူသော အယောနိသော မနသိကာရ မွေးနေကြလျှင် သာသနာ့နောင်ရေးကို အောင်မြင်အောင် ဘယ်နည်းနှင့်မျှ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

ဒီသာသနာတော်ကြီး ပြိုလဲပျက်စီးသွားလျှင် ငါ့ကျောင်းလည်း ငါထိုင်လို့ ရတော့မည်မဟုတ်သည်ကို သတိပြုတော်မူကြပါ။ သို့ဖြစ်ပါ၍—

"အပြောမှား၊ အဆိုမှား၊ သေးငယ်သည့် အပြစ်များကို ယောနိသော မနသိကာရဖြင့် လျစ်လျူရှုတော်မူကြပြီး သူသာသည် ငါနာသည် သဘော ထားတော်မမူကြဘဲ သာသနာနောင်ရေးကို မျှော်တွေးတော်မူကြ၍— ညီညွတ်ရေးကို မပျက်မနေတည်ဆောက်ကြပါစို့" ဟု တတိယအချက်အနေဖြင့် ကပ်လှန့်နှိုးဆော်ပြီး သတိပေးပြောကြားလျက် နိဂုံးချုပ်အပ်ပါသည်။

(၁၉၇၇-ခုနှစ် ကွမ်းခြံကုန်းမြို့ သုဓမ္မာ နိကာယစာပြန်ပွဲ၌ မိန့်ကြားချက်)

၁၃၁၁ - ခုနှစ်မှ ယနေ့အထိ သာသနာတော်၏ အခြေခံမူလ ပရိယတ္တိ လုပ်ငန်းများကို (မကျန်းမာသည့်အခါ စသည်မှတစ်ပါး) လုပ်ပြီး လုပ်ဆဲ ဖြစ်ရုံမျှမက နောင်လည်း မပျက်မကွက် ဆက်ဆက်ကြီး ဆောင်ရွက်လုပ်ကိုင် ရဦးမည်ဟု ဖြေရပါမည်။ ဘယ်သူ့အတွက်လဲဆိုတဲ့ မေးခွန်းကို သာသနာ

အတွက်ပါ (သို့တည်းမဟုတ်) တပည့် ဒကာ ဒကာမတွေအတွက်ပါဟု ဖြေလျှင် မိမိအတွက်လည်းရာနှုန်းပြည့် မဟုတ်ပေကောမူ အထိုက်အလျောက်တော့ ပါဝင်လျက်ပါ။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ လမ်းဟောင်းမရဏလမ်းမှ ခွဲထွက်ကြပါစို့ အချိန်မရှိတော့ဘူး မိမိအတွက်ဆိုပါက လွန်ရော ကျံရော (၁၅) နှစ်သာ၊ ကဲ–မိမိတို့အတွက်လည်း ဒီလိုတွက်ယူပြီး အလုပ်လုပ်ကြပါလို့ တိုက်တွန်း လိုပါသည်။ တပည့် ဒကာ · ဒကာမတွေက သက်တော် (၆၀) ပြည့် ပူဇော်ပွဲပြုလုပ်ကြခြင်းသည် မိမိတို့ဆောင်ရွက်စရာ တာဝန်ကို ဆောင်ရွက်ကြတာ မှန်ပေမယ့် မိမိအတွက်တော့ အချိန်မရတော့ဘူးဟု ပြင်းပြင်းထန်ထန် သတိပေးခံရခြင်း ထိတ်လန့်တုန်လှုပ်ဖွယ် တစ်ရပ်ပင်ဖြစ်ပါသည်။ ပြင်းပြင်းထန်ထန် သတိပေးချက်အရ ကိုယ့်အတွက် မရဏလမ်းမှ ခွဲထွက်ကာ အခြားလမ်းခွဲဖြင့် မရဏလမ်းဟောင်းကြီးကို ကျော်ဖြတ်ကာ နောက်ဆုံးပန်းတိုင်သို့ ချီတက် တော့မည်။

(သက်တော်(၆၀)ပြည့် ပူဇော်ပွဲ၌ မိန့်ကြားသော ဩဝါဒမှ ကောက်နုတ်ချက်)

### ဆရာတော်၏ ဘဝနိဂုံး နောက်ဆုံးကာလများ

ဤကဲ့သို့ ဂုဏ်ထူး အထွေထွေ ကျေးဇူးတော်အနန္တ ကြီးမားလှသည့် အာစရိယသခင် ထေရ်ဆရာအရှင်သည် သာသနာတော်ကြီးအတွက်၊ အများအတွက်ပင်ပန်းတော်မူခဲ့သည်ကို ဂရုမမူ ဆင်းရဲလှသည်ကို အလျဉ်းမထားကိုယ်အား စိတ်အား အမြဲပင် စိုက်ပါများသောအခါ စိတ်ဆောင်မှုနောက် ကိုယ်မလိုက်နိုင်သည့် အရိပ်အရောင်များ တစ်ခါတစ်ရံပေါ်လာပါတော့သည်။

၁- ၉- ၉၃- ခု၊ ဩဂုတ်လဝန်းကျင်က မင်္ဂလာဒုံဆေးရုံကြီးသို့ ဒုတိယမြောက်တက်ရောက်ကုသမှု ခံယူတော်မူခဲ့ရာ အဓိကဝေဒနာမှာ နှလုံးရောဂါအတွက်ဖြစ်ပါ၏၊ ဆရာတော် ဆေးရုံတက်သည့် အချိန်မှစ၍ တပ်မှူးကြီး ဆေးရုံအုပ်ကြီး ဗိုလ်မှူးကြီးမြသိန်းဟန်၊ နှလုံးအထူးကု ဒုတိယ ဗိုလ်မှူးကြီးအောင်ကျော်ဇော၊ အထွေထွေ ရောဂါကု ဗိုလ်မှူးဌေးမြင့်စသော သမားတော်များနှင့် သက်ဆိုင်ရာတာဝန်ကျ သူနာပြု ဆရာ ဆရာမများသည် အတတ်နိုင်ဆုံး ကြိုးစား၍ ဆေးကောင်း၊ ပစ္စည်းကောင်း၊ သဒ္ဓါစေတနာကောင်း၊ (ကောင်း–သုံးကောင်း) ပေါင်း၍ ကြိုးစားကုသပေးခဲ့ကြပေရာ ဆရာတော်၏ ကျန်းမာရေးမှာ အတော်အသင့် ကောင်းမွန်လာခဲ့ပါ၏၊ သို့သော် စိတ်မချရသေး။

ထိုအခြေအနေမျိုး၌ပင် ဆရာတော်သည် အနားယူတော်မမူဘဲ၊ အိန္ဒိယ ခရီးသွားမှတ်တမ်းနှင့် ပဋ္ဌာန်းဘာသာရပ်အတွက် စာများ ရေးသားနေကာ ကိုယ်စိတ် ကို အနားမထားခဲ့သည်ကိုလည်း မိမိကိုယ်တိုင် ဆေးရုံ၌ ရက် (၂၀) ကျော်ခန့်အနီးကပ်ရှိနေ၍ လေ့ လာမှု ပြုထားခဲ့ပါ၏။

အတော်အသင့်ဟူသော စာသားကို ရေးသားသုံးနှုန်းခဲ့သည်မှာ အကြောင်း ရှိပါ၏၊ ထိုအချိန်က နှလုံးရောဂါအတွက် ခေတ်အမီဆုံး ဆေးဝါးကိုအသုံးပြု၍၊ ခေတ်မီစက်ကြီးများဖြင့် စမ်းသပ်ကြည့်သောအခါ ဗွီဒီယိုတိတ်ခွေ၌၊ ဆရာ တော်၏ နှလုံးလှုပ်ရှားမှုမှာ နှေးကွေးနေမှု ပုံမှန်မဟုတ်မှုရှိနေသည်ကို သာမာန် အတွေ့အကြုံ မရှိသူများပင် လေ့လာသိရှိနိုင်ပါ၏။

ထိုအခြေအနေ၌ သမားတော်ကြီးများက (အနားယူရန်နှင့် ဒကာ-ဒကာမ များ အသိဖြင့် အဝေးမှကြည်ညိုစေရန်) လျှောက်ထားသည်ကို ကိုယ်တိုင် သိမြင်ခဲ့ပါ၏၊ ကြားခဲ့ရပါ၏၊ အဓိကမှာ ဆရာတော် ပင်ပန်းမှုများစွာမှ သက်သာရန်နှင့် နှလုံးရောဂါမှ သက်သာရန်၊ ဖြစ်ပါ၏။

ထို့နောက် ရက်ရှည်ရှည် ဆွဲ၍ ကုသပေးခဲ့ကြရာ ဆရာတော်အား နောက် တစ်ကြိမ် ခေတ်မီစက်ကြီးဖြင့် စမ်းသပ်ကြည့်ရှုရာ၌ ဗွီဒီယိုခွေတွင် ထူးခြားစွာ ကျန်းမာရေး အခြေအနေ ပေါ်လွင်လာသည်ကို ကျွမ်းကျင်သူများ ရှင်းပြ၍ နားလည်ခဲ့ရပါ၏။

ထိုအချိန်၌ အမှတ် (၂) စစ်ဆေးရုံ ဓါတ်မှန် ရိုက်ကူး အဖြေထုတ်ချက်အရ သည်းခြေကျောက်တည်နေမှုနှင့် အူဆုတ်၌ ရေဝိုင်းနေသည်–ဟူသော ရောဂါ လက္ခဏာများလည်း ရှိနေသည်ကို သက်ဆိုင်ရာ သမားတော်ကြီးများ လေ့လာ တွေ့ရှိခဲ့ရ၍ ဆရာတော်ကြီး အခြေအနေအရ တာဝန်များပြားမှုကိုငဲ့၍ အဓိက အားဖြင့် နှလုံးကိုသာ ဂရုပြုကုသခဲ့ကြရ၏။

နောင်တစ်ချိန် ဆရာတော် အားလပ်မှုရှိ၍ ကြံ့ခိုင်သည့် အခြေအနေမျိုး ရှိခဲ့သော် ပြန်လည်အနားယူ တက်ရောက်ကုသမှု ပြုရန်လည်း လျှောက်ထား ခဲ့ကြပါ၏။

ဝါတွင်းကာလလည်းဖြစ်၊ တာဝန်တွေကလည်း ထမ်း၍မပြီးနိုင် အခြေ အနေမျိုးဖြစ်နေသော ဆရာတော်မှာ အများအမြင်၌ ရှင်လန်းစွာဖြင့် ဆေးရုံမှ ဆင်းတော်မူခဲ့ပါ၏၊ ဆေးရုံမှဆင်းပြီးနောက် သွားလာလှုပ်ရှားရသည့် ကိစ္စ

တာဝန်များမှာ ဒိုင်ယာရီကွက်လပ်မရှိ ရက်ပြည့်လျက်သာ ရှိနေပါ၏၊ တစ်ရက်တည်း အတွင်း၌ပင် အချိန်က သုံး-လေးမျိုးဖြင့် သာသနာ့တာဝန်တွေလည်း မလစ်ဟင်းစေရသလို- ဒါယကာ - ဒါယိကာမ အကျိုးတွေကိုလည်း သာရေးနာရေးကအစ မချွတ်ယွင်းရအောင် ကိုယ်တိုင်ချီးမြှောက် စောင်ရှောက်ပေးတော်မူခဲ့ရရှာသည်။

ယနေ့ရှမ်းပြည်၌ သာသနာပြုခဲ့ပြီး၊ မနက်ဖန် သန်လျင်၌ စာချနေကာ သန်ဘက်ခါ နံနက် ကမ္ဘာအေး အစည်းအဝေးတက်ရောက်ပြီး၊ ညနေပိုင်း ဘာသာရေးကိစ္စအတွက် နယ်သို့ ခရီးထွက်ခဲ့ရသည့် အချိန်ကာလများလည်း မနည်းလှပါပေ။

ထိုထို၌ဤ လှုပ်ရှားမှု အလီလီကို ကြည့်ရှုပါက (အော်-ငါ့တို့ ထေရ်မဟာ အတော်ပင် ကျန်းမာတော်မူ လှပါပေတကား) - ဟု၊ ဤအမြင်၌ အတွေးများ ကြားထဲကပင် ဆရာရှင်၏ စိတ်ဓါတ်က မည်မျှဆောင်ဆောင်၊ ခန္ဓာကိုယ်က လက်ခံမလာနိုင်သည့် အခြေအနေများကို စာရေးသူကိုယ်တိုင် တွေ့မြင်နေရပါ၏။

မင်္ဂလာဒုံဆေးရုံမှ ပြန်ဆင်းလာကတည်းက နားရသည် မရှိလှသော သာသနာ့တာဝန်တွေကြားထဲက-အဓိကပင်မ တာဝန်ဖြစ်သော ပရိယတ္တိ စာချတာဝန်ကိုလည်း မချွတ်ယွင်းအောင် ထမ်းဆောင်တော်မူခဲ့ပေရာ နံနက်ပိုင်း ကမ္ဘာအေး ဇမ္ဗူဒီပသို့ သာသနာကိစ္စများ ဆောင်ရွက်ရန် ကြွရောက်ပြီး ညနေ (၄) နာရီခွဲအမီ သန်လျင်သို့ ပြန်ကြွ၍ ပဋ္ဌာန်းစာဝါများ ဆက်လက်ပို့ချပေးသည့် ရက်ပေါင်းမှာလည်း များစွာရှိနေခဲ့ပါ၏။

ထိုသို့ပို့ချပေးသည့် ရက်ပေါင်းများစွာမှ တခါတရံရေးရခြစ်ရ၊ အော်ရ-ဟစ်ရနှင့် အလွန်ပင်ပန်းလှသောကြောင့် ကျောအောင့် ရင်အောင့် လတ်တလော ဖေါက်ပြန်လာမှု ဝေဒနာကို ကုစားရန် မိမိကိုယ်တိုင်ပင်- "ဦးမောင်မောင်စန်း"ဆိုသော ဆရာဝန်အားပြေး၍ ခေါ်ခဲ့ရသည့် အကြိမ်ပေါင်းလည်း အတော်များလာခဲ့ပါ၏။

မြတ်ဗုဒ္ဓ၏သား ထေရ်ဆရာဘုရားကိုယ်တိုင် ဟောကြားခဲ့သောအောက်ပါ တရားကို သံဝေဂရှုကြည့်ပါဦး၊

(ဇာတိသန္ဓေကိန်းတဲ့အချိန်ကစပြီး ဘဝတစ်ခုစခဲ့တာပဲ-အဲဒီဖြစ်တဲ့အချိန်ကစပြီး ပိုင်ဆိုင်လာခဲ့တဲ့ရုပ်တရားမှာ မသိမသာ ရင့်ရော်လာတဲ့ရုပ်တွေ၊

သိသိသာသာ ၁နှင့်ဆံဖြူသွားကျိုး၊ ခါးကိုင်းနားထိုင်းလာတဲ့ရုပ်တွေဖြစ်လာတော့တာပဲ၊ အိုတာပါ၊ အိုရုံတင်မဟုတ်တော့ဘူး ထုံဟယ် ကျင်ဟယ် ကိုက်ဟယ် ခဲဟယ်ကတစ်မျိုး၊ ရောဂါအမျိုးမျိုးကလည်း ရင်ကျပ် လေဖြတ် နှလုံး သွေးရုပ် စသည်နှင့်စုံနေအောင်ဖြစ်လာတယ်၊ နောက်ဆုံးဇာတိနှင့်စလာတော့ သေကြရတဲ့မရဏလမ်းဆုံးကို ရောက်လာကြတော့တာပဲ၊ ဒါကြောင့်အရိယာသူတော်ကောင်းတွေက ဒါတွေကို အနိစ္စ ဒုက္ခ အနတ္တ သဘောနှင့် ရှုမြင်ကြတယ်) ဟူ၍ဟောတော်မူခဲ့ပါတယ်။

လူ့ဘဝ၌ဖြစ်ရသည့် အချိန်သက်တမ်း ရာပြည့်နေရစေဦး သံသရာခရီးနှင်ခဲ့ရသည့်အချိန်နှင့် နှိုင်းစာသော် နှင်းစက်၊ ရေပွက်၊ လျှာထက်တံတွေး၊ နာရီစက္ကန့်လေးမျှသာ ကြာလှသည်ထင်ရတော့၏။ အချိန်မကြာလှသည့် လူ့ဘဝကို ရနေစဉ်ရသည့်အချိန်အတွင်း မိမိအကျိုး၊ အများအကျိုး၊ သာသနာအကျိုးဟူသမျှ အချိန်ရသမျှ ခဏမခြား ကြိုးစားအားထုတ်တော်မူခဲ့သော ဆရာတော်ဘုရားသည်(၇)လမျှအချိန်အတွင်း၌ လုပ်ငန်းတာဝန်မလစ်ဟင်းစေရန်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ရသည့် လုပ်ငန်းများစွာတွင်——သံဃမဟာနာယကအစည်းအဝေးများ၊ ဂိုဏ်းပေါင်းစုံဝန်ဆောင် အစည်းအဝေးကြီးများ မိမိကျောင်းတိုက်၌ စာချဘွဲ့ရနှင့် စာအောင်ဂုဏ်ပြုကိစ္စများ၊ ကျောင်းတိုက်စီမံခန့်ခွဲရေးကိစ္စများ၊ သန္တာ ရတနာတိုက်သစ်ကျောင်း ရေစက်ချသည်အထိ ဆောင်ရွက်ဖွယ်ကိစ္စများ၊ ရှမ်းပြည်မြောက်ပိုင်းမြို့နယ်ပေါင်းစုံတခွင်၊ သာသနာပြုကိစ္စများ ဘိုကလေးကံ့ကော်တစ်ထောင်ဘုရားများ အနေကဇာတင်ခြင်းကိစ္စ၊ ဖျာပုံမြို့ထန်းပင်ကျောင်း သိမ်သမုတ်ကိစ္စ၊ မိမိအားလှူဒါန်းထားသော ဝတ္တက မြေအတွင်းရှိ ရန်အောင်မြင်စေတီတော်ဟောင်းအား ပြန်လည်ပြုပြင် ထီးတော်တင်အခမ်းအနားစသည့် ကိစ္စများကို ဆောင်ရွက်တော်မူရင်း—

၎င်းအချိန်အတွင်း၌ ကျောင်းတိုက်တွင်းအလှူများ၊ ဆရာတော်အား သိက္ခာထပ်ကြသည့် အလှူအတန်းကိစ္စများ၊ ဆွမ်းကျွေးကိစ္စများစသည့် အသင်းအဖွဲ့ကိစ္စများက အစမိမိဘက်က တာဝန် မချို့ယွင်းရအောင် ဆောင်ရွက်တော်မူရင်းပင်——

၁၃၃၅-ခုနှစ် သင်္ကြန်ကာလများအတွင်း သီတင်း သီလဆောက်တည်ကြသည့် ဥပုသ်သည်များအား—

၁။ ပဋ္ဌာစာရီ အခြေပြု ဝိပဿနာ တရား၊

၂။ ဇနက မောဂ္ဂလာန်အခြေပြု ဝိပဿနာတရား၊

၃။ မဟာခနသူဌေး အခြေပြု ဝိပဿနာ တရားတော်များ—

ဟောကြားချီးမြှင့်ကာ–ဝိပဿနာအလုပ်ကို မိမိတိုယ်တိုင်လည်း ပွားများ၊ အခြားသူများကိုလည်း အားထုတ်စေခဲ့တော်မူသည်ကို ဆရာတော်၏ ဘဝ နောက်ဆုံးကာလများတွင် ကြည်ညိုဖွယ်တွေ့ရှိရပါသည်၊ တခါတရံတွင်အများ အကျိုးသယ်ပိုးချင်၍ သူတော်ကောင်းထုံးကို နှလုံးမူကာ သံသရာဝဋ်ကမြန် မြန်ကျွတ်လွတ်ရန် ကိုယ်ကောင်းစားရေးကိုလည်း ရှေ့ရှုပြီး မလုပ်ကိုင်ခြင်ဘူး ဟုမိန့်တော်မူခဲ့ဖူး၏။

ဆရာတော်ဟောကြားတော်မူသော တရားခွေများ ကူးယူ၍ နာယူ ပွားများနိုင်ကြပါသည်။

လွန်ခဲ့သော(၂၄)နှစ်ခန့်–သက်တော် (၆၀)ပြည့်ပူဇော်ပွဲကျင်းပစဥ်က မိမိ ၏ တပည့်သားတို့အား ဤဆုံးမစကားဖြင့် ဩဝါဒကိုထူးခြားစွာပေးတော်မူခဲ့ ပါ၏။

(အချိန်သည် လူကိုမစောင့်– ဟုဆိုပါလျှင် မိမိအတွက်လုပ်ရမည့်အချိန် အဘယ်မျှရှိသေးသလဲ၊(၁၅)နှစ်၊ ဒါလည်း တိတိကျကျမဟုတ်ပါ အလွန်ဆုံး သာဖြစ်ပါသည်၊ အချိန်တော့သိပ်မရှိတော့ဘူး –ဒီဘဝနဲ့အဆုံးသတ်လမ်းဆုံး မရဏသို့ရောက်ရပေတော့မည်၊ မရောက်မီ ဖြေးဖြေးနှေးနှေး လုပ်နေလို့တော့ မဖြစ်၊ မြန်မြန်ဆန်ဆန်လုပ်မှဖြစ်တော့မည်)

အထက်ပါဩဝါဒအတိုင်းမိမိ၏ ဘဝခရီး နှင်တော်မူခဲ့ရသည့်အချိန်အတွင်း သာသနာနှင့်အများအကျိုး၊ မိမိအကျိုးအတွက်နာရီ-နေ့ရက်မလပ်အထပ်ထပ် အခါခါများပြားလှစွာ သယ်ပိုးထမ်းရွက်တော်မူခဲ့ပြီးနောက်- (၁၃၅၆)ခုနှစ် မြန်မာနှစ်ဆန်း(၁)ရက် (၁၇-၄-၉၄)တနင်္ဂနွေနေ့ရောက်သောအခါ နံနက်ပိုင်း ရန်ကုန်သို့ဘုရား အနေကဇာတင်ရန် ကြွရောက်ပြီးနောက် (၉)နာရီအချိန်၌ စေတနာရှင်(၂၉)ဦး၏သိက္ခာထပ် သာသနာ နဂ္ဂဟအမှုကို ခံယူတော်မူကာ မွန်းတည့်(၁၂)နာရီကျော်အချိန်၌ မိမိကိုယ်တိုင်ဦးဆောင် စီမံပြုပြင်တည်ထား ပြီးစီးသော“ရန်အောင်မြင်”စေတီတော်မြတ်ကြီး၏ ထီးတော်တင်နှင့်ရေစက် ချ အခမ်းအနားဝယ် အနုမောဒနာ တရားချီးမြှင့်ခြင်း၊ လှူဖွယ်များဆက်ကပ် မှု ခံယူခြင်း၊ အခမ်းအနားအစီအစဥ်တစ်ရပ်အရ မ·ဝ·တ ဥက္ကဌလျှောက်ကြား သည့် အစီအစဥ်ပြီးသည့်နောက် ရေစက်မချမီပင်- သက်ဆိုင်ရာပုဂ္ဂိုလ်များ အား စကားအနည်းငယ် မိန့်ကြားကာ ကျန်းမာရေးအခြေအနေအရကျောင်း တိုက်သို့ ပြန်လည်ကြွတော်မူခဲ့ရတော့၏။

ထိုအခါ အနီးအပါး၌ရှိနေသော တပ်မတော်အမှတ်(၁) ဆေးရုံအုပ်ကြီး၊ တပ်မှူးကြီး ဗိုလ်မှူးကြီးမြသိန်းဟန်နှင့် ဇနီးတို့လည်း ၎င်းအခမ်းအနားသို့ တက်ရောက်နေသည့်အခိုက်ဖြစ်၍ ဆရာတော်၏အခြေအနေကို ကြည့်ကာ ထပ်ချပ်မကွာ လိုက်ပါခဲ့ပါ၏၊ ကျောင်းသို့ရောက်သည်နှင့် နံနက်ပိုင်းကဘုဉ်းပေးထားသော ဆွမ်းသုတ် စသည့်အာဟာရများ ထွေးအန်သည်ကို ဆေးရုံအုပ်ကြီးတွေ့ရသောအခါ အခြေအနေကိုသုံးသပ်၍ တယ်လီဖုန်းဖြင့် မင်္ဂလာဒုံဆေးရုံရှိသက်ဆိုင်သူများကို ညွှန်ကြားပြီး အသင့်အနေအထားဖြင့် ရှိနေစေကာ ဆရာတော်ကို ကားဖြင့် ကိုယ်တိုင်ပင့်ဆောင်၍ လိုအပ်သောကုသမှုများကို ဆောင်ရွက်ခဲ့ကြပါ၏၊ ထိုနေ့၌ ရောဂါဒဏ်ကို အတော်အသင့် ခံစားခဲ့ရသော်လည်း (၂)ရက်ခန့်အကြာ၌ အတော်ပင်လန်းဆန်း၍ လာပြန်ရာ သတင်းမေးလာကြသော သံဃာနှင့် လူပရိသတ်များကို စကားပြောဟန်မှာ ပုံမှန်အခြေအနေအတိုင်းသို့ပင် မှတ်ထင်ရပါ၏။

ဘဝသံသရာ၌ စုန်ချီဆန်ချီ ကျင်လည်နေရသောသတ္တဝါတို့မှာ ဘဝဟောင်းမှ ဘဝတစ်ခုသို့ သံသရာဝဋ်မကျွတ်သေးသ၍ ကူးပြောင်း နေကြရ၏၊ ကူးပြောင်းသောကြောင့်လည်း ဖြစ်ရသောဘဝ၌ ပဋိသန္ဓေဇာတိ စ၍ဖြစ်ရှိလာသည်နှင့် ရုပ် နာမ်တရားများကို ပိုင်ဆိုင်ပြီးသား ဖြစ်နေပါ၏၊ ထိုပိုင်ဆိုင်ထားသော တရား(၂)ပါးတွင် နူးညံ့သိမ်မွေ့လွန်းသော နာမ်တရားပင်ဖြစ်–တည်–ပျက်(ဥပါဒ်–ဌီ-ဘင်) ခဏမစဲ တသဲသဲတလှုပ်လှုပ်ဖြင့် ပြောင်းလဲပြီး ချုပ်ပြီးရင်း ချုပ်ပျောက်နေပါ၏၊ ရုပ်တရားလည်း ဖြစ်တည်ပျက် သင်္ခါရနယ်ပယ်မှအဘယ်မှာ လွတ်ပါတော့အံ့နည်း။

ထို့ကြောင့်သင်္ခါရနယ်ပယ်မှ မလွတ်နိုင်ကြသော ရုပ်နာမ်တရားတို့မှာလည်း အဘယ်မှာမြဲနိုင်ပါမည်နည်း၊ အဘယ်မှာ ချမ်းသာစစ် ဖြစ်ပါတော့မည်နည်း၊ အဘယ်မှာ ကိုယ့်အလိုအတိုင်း တည်မြဲဖြစ်နေနိုင်ပါတော့မည်နည်း။

ပေါ် လွင်ထင်ရှား ရုပ်တရားမှာလဲ ရှုပါအဆင်းကြည့်ရှုသည့် မျက်လုံးပေါက်က မျက်ချေးထွက်၏၊ အသံကြားသည့်နားက နဖါချေးထွက်၏၊ အနံ့ခံသည့်နှာခေါင်းက နှပ်ချေးထွက်၏၊ အရသာခံသည့် ပါးစပ်ပေါက်က အာပုတ်ရည်ထွက်၏၊ ခန္ဓာကိုယ်အပြင်ပသို့ ချွေးများယိုစီးထွက်၏၊ အတွင်းကြည့်က ပို၍ ပုတ်နံ့ညှီ မသဒ္ဓိစရာများ၊ စက်ဆုပ်ဖွယ် ကျင်ကြီး ကျင်ငယ်စသော အညစ်အကြေးများဖြင့် တင့်တယ်သော သုဘရုပ် ဟူ၍အဘယ်မှာ ရှိတော့ပါမည်နည်း။

ထို့ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ သဘောရှိသော ရုပ်နာမ်တရား ခန္ဓာငါးပါးပိုင်ဆိုင်ထားသော ထေရ်ဆရာမှာလည်း ဆေးရုံ၌ကုသမှု ခံယူခဲ့စ ရက်ပိုင်းအနည်းငယ်အတွင်း သက်သာခြင်းအမှုအရာပြသလို ထင်ရသော်လည်း အတွင်းကရောဂါဒဏ်၏ လှုံ့ဆော်ချက်ကြောင့် တစ်ပတ်ခန့်ကြာသောအခါ ပြန်၍ ရောဂါဖောက်လာပြန်ပါ၏။

အခြေအနေကို အမြဲမျက်စေ့ဒေါက်ထောက် စောင့်ရှောက်ကုသနေကြ သော သမားတော်များမှာလည်း ဓါတ်မှန်အဖြေ၊ အီးစီဂျီဖော်ပြချက်များကို ကြည့်ရှုသုံးသပ်ယင်း အဆုတ်ပွနေသည့်လက္ခဏာမှာ ပို၍ပို၍ထင်ရှားလာသည် ကို တွေ့ရသောအခါ ဆေးရုံဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ရင်ခေါင်းကု အရပ်ဘက်သမားတော်ကြီး၊ ရောဂါဗေဒပါရဂူကြီးများ၊ ဆေးရုံ ရှိသက်ဆိုင်ရာပုဂ္ဂိုလ်များ ခေါင်းချင်းဆိုင် တိုင်ပင်ကြရတော့၏၊ နှလုံးကလည်း မမှန် ရေပတ်ဝိုင်းနေသည့် အဆုတ်ကလည်း တစ်နေ့တစ်ခြား ပြောင်းလဲနေ သောအခါ မှိုစွဲကပ်ရောဂါနှင့် တီဘီပိုးရှိနိုင်သည့် လက္ခဏာ တစ်ရပ်ရပ် ထင်ရှား လာပြန်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁)ထံ အကျိုးအကြောင်းတင်ပြရာ အတွင်းရေးမှူး(၁)၏ စီမံမှုဖြင့် ဆရာတော် ဘုရား၏ သလိပ်နှင့်သွေးကို နိုင်ငံခြားသို့ပို့၍ အထူးစမ်းသပ်ချက်ပြုလုပ်စေပါ၏။

ထိုအချိန်အတွင်း နိုင်ငံခေါင်းဆောင်ကြီးများကအစ ဒကာ၊ ဒကာမ အားလုံးကလည်း၊ ဆရာတော်ကျန်းမာရေးအတွက် အထူးပင်အလေးထား မေတ္တာပွား ဆောင်ရွက်သင့်သည်များ ဆောင်ရွက်ခဲ့ကြပါ၏။ ဆေးရုံရှိသမား တော်ကြီးများကအစ ကျရာဝန်ထမ်းအားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့ကလည်း အကောင်းဆုံးဆေးဝါး စက်ကရိယာ လူအင်အားများ သုံး၍ကုသနေဆဲပင် သွေးဝမ်းများလျှောလာပြန်သောကြောင့် ထိုအတွက် ကုသချက်ကို ဟန်ချက် ညီစွာ ဆောင်ရွက်ခဲ့ရပြန်ပါ၏။

စာရေးသူတို့မှာလည်း ကျောင်းမှလည်းကောင်း၊ ရောက်ရာအရပ်မှ အခွင့် သာတိုင်း စုံစမ်း တယ်လီဖုန်းဖြင့်တစ်မျိုး၊ လူကြုံဖြင့်တစ်သွယ် အမျိုးမျိုးပင် သတင်းကို နားစွင့်နေခဲ့ရပါ၏။

ဆေးရုံတက်၍(၁၆)ရက်အကြာ မေလ(၂)ရက်နေ့ ညနေ(၆)နာရီကျော်ခန့် တွင် စာရေးသူ ဆေးရုံသို့ ထပ်မံရောက်ရှိ၍ အနီးကပ်ပြုစုသူများကို မေးမြန်း ကြည့်ပြန်ရာ ယခင်သုံးလေးရက် အခြေအနေနှင့် ယနေ့အခြေအနေမှာ အနည်း

ငယ် ပို၍တည်ငြိမ်ကြောင်း ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ဤနှစ်ရက် သုံးရက်လွန်သည်နှင့် မိမိတို့ဘက်ပါအောင် ကုသနိုင်လိမ့်မည်ဖြစ်ကြောင်းကို ကြားသိခဲ့ရပါ၏။

သို့နှင့်မိမိလည်း (၇)နာရီကျော်လောက်တွင် ဆရာတော်အား ဝင်၍ ဖူးမျှော်ခွင့်မရ၍ အပြင်မှန်တံခါးမှပင် လှမ်း၍ဖူးမြင်ပြီး ဦးတင်ခဲ့ကာ ပြန်အလာ မကြာမြင့်မီပင် ဆရာတော်အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလာပြန်သောကြောင့် တဆင့်တဆင့် အကြောင်းကြားလိုက်သောအခါ တပ်မှူးကြီး ဗိုလ်မှူးကြီး မြသိန်းဟန် အပါအဝင် ကျွမ်းကျင်သူများ အနီးကပ်ပြုစုကုသရာတွင် ပထမ ဆေးသွင်းရန် စီမံသောအခါ သွေးက(၈၀/၄၀ပေါင်)နှုန်း ဖြစ်နေ၍ ဆေးသွင်း၍မဖြစ် သို့နှင့် အခြေအနေစောင့်ကြည့်ရင်း နှလုံးလည်းမမှန်၊ အသက်ရှူကလည်း ဖောက်ပြန်လာမှုကြောင့် အသက်ရှူပြွန်တပ်၍ ကြိုးစားကာ ကုသကြည့်သောအခါ အသက်ရှူအနည်းငယ် ကောင်းလာသည်ဟု ထင်ရသော်လည်း ခဲ၍တင်းမာနေသောအဆုတ်တွင်းသို့ လေမဝင် အဆုတ်က အလုပ်မလုပ်သောအခါ နှလုံးခုန်လည်းမကြာမြင့်မီပင် ရပ်တန့်သွားတော့ရာ ၁၉၉၄-ခုနှစ် မေလ (၂)ရက်၊ တနင်္လာနေ့ (တန်ခူးလဆုတ်-၇-ရက်), ည(၈း၄၅)နာရီတွင် ကျေးဇူးရှင်ဆရာတော်ဘုရားမှာ ဘဝနေတ်နန်းစံမြန်း၍ သွားတော်မူရှာလေတော့၏။

ပျံလွန်တော်မူသည်နှင့် အမြန်အကြောင်းကြားလိုက်သောအခါ အတွင်းရေးမှူး (၁)၊ တိုင်းမှူး၊ သာသနာရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ စသည်တို့ အမြန်ဆုံးရောက်ရှိလာခဲ့ကြပါ၏။ ထိုအချိန်တွင် ကျောင်းတိုက်မှ နာယက ဆရာတော်များလည်း မပျံလွန်မီကလေးတွင်ပင် ရောက်ရှိပြီး ဖြစ်နေရာ၊ ဆရာတော်ဈာပနကိစ္စအတွက် ဆွေးနွေးတိုင်ပင်သောအခါ နှစ်ဖက်ဆန္ဒအရ တန်ဆောင်မုန်းလပြည့်ကျော် နောက်ပိုင်းမှ အန္တိမဈာပန အခမ်းအနား ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါ၏။

ထို့နောက် သမားတော်ကြီးများသည် ဆရာတော် ရုပ်ကလပ်အတွက် ဆောင်ရွက်ဖွယ်များကို ဆက်လက် ဆောင်ရွက်သောအခါ ခန္ဓာကိုယ်တွင်း၌ နှလုံးမှာလည်းပွနေပြီး အဆုတ်မှာကား နှစ်ဖက်စလုံးမာခဲနေသည်ကို တွေ့ရ၏။ အဆုတ်အပေါ်ပိုင်းတွင် ဆန်ကာပေါက်များဖြစ်နေပြီး နှလုံးနောက် အဆုတ်နှင့် ရင်ဘတ်နံရံအကြားပြည်တည်နေသည်ကိုတွေ့ရပြန်၏။ ရင်ဘတ်နံရံနှင့်မာခဲသောအဆုတ်တို့ တွဲကပ်နေမှုမှာ လက်နှင့်ပင်ယူမရ၍ ဓါး၊ ကတ်ကြေးများဖြင့်ခွဲ ဖြတ်ယူခဲ့ရ၍ ဆရာတော်၏ အတွင်းအခြေအနေနှင့် ပြင်ပလှုပ်ရှား စိတ်ဆောင်ထားမှုမှာ အတော်ပင်အံ့သြစရာကောင်းလှကြောင်း ပြောပြ၍ကြားသိခဲ့ရပါ၏။

မေလ(၃)ရက် အင်္ဂါနေ့ကား ဆရာတော်၏ တပည့် ရဟန်း သာမဏေ လူ ပုဂ္ဂိုလ်အပေါင်းတို့အတွက် မကြားရက်သော သတင်းစကားကို နံနက်(၇)နာရီ မြန်မာ့အသံသတင်းမှ ကြေညာလိုက်သောအခါ တိုက်ရိုက်ကြား၊ တစ်ဆင့် ကြားဖြင့် တပည့်အားလုံးတို့မှာ နှလုံးကမရှင် ဘဝင်ကညှိုး ယိုမျက်ရည်ဖြိုင်ဖြိုင် မိုးတွေ့ကလိုင်လိုင် စိုးအုံ့ကာ ရှာသွန်းခဲ့ကြရသည့်နေ့ပင် ဖြစ်ခဲ့ကြရသည် မဟုတ်ပါလော။

ကံ စိတ် ဥတု အာဟာရ အကြောင်းလေးဝဖြင့် ဖြစ်ပေါ်လာကြရသည့် ရုပ် နာမ်ပိုင်ရှင်ဖြစ်က ဒုက္ခမုခ၊ မရဏလမ်းဆုံးသို့ ရောက်ရမည် မလွဲပါပေ။ ဤလမ်းဆုံးကို ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့သော်မှ ရှောင်လွှဲ၍မရပေရာ ကျွန်ုပ်တို့အားလုံး၏ ကျေးဇူးရှင် ထေရ်ဆရာသခင်မှာလည်း ရှောင်လွှဲသွေခွါ အဘယ်မှာရနိုင်ပါတော့အံ့နည်း။ ဤအတွေး ဤအသိတရားဖြင့်ထေရ်ဆရာသခင် နှတ်ထံဝင်၍ ကျန်ရစ်လေသူ ဘဝင်ဆူလှိုက် သောကကို ရင်မှာပိုက်ထားကြရ သည့်တပည့်သားတို့အား "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဟူသော ဗုဒ္ဓ တရားကို တစ်ဆင့်ဟောကြား ဖြေသိမ့်ပေးတော်မူပါ ကျေးဇူးတော်ရှင် ဆရာ သခင်ဘုရား—

**ပစ္ဆိမဝန္ဒနာဂါထာ**

ဗဟုဿုတံ သုတဓရံ၊ သိက္ခာ ကာမဥ္စအာဒရံ။
ပူဇေယျာမ ဂုဏဝရံ၊ ထေရဥ္စ ဂဏနာယကံ။

မယံ၊ လောကုတ်လောကီ နှစ်လီတိုးပွား အကျိုးများစေဖို့ ကိုးစားဂုဏ်အင် ဆရာရှင်၏ ရင်ခွင်ပိုက်တွေး မေတ္တာခေတ်ပေးသည် အေးရိပ်ခိုငြား ဘုရား တပည့်တော်များသည်။

ဗဟုဿုတံ၊ လောကုတ်အကျိုးက ဘယ်လို လောကီအပြစ်က သည်သို့ မချိုစုံလင် ဗဟုသုတအကြားအမြင်လည်းရှိပေထသော။ သုတဓရံ၊ နာနာနယ ဂမ္ဘီရဂ္ဂန္ထ များလှနက်နဲ ဉာဏ်ဝယ်စွဲအောင် အောင်ပွဲကိုလည်း ဆောင်နိုင်ပေထ သော။ ဂုဏဝရံ၊ သီလအာဒိ စရိုသောင်းသောင်း ဂုဏ်အပေါင်းတို့ဖြင့် ညွတ် ပြောင်းစဉ်လတ် အလွန်တရာလည်းမြတ်ပေထသော။ ဂဏနာယကံ၊ စာသင်ပျို ပေါင်းခိုအောင်းပျော်မွေ့ ပထမပြန် စာသင်တိုက်ကြီး၏ အကြီးအမှူး ဦးစီး ပိုင်ရှင် ပဓာန နာယကသခင် ဖြစ်တော်မူပေထသော (ဝါ) ဂဏနာယကံ၊ နိုင်ငံ တော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဂုဏ်ပြောင် ထွန်းလစ် သာသနာသမိုင်းသစ်ကို ရေးခြစ်မော်ကွန်း တေဇာရှိန်း၍ ပြန့်ညွန်းဝေဆာ များသံဃာ၏ ရင်မှာဖြစ်လာ အေးမေတ္တာဖြင့် ရွှေးကာတင်မြှောက် ဦးဆောက်

တံခွန်လွှမ်း သာသနအောင်ပန်းကို ဆောင်ကမ်းသယ်ယူ မဟာနာယက အကျိုးတော်ဆောင် သခင်လည်းဖြစ်တော်မူပေထသော။ ထေရ်၊ သီလအာဒိ၊ ကျမ်းအရှိဖြင့် နိုင်းဘိဂုဏ်အင် စုံလင်ကျော်ကြား ကျောက်သားတန္တု အလေးဂရု ပြုအပ်ရည်မြော် မင်းကျောင်းထေရ် ဆရာတော်ဘုရားကို။ အာဒရုံ၊ လေးမြတ်ကြည်သာ ရှိသေစွာ။ ပူဇေယျာမ၊ ဆရာတော်ဘုရား၏ တန်ခိုးဂုဏ်ကို အမျိုးစုံယူမျှော်၍ ပူဇော်ကန်တော့လိုက်ကြပါကုန်၏ဘုရား (ဝါ) ပူဇေယျာမ၊ ဂုဏ်တော်ပွင့်ပန်း ရာထောင်ဆန်းကို ခွင့်လန်းခါကြုံ သဒ္ဒါဟုန်ဖြင့် ကြည်ရုံညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကော်ရော် ပူဇော်ကန်တော့ လိုက်ကြပါကုန်၏ဘုရား (ပါ)ပူဇေယျာမ၊ နှလုံးကမရှင် ဘဝင်ကည်း ယိုမျက်ရည်ဖြိုင်ဖြိုင် မိုးတွေက တလှိုင်လှိုင်စိုးအံ့ ကာရွာသည်းလျက် ပဋ္ဌနာ ခွန်းဆက်ကာ အပြစ်ရှိသမျှ ကျေပါစေကြောင်းဖြင့် သြော်–ပစ္ဆိမဝန္ဒနာ ပန်ထွာ ရှိခိုးရကြောင်းပါဘုရား။

ပ-မ-သ-စ-(ပြင်ပ) ၇–၁၄-၉-၆၄ (၅၀၀၀)အုပ်–(၂)

## ‘သန့်လျှင်မင်းကျောင်းဆရာတော်၏ဩဝါဒ’

၁။ ခဲယဉ်းလှစွာ သာသနာ သင့်မှာကြုံရပြီ။

၂။ တန်ဖိုးကြီးလှ လူ့ဘဝ လှလှရပေပြီ။

၃။ ရပြီးဘဝ သုံးသပ်က သင်ကဘယ်မှ လာခဲ့သနည်း။

၄။ အနာဂတ်ခရီးမျှော်ပြီးကြည့်ပါ သွားရာခရီးအဘယ်နည်း။

၅။ မိမိကိုယ်မှာ သေအချာ ရေရာလမ်းစဉ် ရှိပြီလား။

၆။ စဉ်းစားသတိ ရှိတုံဘိ သင်၏တွက်တာ ချိန်မနှောင်းပါ။

၇။ ချိန်မနှောင်းမီ မျှာကသိ သင်သည်လုပ်သင့်ပြီ။

၈။ မလုပ်ပြန်က သင့်ဘဝ နောင်တပူဆာကြုံရမည်။